
တက္ကသိုလ်
နေလင်းအောင်
လျုံယုစိမ်း၏
ညီတီချီယီးချွမ်း
အလွှမ်းပစ္စုပ္ပန် အချစ်အနာဂတ်
စာစဉ် (၃)
2008
၆ အုပ်တွဲသိုင်းစာစဉ်
သိုင်းစာစဉ်များPAGE


6
LIGHT-39
09-431185748

စာကြည့်တိုက်
၁၀၉၃၅၆၆
ကျောက်ရိုးလှမ်း ၊ မြို့ဆစ်ရုပ် ၊ ဝင်းကိုင်းကြီး

တက္ကသိုလ်နေလင်းအောင်

# အကျွမ်းပဋ္ဌပြုနှင့်အချစ်အနာဂတ်

စာစဉ် (၃)

LIGHT 39
၁၁၀၀
39 လမ်း ၊ 72 x 73 ကြား

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၂၆၀၅၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၄၅၀၅၀၈

၂၀၀၈ - ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၅၀၀

တန်ဖိုး-၁၀၀၀/-ကျပ်။

ထုတ်ဝေသူ

ဒေါ်မိုးကေ့ခိုင်၊ ချိုတေးသံစာပေ

ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်

ဦးသော်လွင်မြင့် (စန္ဒကူး-ပုံနှိပ်တိုက်)

9(H) နဝရတ်ရိပ်သာလမ်း၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်

ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)

အမှတ် (၁၄၀)၊ ၄၅-လမ်း၊

ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။


LIGHT 39

## အခန်း (၁၆)

### အဖြူနှင့်အမည်း စွမ်းရည်ပြိုင်ပွဲ

သိုင်းသမားကြီးက ရယ်လိုက်သည်။

'ဟား ... ဟား .... ဟား ... ညီလေး ဟိုကျန်၊ နောက်ဆုံး မင်းကိုယ်တိုင် ထွက်လာရတယ် မဟုတ်လား'

'လူယုတ်မာ .... မင်းက ဆရာတစ်ဆူ လုပ်နေပြီး ဒီလောက်တောင် ယုတ်ညံ့သလား'

သိုင်းသမားကြီးသည် စွန်ပိတို့ နှစ်ယောက်ကို ထားခဲ့ပြီး ဟိုကျန်ဘက်သို့ လှည့်လိုက်သည်။

'ဟေ့ ... ပုဂ္ဂိုလ်ထူးကြီး လုပ်နေပြီး ... လူကို မြင်တာနဲ့ ဆဲရသလား၊ မင်းက ... မင်းရဲ့ ပန်းပင်ကလေးတွေကို မြတ်နိုးသလို .. ငါကလည်း ဒီလုံမပျိုကို အမြတ်တနိုး ရှိတယ်ပြောတာပဲ၊ ဒါဟာ .. ယုတ်ညံ့တယ်တဲ့လား'

'မင်းလိုလူမျိုးက ... ကိုယ့်ထက်အားနည်းတဲ့ ကလေးတွေကို အနိုင်ကျင့်တာ မယုတ်ညံ့ဘူးလို့ ထင်သလား'

'ငါ သူတို့ကို အနိုင်မကျင့်ပါဘူး၊ မင်းရဲ့ ရွှေအပ်နဲ့ အဆိပ်ထုတ်တဲ့အစွမ်းကို စမ်းကြည့်တာပါ ...'

လူရမ်းကား သိုင်းဆရာကြီးက ဆက်ပြောသည်။

'ငါ ... လျှို့ဝှက်ပြီး လုပ်ထားတဲ့ အဆိပ်လက်နက်ဟာ ... မိုးအောက်မြေပြင်မှာ ဘယ်သူမှ အဆိပ်မဖြေနိုင်ဘူးလို့ ငါယုံကြည်တယ်၊ ဒါပေမယ့် ... မင်းက အဆိပ်ကို ဖြေပေးနိုင်တယ်၊ ငါ့တပည့်တွေရဲ့ ပစ်အား မပြည့်ဝလို့လား၊ ဒါမှမဟုတ် ... ငါ့အဆိပ်ပဲ ပြင်းအားနည်းနေလို့လား ဆိုတဲ့အကြောင်းကို သိချင်လို့ပဲ၊ ဒါကြောင့် .. သူ့ကို တစ်ချက်ရိုက်ကြည့်မယ်၊ တကယ်လို့ ... သုံးလအတွင်းမှာ သူ့ကို ပျောက်ကင်းအောင် ကုသပေးနိုင်မယ်ဆိုရင် မင်းကို ငါလေးစားမယ်'

'သူတစ်ပါးရဲ့ အသက်ကို ကလေးကစားစရာလို သဘောထားတာဟာ တော်တော့်ကို ယုတ်ညံ့ပြီး မတရားတာပဲ'

'မင်းက ငါ ခံယူထားတဲ့ ဘွဲ့ကို မေ့နေပြီ ထင်တယ်၊ အမှန်က ငါကလည်း မတော်မတရားလုပ်ဖို့ မရည်ရွယ်ပါဘူး၊ မိုးကြိုးက အန္တရာယ်ပေးပေမယ့် မိုးရေကျတော့ အကျိုးပြုတယ်ကွ၊ မင်းဟာ ပုဂ္ဂိုလ်ထူးဖြစ်ပြီး ... ဒီလောက်တောင် နားမလည်ဘူးလား၊ သူ့ကို အဆိပ်လက်နက်နဲ့ စမ်းသပ်တာကို မင်းကုသပေးလို့ ပျောက်ကင်းချမ်းသာရင် မင်းရဲ့ အောင်မြင်မှု မဟုတ်ဘူးလား'



ထိုသူက ... ဆက်ပြောသည်။

'တကယ်လို့ ... ငါ့လက်ချက်နဲ့ သေသွားရင်တော့ ... ငါ့ရဲ့ ပညာစွမ်းကို သက်သေထူလိုက်တာပဲ၊ ငါ့ရဲ့ အဆိပ်လက်နက်နဲ့ စမ်းသပ်မှုဟာ မအောင်မြင်ခဲ့ရင် မင်းအတွက်တော့ အကျိုးရှိသလို အောင်မြင်သွားရင်လည်း ငါ့အတွက် အကျိုးရှိတာပဲ၊ လူတစ်ယောက်ရဲ့ အသက်ဟာ ဘာများ တန်ဖိုးရှိနေလို့လဲ ...'

ထိုသိုင်းသမားကြီး၏ ဘွဲ့အမည်မှာ 'အဆိပ်ဝိဇ္ဇာ ယုကမ်း' ဖြစ်သည်။ မတော်မတရား လုပ်သည့်အထဲတွင် ထိပ်တန်း ဖြစ်သည်။ အယုတ်တကာ့ ထိပ်ခေါင်တင်ဟု ဆိုလျှင် မမှားပေ။

လျှို့ဝှက်အဆိပ်လက်နက်နှင့် အဆိပ်လက်ဝါး ပညာရပ်တွင် သူ့ထက် အစွမ်းထက်သူမရှိဟု သိုင်းလောကသား အများစုက ယုံကြည်ကြ၏။

သို့သော် ... သူသည် သူတစ်ပါးကို လွယ်လွယ်နှင့် လုပ်ကြံလေ့မရှိပေ။

ယခုအကြိမ်မှာ ဟိုကျန်သည် မင်းသား လီအီကို ပျောက်ကင်းအောင် ကုသနိုင်သည်ဟု ကြားရသဖြင့် လိုက်လာ၍ စမ်းသပ်ခြင်းသာ ဖြစ်သည်။

၎င်းသည် အဆိပ်သုံးသည့်နေရာတွင် .... ပထမတန်းပုဂ္ဂိုလ်တစ်ယောက် ဖြစ်သဖြင့် သူ့ကို နိုင်မည့်သူဟူ၍ မရှိစေချင်သောကြောင့် ဖြစ်သည်။

ဟိုကျန်သည် ယုကမ်း၏ မတရားသုံးသပ်ချက်ကို နားထောင်ပြီး အချေအတင် ပြောနေခြင်းဖြင့် အရာရောက်မည် မဟုတ်ကြောင်းကို နားလည်မိသည်။

ယုကမ်း၏ မည်းနက်နေသော လက်ဝါးနှစ်ဘက်ကို မြင်ရလျှင် ဟိုကျန်၏ စိတ်ထဲ၌ ရွံမုန်းမိလေ၏။

အဆိပ်ဝိဇ္ဇာယုကမ်းသည် .... ထူးဆန်းသောအကြည့်ဖြင့် တစ်ချက်လှမ်းကြည့်လိုက်ပြီး ....

'ညီလေး ဟိုကျန် .... မင်းရဲ့ ရွှေအပ်ပါသလား၊ ငါစမ်းသပ်တော့မယ်'

လီအီကို ရိုက်ရန် လက်ဝါးဖြင့် ရွယ်လိုက်သည်။

ထိုအခါ ဟိုကျန်က ....

'နောင်ကြီး ခဏနေပါဦး .... ကျုပ် ပြောပါရစေ'

'မင်းက ကျုပ်ကို ဆန့်ပြောင်းဖို့ တိုက်တွန်းချင်တာလား၊ ဒါတော့ မဖြစ်နိုင်ပါဘူး'

'မဟုတ်ပါဘူး၊ ကျုပ်က ခင်ဗျားရဲ့ အစွမ်းအစကို မြင်ချင်ပါတယ်၊ ဒါပေမယ့် မင်းသားလေး လီအီမှာ ဒဏ်ရာ လုံးလုံးမပျောက်သေးပါဘူး၊ ခင်ဗျား တစ်ချက်တည်း ရိုက်လိုက်တာနဲ့ သူ သေသွားရင် ခင်ဗျားရဲ့ ထက်မြက်တဲ့ အစွမ်းလည်း မပေါ်လွင်ပါဘူး၊ ခင်ဗျားရဲ့ အဆိပ်လက်ဝါးဟာ လောကမှာ အပြင်းထန်ဆုံးပဲလို့ မပြောနိုင်တော့ဘူး'



အဆိပ်ဝိဇ္ဇာ ယုကမ်းသည် တစ်ချက်တွေပြီး စဉ်းစားလိုက်သည်။

'မင်းပြောတာ နည်းလမ်းကျပါတယ်၊ ဒါပေမယ့် လောလောဆယ်မှာ အစွမ်းထက်တဲ့လူကို ရှာလို့ရမှာ မဟုတ်ဘူး'

ဟိုကျန်က ရယ်လိုက်ပြီး ....

'ကျုပ်ကိုယ်ကျုပ် အစွမ်းထက်တယ်လို့ မယူဆပါဘူး၊ ဒါပေမယ့် .... ကျုပ်ရဲ့ အရိုးအိုကြီးဟာ ... ခင်ဗျားရဲ့ လက်ဝါးတစ်ချက်လောက်တော့ အရိုက်ခံနိုင်ပါလိမ့်မယ် .... စမ်းကြည့်ရင် မကောင်းဘူးလား ....'

ထိုအခါ ...

မင်းသား လီအီမှာ တုန်လှုပ်ချောက်ချားသွားသည်။

ထို့နောက် သူသည် ထထိုင်လိုက်ပြီး ...

'ဘဘကြီး ဟိုက ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ ကျွန်တော်ပဲ အစမ်းခံလိုက်ပါ့မယ်၊ ကျွန်တော် ဒဏ်ရာရရင် ကုပေးဖို့ ဘဘကြီးရှိတယ်၊ ဘဘကြီး ဒဏ်ရာရသွားရင် လောကမှာ ရွှေအပ်စိုက်ဆရာကို ဘယ်မှာ သွားရှာလို့ ရမှာလဲ'

အဆိပ်ဝိဇ္ဇာ ယုကမ်းက ....

'မင်းတို့လို လူငယ်တွေဟာ အဆင်အခြင်ကို မရှိဘူး၊ မင်းက သေချင်လို့ အရိုက်ခံပေမယ့် ငါက မစမ်းသပ်ချင်တော့ဘူး'

ပြောပြီးသည်နှင့် ဟိုကျန်ဘက်သို့ လှည့်လိုက်၏။

'ဟုတ်တယ် ... မင်းကို ငါ စမ်းသပ်သင့်တယ်၊ မင်းရဲ့ ကာယ စွမ်းရည်ဟာ ပထမတန်းစား မဟုတ်ပေမယ့် ... နာမည်ရပုဂ္ဂိုလ် ဖြစ်တယ်၊ ဆေးဝါးကုသတဲ့ ပညာမှာတော့ ပထမတန်းပဲ၊ မင်းကို စမ်းသပ်ရတာထက် ကောင်းတာ မရှိတော့ဘူး'

'တကယ်လို့ ... ခင်ဗျားရဲ့ လက်ဝါးဒဏ်ကို ကျုပ် ခံနိုင်ရင် ခင်ဗျားက ဘယ်လိုပြန်ပေးဆပ်မလဲ ....'

'ဘယ်လိုလုပ်ချင်တယ် ဆိုတာကို ပြောလေ ....'

'တကယ်လို့ ... ကျုပ်သာ ခင်ဗျားရဲ့ အဆိပ်လက်ဝါးကို ခံနိုင်ခဲ့ရင် ဒီအဆိပ်ပညာကို ထိန်းသိမ်းပြီး .... နောက်ထပ် ဘယ်သူ့ကိုမှ ဒုက္ခမပေးရဘူး ... ဘယ့်နှယ်လဲ'

ယုကမ်းက ခေါင်းကို ခါယမ်းလိုက်ပြီး ...

'ဟား ... ဟား .... ဟား ... ငါက ဒီလောက်တော့ မအ,သေးပါဘူး၊ ဒီလို ကတိပေးပြီး မင်းရဲ့ ချုပ်ချယ်တာကိုတော့ တစ်သက်လုံး မခံနိုင်ဘူးကွ၊ ဒီလိုလုပ်မယ် ..... မင်းက တကယ်လို့ ငါ့လက်ဝါး အရိုက်ကို ခံနိုင်ရည်ရှိရင် ...ငါ့ပညာစွမ်း မထက်မြက်သေးလို့ ဖြစ်မယ်၊ ဒါကြောင့် ငါက နောက်ထပ် ဆယ်နှစ်လေ့ကျင့်မယ်၊ လေ့ကျင့်ပြီး အောင်မြင်တဲ့အခါ မင်းကိုရှာပြီး ထပ်စမ်းသပ်ရမှာပဲ'

'ခင်ဗျား ... လေ့ကျင့်လို့ မအောင်မြင်ဘူး ဆိုရင်ကော'

'ဒါဆိုရင်တော့ .... ဘယ်သူက အရှက်ကွဲခံပြီး ... ဒီအဆိပ်ကို သုံးတော့မှာလဲ'



ဟိုကျန်သည် စဉ်းစားလိုက်၏။ ယုကမ်းအား အဆိပ်ကို တစ်သက်လုံး မသုံးရန် တားမြစ်၍ မရနိုင်သော်လည်း ... ဆယ်နှစ်လောက်တော့ ဟန့်တားနိုင်မည်။

ထို့အပြင် ... လောလောဆယ်တွင် မင်းသား လီအီ၏ အသက်ကိုလည်း ကာကွယ်နိုင်မည်ဟု တွေးမိလေ၏။

ဟိုကျန်က အသက်ကို ဝရှူသွင်းလိုက်ရင်း အတွင်းအားကို စုစည်း၍ ရင်ကော့ကာ ...

'ကောင်းပြီ ... ဒီလိုဆိုရင် ခင်ဗျား စမ်းနိုင်ပြီ'

အဆိပ်ဝိဇ္ဇာ ယုကမ်း၏ မည်းနက်နေသော လက်ဖဝါးတို့မှာ တဖြည်းဖြည်း အပူငွေ့တက်လာသည်။ ထို့နောက် .... ဝှီးခနဲ ဟိုကျန်၏ ရင်ဘတ်ကို ရိုက်ချလိုက်လေ၏။

'ဘုန်း ....'

အသံတစ်ချက် မြည်သွားသည်။ သားရေပြားကြီးကို ရိုက်ထုသကဲ့သို့ ဖြစ်သွားသည်။ ဟိုကျန်မှာ နောက်သို့ ခြေလှမ်းသုံးလှမ်းခန့် ဆုတ်သွားရသည်။ အဆိပ်ဝိဇ္ဇာ ယုကမ်းမှာလည်း ပြန်တွန်းကန်သည့်အားကြောင့် ယိမ်းယိုင်သွားသည်။

ထိုအချိန်၌ မင်းသား လီအီနှင့် စွန်ပိတို့မှာ ချွေးစေးများ ပြန်လာပြီး အသက်မရှူနိုင်လောက် အောင် ဖြစ်သွားကြသည်။

သို့သော် အဆိပ်ဝိဇ္ဇာ ယုကမ်းနှင့် ဟိုကျန်တို့မှာ မျက်နှာချင်းဆိုင် ရပ်နေကြသည်ကို တွေ့ရသည်။

တစ်ယောက်နှင့်တစ်ယောက် အကဲခပ်နေကြသည်။ အတော်ကလေး ကြာသွားသောအခါမှ အဆိပ်ဝိဇ္ဇာ ယုကမ်းက ...

'ညီလေး ဟိုကျန် ... နေကောင်းတယ်နော် ...'

'ဂရုတစိုက်မေးတာ ... ကျေးဇူးတင်ပါတယ်၊ အဘိုးကြီးရဲ့ အရိုးအဆစ်တွေ ကံကောင်းထောက်မလို့ ဘေးကင်းပါတယ်၊ ခင်ဗျား ရော နေကောင်းရဲ့လား'

ဟိုကျန်၏ မျက်နှာမှာ မူမှန်အတိုင်း ရှိနေသည်ကို မြင်ရပြီး သူ၏ လေသံတို့မှာလည်း ပြည့်ပြည့်ဝဝ ရှိနေခြင်းကို တွေ့ရတော့မှ မင်းသားလီအီမှာ စိတ်သက်သာရာ ရသွားသည်။

အဆိပ်ဝိဇ္ဇာ ယုကမ်းမှာ ထိတ်လန့်ပြီး အံ့အားသင့်သွား၏။

သူသည် ဟိုကျန်၏ ပြန်ကန်အားကို ထောက်ပြီး သူ၏ အတွင်းအားကို သိလိုက်ရသည်။

သူမျှော်လင့်ထားသည်ထက် စွမ်းအားပိုနေသည်ကို တွေ့ရ၏။ သို့သော် .... ယုကမ်းမှာ သဘောမပေါက်နိုင်ဘဲ ဖြစ်နေသည်။ သူ၏ လက်ဖဝါးမှာ ကျောက်တုံးကြီးများကိုပင် ကွဲအက်စေနိုင်သည့်အပြင် သက်ရှိလူဆိုလျှင်လည်း ... သူ၏လက်ဖဝါးရှိ အဆိပ်တို့မှာ အသည်းနှလုံးအထိ ပေါက်ရောက်သွားနိုင်သည်။

ဟိုကျန်၏ အတွင်းအား မည်မျှကောင်းကောင်း၊ အဆိပ်တက်သည့် လက္ခဏာ အနည်းနှင့်အများ ပေါ်သင့်သည်။

သို့သော် ....



ရေနွေးတစ်အိုးဆူလောက်သည့် အချိန်ကြာသည့်တိုင်အောင် ဟိုကျန်မှာ ... ဘာမျှမဖြစ်ဘဲ ရှိနေသည်။

ဟိုကျန်၏ စိတ်တွင်း၌လည်း ... ယုကမ်းကဲ့သို့ပင် ထိတ်လန့်အံ့သြ၍ အတွင်းအားယူပြီး ကိုယ်ခန္ဓာအတွင်းမှ အဆိပ်တို့ကို စုသိမ်းနေသည်။

အဆိပ်ဝိဇ္ဇာ ယုကမ်းမှာ ဟိုကျန်ကို အကဲခပ်ပြီး ခဏမျှ ကြည့်နေသည်။ ထို့နောက် ကောက်ကာ ငင်ကာနှင့် ...

'ဟား ... ဟား ... ဟား ... ညီတော်ဟို တကယ်ပဲ အစွမ်းထက်တာပဲ၊ ဒါပေမယ့် ... မောင်ရင့်ကို ငါ အရှုံးမပေးသေးဘူး'

'ခင်ဗျားရဲ့ လက်ဝါးရိုက်ချက်ကို ကျုပ် ခံယူပြီးပြီလေ ...'

'မင်းမှာ ဘာဒဏ်ရာမှ မရဘူးဆိုတာ ငါ မယုံကြည်သေးဘူး။ မင်းက ခဏအောင့်ထားပြီး ... ငါ့ကို လိမ်လွှတ်မလို့ မဟုတ်လား၊ ငါ မသွားသေးဘူး၊ မင်း ဘယ်လိုဖြစ်ဦးမယ်ဆိုတာကို ခဏ စောင့်ကြည့်လိုက်ဦးမယ်'

စွန်ပိမှာ ကြိတ်ပြီး စိတ်ပူနေသည်။ စိတ်ထဲမှ ...

'ဒီလူယုတ်မာဟာ ဒီမှာ ကြာကြာနေရင် ... ပိုပြီး ဒုက္ခပေးလိမ့်မယ် ....'

ဟိုကျန်သည် မျက်လုံးပြူးပြီး ... တစ်ချက် ကြည့်လိုက်သည်။

'ခင်ဗျားကို စည့်ခံနေဖို့ ကျုပ်မှာ အချိန်မရှိဘူး၊ ဘယ်လိုလုပ်ပြမှ ယုံကြည်မှာလဲ'

'ငါတို့ ကျေကျေနပ်နပ်နဲ့ ကာယစွမ်းအားချင်း တစ်ခါထပ်ပြိုင်ကြရအောင်၊ တကယ်လို့ ... ငါ့ရဲ့ သိုင်းကွက်ကို ခံနိုင်ရင် .. ငါချက်ချင်း အရှုံးပေးပြီး ထွက်သွားမယ်'

ဟိုကျန်က ပြုံးကာ ...

'သိုင်းကွက်နင်းပြီး အစွမ်းပြိုင်တာ ကြည့်မကောင်းပါဘူး၊ ကျုပ်တို့ အစွမ်းပြိုင်ကြမယ်ဆိုရင် ဒီလို သာမန်နည်းကို သုံးဖို့လည်း မသင့်ပါဘူး'

'မင်းမှာ ဘယ်လိုနည်းကောင်းရှိသလဲ၊ ကောင်းပြီ ... စောစောက ငါပြောတာကို မင်း လိုက်နာခဲ့တယ်၊ အသွားရှိရင် အလာရှိရမယ် ဆိုတဲ့ စကားအရ မင်း ကြိုက်သလိုစီစဉ်၊ ငါလိုက်နာမယ်'

ဟိုကျန်သည် ကြိုးတစ်ချောင်းကို ယူလိုက်သည်။ ကြိုးအစတစ်ဘက်ကို လှမ်းပြီး ပစ်ပေးလိုက်သည်။

'ဖမ်းလိုက် ... '

အဆိပ်ဝိဇ္ဇာ ယုကမ်းသည် ကြိုးစကို ဖမ်းယူလိုက်ပြီး ...

'ဘယ်လိုပြိုင်ကြမှာလဲ ....'

'ခင်ဗျားက ကျုပ် အတွင်းဒဏ်ရာ ရတာကို မယုံဘူးဆိုတော့ ဒီကြိုးစတစ်ဘက်ကနေပြီးတော့ .... ကျုပ်ရဲ့ သွေးလှည့်မှုကို နားထောင်ပေါ့၊ ခင်ဗျားက အဆိပ်လွှတ်တဲ့ အတတ်ကို ကျွမ်းကျင်တော့ သွေးလှည့်မှုကို နားထောင်နိုင်တဲ့ အတတ်ကိုလည်း ကျွမ်းကျင်မှာပေါ့ ... မဟုတ်ဘူးလား'



'ကောင်းတယ် .... ဒီကြိုးကနေ သွေးလှည့်လည်တာကို နားထောင်ရတာ မကောင်းသေးဘူး၊ အတွင်းအားချင်းလည်း ယှဉ်ပြိုင်နိုင်သေးတယ်၊ မင်းရဲ့ ပြိုင်နည်းကို လက်ခံတယ်'

ဟိုကျန်နှင့် အဆိပ်ဝိဇ္ဇာ ယုကမ်းတို့သည် တင်ပလ္လင်ခွေပြီး ထိုင်လိုက်ကြသည်။ ကြိုးအစကို တစ်ဘက်စီ ကိုင်ထားသည်။ ဟိုကျန်က နံရံကို ကျောပေးပြီး ကြိုးစကို တင်းတင်းဆွဲထားသည်။

မျက်စိမှာ နာဖျားကိုသာ ကြည့်ပြီး အာရုံပြုနေသည်။ မတုန်မလှုပ်နှင့် နာရီဝက်ခန့် ကြာသွားလေ၏။

ဗွန်ဝီမှာ ဤအစွမ်းပြိုင်ပွဲ၏ သဘောတရားကို မသိသောကြောင့် ... အထူး အဆန်း ဖြစ်နေသည်။

မင်းသား လီအီကို လှမ်းကြည့်လိုက်ရာ ... မျက်ခုံးတွန့်ပြီး စိတ်ပူနေသည်ကို တွေ့ရသည်။

ကြိုးသည် တင်းနေရာမှ တဖြည်းဖြည်း လျှော့လာ၏။ အိမ်ခန်းထဲတွင် လေငြိမ်နေသော်လည်း ဟိုကျန်၏ နှုတ်ခမ်းမွေးတို့ လှုပ်ရှားလာသောကြောင့် ဟိုကျန် အရေးနိမ့်နေကြောင်းကို အကဲခပ်ရသည်။ သို့သော် ... ခဏကြာသွားသောအခါ အဆိပ်ဝိဇ္ဇာ ယုကမ်း၏ အကျီတို့မှာ လှုပ်လာသောကြောင့် ... လက်ရည်ချင်း တူညီလာသည်ကို သိလိုက်ရ၏။

ထိုအချိန်သည် အရေးကြီးဆုံး အချိန် ဖြစ်၏။ နှစ်ယောက်စလုံး ကြိုးမှနေ၍ အတွင်းအား ပြိုင်နေကြသည်။

အဆိပ်ဝိဇ္ဇာ ယုကမ်းက ဟိုကျုံ၏ သွေးတိုးနှုန်း ကျဆင်းလာသည်ကို သိရသဖြင့် ဝမ်းသာနေသည်။ ထို့နောက် ... ဟိုကျုံ၏ သွေးတိုးချက်မှာ ချက်ချင်းပင် လုံးဝ ရပ်ဆိုင်းသွားသည်ဟု သိလိုက်ရသည်။

ယင်းအချိန်တွင် ... ဟိုကျုံမှာ အသက်ရှူရပ်ပြီး သေနိုင်သည့် အနေအထားတွင် ရှိသည်ဟု ယုကမ်း သိလိုက်ရသည်။ ယုကမ်းသည် သူ နိုင်တော့မည်ဟု ဝမ်းသာသွားသည်။

သို့သော် ... ယုကမ်း၏ ဝမ်းသာမှုမှာ ရပ်တန့်သွားရသည်။ အကြောင်းမှာ ဟိုကျုံ၏ အတွင်းအားမှာ အဆက်မပြတ် ကြိုးမှ ဆက်တိုက် လာနေဆဲပင် ဖြစ်သောကြောင့်တည်း။

အဆိပ်ဝိဇ္ဇာ ယုကမ်းသည် ဟိုကျုံ၏ အတွင်းအား အတိမ်အနက်ကို မခန့်မှန်းနိုင်သောကြောင့် ... တစ်ချက်ထိတ်လန့်သွား၏။ ထိုအခါ ... တစ်ဘက်မှလာသော အတွင်းအားကို မထိန်းနိုင်တော့ဘဲ ဖြစ်သွားသည်။ တစ်ဖဏအတွင်းမှာပင် ဟိုကျုံက အသာစီး ရသွားလေတော့သည်။

အဆိပ်ဝိဇ္ဇာ ယုကမ်းသည် ကောက်ကာ ငင်ကာနှင့် ...

'လေးစားပါပြီ၊ လေးစားပါပြီ ... ငါ့ရဲ့ အဆိပ်လက်ဝါးရိုက်ချက်ဒဏ်ကို ခံပြီး ငါနဲ့ အတွင်းအား ယှဉ်ပြိုင်နိုင်တဲ့အတွက် အရှုံးပေးပါပြီ'

အဆိပ်ဝိဇ္ဇာ ယုကမ်းသည် ပြောပြောဆိုဆိုနဲ့ ကြိုးစကို လွှတ်လိုက်ပြီး အိမ်ထဲမှ ချက်ချင်းထွက်သွားတော့သည်။



သူ ပျောက်ကွယ်သွားသည်အထိ ... ဟိုကျုံမှာ မတုန်မလှုပ်နှင့် ... တင်ပလ္လင်ခွေပြီး မြေကြီးပေါ်တွင် ထိုင်နေဆဲပင် ဖြစ်သည်။

မင်းသား လီအိသည် ဟိုကျုံမှာ သူ၏ သွေးလေ လည်ပတ်နှုန်း မှန်အောင် လုပ်နေခြင်းကို သိသည်။ သူ့ကို အာရုံမပျက်စေလိုသဖြင့် ... ဆိတ်ဆိတ်နေလိုက်သည်။

စွန်ပိက လေသံဖြင့် ...

'အစ်ကို .. ညီစို့စို့ အနံ့ရသလိုပဲ ... ဟုတ်လား'

လီအိကလည်း လေသံဖြင့် ....

'ဟုတ်တယ် ... လူယုတ်မာ ယုကမ်း .... အိမ်ထဲမှာ ဘာအဆိပ်တွေ ထားခဲ့ပြန်ပြီလဲ မသိဘူး'

အိမ်ခန်းအပြင်ဘက်မှ ခြေသံများကို ကြားရပြန်သောကြောင့် မင်းသား လီအိနှင့် စွန်ပိမှာ ခဲမှန်ထားသည့် စာသူငယ်ကဲ့သို့ ချက်ချင်း မားဆွဲပြီး အကာအကွယ် ယူလိုက်သည်။ ဟိုကျုံ၏ တပည့်နှစ်ယောက် ဝင်လာခြင်းပင် ဖြစ်သည်။ တစ်ယောက်က အမွှေးတိုင်ထွန်းသော ခွက်ကို ယူလာသည်။ တစ်ယောက်က ပုလင်းသန့်တစ်လုံးကို ယူလာသည်။ အမွှေးတိုင်ခွက်မှ အလွန်မွှေးကြိုင်သော ရနံ့များ ထွက်လာသည်။

ခဏကြာသောအခါ ... ဟိုကျုံ၏ မျက်လုံးများ ပွင့်လာသည်။ လီအိ တွေးလိုက်သည်။

'အင်း ... အတော် အန္တရာယ်ကြီးတာပဲ'

ဟိုကျန်သည် သူ့တပည့်ထံမှ ရွှေအပ်တစ်ချောင်းကို ယူလိုက်သည်။ ဘယ်ဘက် လက်ခလယ်ထိပ်ကို ဖောက်ပြီး သွေးများကို ညှစ်ထုတ်လိုက်သည်။ ပုလင်းတစ်လုံး အပြည့်ရသည်။ ထို့နောက် ... တပည့်တစ်ယောက်အား ပညာစွမ်းပြိုင်ပွဲပြုလုပ်စဉ် သူ မှီခဲ့သည့် နံရံပေါ်မှ မည်းနက်သွားသော အုတ်ခဲသုံးချပ်ကို သတိထား၍ ခွာချစေသည်။

ထို့နောက် ....

'ဟောဒီအုတ်ခဲတွေနဲ့ သွေးပုလင်းကို .... တောင်ရဲ့ အနောက်ဘက်မှာ တွင်းနက်နက်တူးပြီး မြှုပ်ပစ်လိုက် ...'

မင်းသား လီအီသည် အတော်ထိတ်လန့်သွားပြီး ...

'ဘဘဟို ... အဲဒီလူရဲ့ အဆိပ်ဟာ ဒီလောက်ပဲ အစွမ်းထက်သလား'

'ဟုတ်တယ်၊ တကယ်လို့သာ ငါ ကြိုတင်ကာကွယ်မထားရင် သူ့လက်ချက်နဲ့ အသက်ဆုံးရှုံးရမှာ အသေအချာပဲ ...'

'ဘဘက သူနဲ့ အတွင်းအားပြိုင်တာ နိုင်တယ် မဟုတ်လား'

'နိုင်တာ မဟုတ်ဘူး၊ သူ့ကို ငါ ချောက်လှန့်လွှတ်လိုက်တာ'

'ဘဘက သူ့လက်ဝါးတစ်ချက် အရိုက်ခံပြီးမှ အတွင်းအားပြိုင်တာ မဟုတ်လား။ သူက ဘဘကိုမှ မနိုင်ဘဲ ... ဘဘက နိုင်တယ်လို့ ယူဆရမှာပေါ့'

လီအီ နားမရှင်းသေးပေ။ ဟိုကျန်က ပြုံးလိုက်ရင်း ...



'အင်း ... သူ့ကို နိုင်တယ်ပဲထားဦး .. ပွတ်ကာသီကာကလေးပဲ နိုင်တာ ဖြစ်မယ်ကွယ့်'

မင်းသား လီအီက ရှင်းပြရန် တောင်းပန်သဖြင့် ဟိုကျန်က ရှင်းပြသည်။

'ငါ့တပည့်တစ်ယောက်က သူလာတယ်လို့ ပြောတဲ့အချိန်မှာ အဆိပ်ဖြေဆေး ပုလင်းတစ်ဝက်ကို သောက်ထားတယ်၊ နောက်ပြီးတော့ ... ရွှေချည်မျှင်နဲ့ ယက်လုပ်ထားတဲ့ အင်္ကျီကို ဝတ်ပြီးမှ ထွက်လာပြီး သူနဲ့ အစွမ်းပြိုင်ပွဲ လုပ်တာပဲ၊ ဒါပေမယ့် တကယ်ယှဉ်ပြိုင်တဲ့အခါ ... သူ့ရဲ့ လက်ဖဝါးအဆိပ်ဟာ ငါထင်တာထက် ပိုပြီး ပြင်းထန်နေတယ်၊ လက်ဝါးအရိုက်ခံပြီးတဲ့နောက်ပိုင်း ... ငါ့ကိုယ်အတွင်းက အဆိပ်တွေကို ထိန်းမရအောင် ဖြစ်နေတဲ့အထဲ .... သူက ကာယစွမ်းအား ထပ်ပြိုင်လိုက်သေးတယ်၊ ငါက ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်တဲ့နည်းနဲ့ အတွင်းအားကို ယှဉ်ပြိုင်လိုက်တယ်၊ ငါ့ရဲ့ ပညာစွမ်းဟာ မပြည့်ဝသေးဘူး၊ တကယ်လို့ .... သိုင်းကွက်နင်းပြီး ယှဉ်ပြိုင်ကြရင် ... သူ့သိုင်းကွက်တစ်ရာပြည့်အောင် ခံနိုင်မှာ မဟုတ်ဘူး'

ဟိုကျန်က ခဏရပ်နားလိုက်သည်။ ပြီးမှ ...

'ဒါပေမယ့် ယှဉ်ပြိုင်နေရင်း ပွဲပြီးခါနီးမှာ ငါက နည်းနည်းလေး သာလာတယ်၊ ငါက ကြိုးကို အထောက်အကူယူပြီး ငါ့ကိုယ်တွင်းက အဆိပ်တွေကို ... ထုတ်ပစ်လိုက်တယ်၊ နံရံပေါ်က အမည်းကွက်ဟာ ဒါ့ကြောင့် ပေါ်လာတာ၊ ဒါပေမယ့် အဆိပ်တွေကို ထုတ်လို့ မကုန်နိုင်

သေးဘူး၊ သူ ထွက်သွားပြီးတဲ့နောက်ပိုင်း ... သွေးလည်ပတ်နှုန်းမှန်အောင်လုပ်ပြီး လက်လေယ်ထိပ်မှာ အဆိပ်စုအောင် လုပ်ယူရသေးတယ်၊ လက်ထိပ်ဖောက်ပြီး သွေးကို ညှစ်ထုတ်ပစ်မှ အဆိပ်ကုန်သွားတယ်'

စွန်ပီသည် မျက်စိကလေး အကြောင်သားနှင့် နားထောင်နေသည်။ ဟိုကျုန်က ပြုံးကာ ...

'ဒါတွင် ဘယ်ကဦးမလဲ ... ဒီတစ်ချို ယှဉ်ပြိုင်လိုက်တာကြောင့် ငါ့ရဲ့ အတွင်းအားကတော့ ပျက်စီးသွားတယ်၊ နောက်ပိုင်း ထိပ်ပြောင်ဖြစ်ပြီး ကျန်ခဲ့တယ်၊ ဒီမှာ ကြည့် ...'

ဟိုကျုန်သည် ဦးထုပ်ကို မ,တင်လိုက်သည်။ သူ့ဦးခေါင်းကို ခါချလိုက်သောအခါ ... ဆံပင်များမှာ အမှုန့်ဖြစ်နေပြီး အောက်သို့ ကျလာကြသည်။ မင်းသား လီအီသည် ၎င်းအတွက်နှင့် ဆရာကြီး ဟိုကျုန် အနစ်နာခံရသည့်အကြောင်း သိရှိသွားသည်။

'ဆရာကြီး ... တူတော်မောင်အတွက် ဒီလောက်အနစ်နာခံပြီး အသက်ကို ကယ်တင်တဲ့ ကျေးဇူးကို သေတဲ့အထိ မမေ့ပါဘူး ခင်ဗျာ'

ဟိုကျုန်က ကျေနပ်သောမျက်နှာဖြင့် ပြုံးလျက် ...

'ဒါတွေကို ပြောနေဖို့ မလိုပါဘူး၊ ငါ အခု ကိုးနှစ်၊ ဆယ်နှစ်အတွင်းမှာ ကြိုးစားပြီး လေ့ကျင့်လာတာဟာ မကောင်းသူပယ်၊ ကောင်းသူကယ်ချင်လို့ပဲ၊ အခုလည်း ... ငါပြင်ဆင်ထားလို့ အနိုင်ရလိုက်တာပဲ ...'



ဟိုကျုန်သည် မင်းသား လီအီ စိတ်မကောင်းသည်ကို မြင်ရသောအခါ ... ကိစ္စတစ်ခုကို မပြောတော့ဘဲ ထိန်ချန်ထားလိုက်လေတော့သည်။ ယုကမ်း၏ လက်ဝါးရိုက်ချက်ကြောင့် သူဝတ်ထားသောရှားပါးသည့် ရွှေချည်မျှင်အင်္ကျီမှာ စုတ်ပြဲသွားခဲ့သည့်အကြောင်းပင်။

စွန်ပီက ....

'လောကမှာ ဒီလောက် ကြောက်စရာကောင်းတဲ့လူ ရှိတာကို ကျွန်မဖြင့် အိပ်မက်တောင် မမက်မိဘူး'

'သိုင်းလောကမှာ သူ့ထက်သူ အစွမ်းထက်တယ်လို့ ဆိုရိုးစကား ရှိတယ်မဟုတ်လား၊ ဒီစကားဟာ တစ်လုံးမှ မှားယွင်းတာမရှိဘူး၊ အဆိပ်ဝိဇ္ဇာယုကမ်းရဲ့ အဆိပ်လက်ဝါးဟာ ... သူ့အပြင်နှစ်ယောက် မရှိဘူး'

'တော်တန်ရုံ လူတွေတော့ .. ကျွန်မ မကြောက်ပါဘူး၊ ကျွန်မအကြောက်ဆုံးကတော့ ယုကမ်းနဲ့ သူ့ တပည့်နှစ်ယောက်ပဲ၊ အထူးပြောရမယ်ဆိုရင် ... ကွမ်ရင်ဆိုတဲ့ ကောင်မကို ပိုကြောက်တယ်၊ သူက ခုခံကာကွယ်လို့မရနိုင်တဲ့ သည်းဖောက်ဒေါ် အပ်တွေကို ရယ်ရယ်မောမောနဲ့ ပစ်လွှတ်နိုင်တယ် ...

'ကျွန်မ ဖေဖေနဲ့ ကိုယ်တော်ကလေး လီအီ သူတို့ လက်ချက်နဲ့သေရတော့မလို ဖြစ်သွားသေးတယ်၊ တခြားရန်သူတွေက သိုင်းပညာစွမ်းအား ထက်မြက်တယ်ဆိုပေမယ့် .... တရားလမ်းကြောင်းနဲ့ပြောရင် ရသေးတယ်၊ ဒီနှစ်ကောင်ကို ဘယ်လိုမှ ပြောလို့ မရဘူး၊

အချိန်မရွေး လူတွေကို ဒုက္ခပေးနိုင်တယ်'

'မှန်တယ် ... မင်းတို့ဟာ ယုကမ်းရဲ့ တပည့်တွေနဲ့ ရန်ငြိုးဖွဲ့ ထားတယ်၊ သူတို့ကလည်း မင်းတို့ကို ကောင်းကောင်း မှတ်မိတယ် ယုကမ်းကတော့ ... သိုင်းလောကထဲကို တော်တော်နဲ့ ပြန်ဝင်လာမှာ မဟုတ်တော့ဘူး၊ သူ့တပည့်နှစ်ယောက်ကတော့ ဆက်ပြီး လေလွင့် သောင်းကျန်းနေဦးမှာပဲ .... မင်းတို့က သိုင်းလောကမှာ ကျင်လည် နေကြမယ်လူတွေဆိုတော့ အဲဒီနှစ်ယောက်ကို သတိထားပြီး ကာ ကွယ်ရလိမ့်မယ်'

စွန်ပီက ....

'ဘယ်လိုလုပ်ပြီး ကာကွယ်ရမယ်ဆိုတာ မသိတော့ပါဘူး ဆရာကြီးရယ် ....'

'ဒီလိုလုပ်ကြ ... မင်းတို့သွားခါနီးမှာ ငါက ရုပ်ပြောင်းရုပ်လွှဲ လုပ်တဲ့နည်းကို သင်ပေးလိုက်မယ်၊ ဒီတော့ ... မင်းတို့ အလိုရှိတဲ့ရုပ် ကို ပြောင်းလဲနိုင်တယ်'

စွန်ပီ၏ မျက်နှာမှာ ဝင်းထိန်သွားပြီး ...

'ကောင်းတယ်၊ ကောင်းတယ် ... ကျွန်မကတော့ ချက်ချင်းပဲ လိုချင်တယ်၊ အခု လေးငါးရက်အတွင်းက ... ကျွန်မ ယောကျ်ားလေး လို ဝတ်ပြီး လက်ဖက်ရည်ဆိုင် ဝင်ပြီး သတင်းနားထောင်ရတယ် ကျွန်မ ယောကျ်ားကလေးလို ဟန်ဆောင်တာ မပိရိလို့ ထင်တယ် လက်ဖက်ရည်ဆိုင်က လူတွေက ဝိုင်းကြည့်နေကြတယ်'



'ဒီလိုဆိုရင် ... မကြာခင် ငါ့တပည့်တွေကို အယူခိုင်းလိုက် မယ်၊ အသုံးပြုနည်းကိုပါ သင်ပေးလိုက်မယ်'

စွန်ပီမှာ အားရဝမ်းသာဖြင့် ရှိခိုးဦးတင် ကန်တော့လိုက်ရာ သည်။

ထို့နောက် ... ဟိုကျန်က ထသွားတော့မည့်အချိန်တွင် မင်း သား လီအိ၏ သွေးခုန်နှုန်းကို စမ်းလိုက်သည်။

'နောက်တစ်ရက်လောက် အနားယူပြီးရင် လုံးဝပျောက်ကင်း ပါပြီ၊ အင်း .... ငါ ရက်တွက်ကြည့်လိုက်ဦးမယ်၊ ရှင်အုံးလည်း ညည်း အဖေကို သွားခေါ်တာ မနက်ဖြန်ဆို ရောက်လာလိမ့်မယ်'

ဟိုကျန် ထွက်ခွာသွားပြီးနောက် .... စွန်ပီက တစ်ချက်ပြုံး လိုက်သည်။

'ကျွန်မ ဖေဖေရဲ့ အကြီးမားဆုံး မျှော်လင့်ချက်ဟာ ထန်မင်း များ ပြန်လည်ကြီးစိုးဖို့ပဲ၊ နက်ဖြန်မနက် သူ ရောက်လာလို့ ကိုယ် တော်ကလေးကို မြင်ရင် သိပ်ဝမ်းသာမှာပဲ'

'ထန်မင်းများ ပြန်လည်ကြီးစိုးဖို့ တာဝန်ကို အစ်ကို မထမ်း ဆောင်နိုင်မှာ စိုးရိမ်မိတယ်'

'ဝမ်းအေရဲ့ သတင်းကို ကြားလိုက်တာနဲ့ စိတ်ထိခိုက်သွားပြီ လား၊ ကိုယ်တော်လေးက အဲ့ဒီလောက် စိတ်မပျော့သင့်ပါဘူး ....'

မင်းသား လီအိ၏ စိတ်ထဲတွင် အလွန်ရှုပ်ထွေးနေခြင်းကြောင့် စကားမပြောနိုင်ဘဲ ရှိသည်။ စွန်ပီက တိုးတိုးကလေး ပြောလေ၏။

'ကျွန်မကို ခွင့်လွှတ်ပါ ... ကိုယ်တော်လေးရှေ့မှာ ဝမ်းအေ အကြောင်းကို မပြောသင့်ပါဘူး'

မင်းသား လီအီမှာလည်း အသည်းနှလုံးများ တုန်လှုပ်လာသည်။ ထိုစဉ် ... ဟိုကျန်၏ တပည့်တစ်ယောက်က ရုပ်ပြောင်းရုပ်လွှဲဆေး ယူလာတော့မှ မင်းသား လီအီ၏ အကြပ်အတည်းမှာ ပြေလည်သွားသည်။

ဟိုကျန်သည် သူ့တပည့်မှတစ်ဆင့် ရုပ်ပြောင်းရုပ်လွှဲဆေး အသုံးပြုနည်းကို သင်ပေးလိုက်သည်။ စွန်ပီမှာ တအံ့တသြ ဖြစ်နေ၏။ စိတ်အားထက်သန်စွာဖြင့် ဟိုမေးဒီမေး မေးနေသည်။ မင်းသား လီအီသည် ဘေးနားတွင်ထိုင်ကာ တစ်စုံတစ်ရာကို စဉ်းစားနေသည်။ စကားပင် မပြောဘဲနေ၏။ ဟိုကျန်၏တပည့် ထွက်သွားသောအခါ မင်းသား လီအီ စဉ်းစားတွေဝေနေကို မြင်ရသည့်အတွက် စွန်ပီမှာလည်း နှုတ်ဆက်ပြီး ထွက်သွားတော့သည်။ ကံခါးဝအနီးသို့ ရောက်သောအခါ လှည့်ပြီး ပြုံးလိုက်သည်။

'ကိုယ်တော်လေး .... အကျီအသစ်လဲဖို့ ကောင်းပြီနော် ...'

ထိုအခါ မင်းသား လီအီသည် အဆိပ်ဝိဇ္ဇာ ယုကမ်းက အကျီ ဆုတ်ဖြဲသွားသည့်အကြောင်း၊ စွန်ပီက သူ့ကိုယ်ကို ဖက်ထားပြီး ကယ်ထားသည့်အကြောင်းတို့ကို စဉ်းစားမိပြီးလျှင် မျက်နှာတစ်ချက် နီမြန်းသွားလေသည်။

ထို့နောက် ...



အသံတိုးတိုးကလေးနှင့်ပင် ...

'ခုလို ဂရုစိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ် ညီမလေးရယ်'

စွန်ပီသည် တစ်စုံတစ်ရာကို စဉ်းစားမိသည်နှင့် ပြန်လာပြီး ရုပ်ပြောင်းရုပ်လွှဲ ဆေးတစ်ဘူးကို ပေးလိုက်သည်။

'အစ်ကို ... ဆေးဘူးတစ်ဘူး ယူထား၊ နောက်တစ်ရက်နှစ်ရက် ကြာရင် ကျွန်မတို့လည်း ဒီဆေးကို သုံးကြရတော့မယ်'

သူမသည် စကားဆုံးသည်နှင့် ထွက်ခွာသွားလေတော့သည်။

❖❖❖❖❖

## အခန်း (၁၇)
## ယုန်ထောင် ကြောင်မိ

မင်းသား လီအိသည် ထိုညနေ၌ အိပ်မပျော်ဘဲ အကြိမ်ကြိမ် အဖန်ဖန် စဉ်းစားနေမိတော့သည်။

ညသန်းခေါင်ယံ ရောက်သောအခါ ... အကျီလဲကာ စားပွဲထိပ်တွင် ထိုင်ပြီး စာတစ်စောင်ကို ရေးသည်။

ထိုစာမှာ စွန်ပိကို ရေးပေးသောစာ ဖြစ်သည်။ သူ့ကို မြို့စောင့်ရှောက်ပေးသည့်အတွက် အထူးကျေးဇူးတင်သည့် အကြောင်း၊ ဝမ်းအေကို သေပြီဟု မှတ်ယူထားသည့်အကြောင်း၊ သူ နေပြည်တော်သို့ တစ်ယောက်တည်း သွားမည့်အကြောင်း၊ နှုတ်မဆက်ဘဲ သွားရသည့်အတွက် စိတ်မကောင်းကြောင်း၊ ဟိုကျန်ကို အထူးကျေးဇူးတင်သည့် အကြောင်းတို့ကို ရေးသားခဲ့သည်။



မင်းသား လီအိသည် ရေးပြီးသောစာကို ဖတ်လိုက်သည်။ စိတ်ထဲတွင်မူ မတည်မငြိမ် ဖြစ်နေ၏။

သူသည် ရုပ်ပြောင်းရုပ်လွှဲဆေးဖြင့် မျက်နှာကို ပြုပြင်လိုက်သည်။ ဆံပင်ကို ဆေးဖြင့် ချယ်သလိုက်၏။ ပါးရေလိပ်ပြီး ဆံပင်ဖြူလာသည်။ အပြာရောင်အကျီကို လဲလိုက်သည်။ ခါးကို ကုန်းပြီး အစမ်းလျှောက်ကြည့်သည်။

စိတ်ထဲ၌ ...

'ဒီရုပ်ရည်နဲ့ဆိုရင် ... နေပြည်တော်မြို့ထဲမှာ လည်ချင်သလိုလည် ... ဘယ်သူမှ ငါ့ကို မှတ်မိမှာ မဟုတ်ဘူး'

ထို့နောက် တံခါးကို ဖွင့်လိုက်သည်။ ဓားနှင့် စောင်းကိုယူပြီး တိတ်တိတ်ကလေး ထွက်ခဲ့သည်။

မင်းသား လီအိသည် အဖော်မပါ တစ်ကိုယ်တည်း ထွက်ခဲ့ရာ စူပြည်နယ်မှ လမ်းကြမ်းတို့ကို ဖြတ်ကျော်ပြီး ချူမ်ရှန် နယ်နိမိတ်ရှိ တောင်မြင့်ကြီးများကို ဖြတ်ကျော်မိသည်။ နေပြည်တော်သို့ ရောက်ရန် သုံးလေးရက်ခရီးသာ လိုတော့သည်။ မင်းလမ်းမကြီးပေါ်တွင် အရက်ဆိုင်နှင့် စားသောက်ဆိုင် အမြောက်အမြား ဖွင့်ထားသည် ကို တွေ့မြင်ရ၏။

ဆာလည်းဆာ ... ရေလည်းငတ်သောကြောင့် စားသောက်ဆိုင်ထဲသို့ ဝင်လိုက်သည်။ ထိုအချိန်တွင် ... သူတစ်ယောက်တည်းသာ စားသောက်ဆိုင်တွင် ရှိသည်။

ဆိုင်ရှင်က သူနှင့်လာပြီး စကား ပြောဆိုရာ ... အဘိုးအိုတစ်ဦး ဟန်ဆောင်ထားသူ လီအိက နေပြည်တော်သို့ သွားမည်ဆိုသဖြင့် ဆိုင်ရှင်က ပြုံးလိုက်သည်။

'ဘဘက .... နေပြည်တော်သွားပြီး အမှုထမ်းမလို့လား'

လီအိက ခေါင်းကို ခါယမ်းလျက် ...

'ငါ အမှုထမ်းရွေးပွဲမှာ နှစ်တိုင်းကျခဲ့တယ် ... ဒီတစ်သက်မှာ အမှုထမ်းဖြစ်ဖို့ မမျှော်လင့်တော့ဘူး'

'ဒီလို ပြောလို့ ဘယ်ဖြစ်မှာလဲ .... ကျွန်တော်သိတဲ့ ဘကြီးကျူ ဆိုရင် အသက်ရှစ်ဆယ်ပြည့်မှ ဝင်ဝမ်း ဘုရင်နဲ့ တွေ့ပြီး နန်းတွင်းမှာ အမှုထမ်းခွင့် ရခဲ့တယ်'

မင်းသား လီအိ ပြုံးလိုက်သည်။

'လောကမှာ ဝင်ဝမ်းလိုဘုရင် ရှိပါဦးမလား၊ နောက်ပြီး ... ကျုပ်က ဘကြီးကျူ မဟုတ်ဘူး၊ ကျုပ် နေပြည်တော်တက်လာတာ ထမင်းတစ်နပ် ဝဝစားနိုင်ဖို့ပဲ ....'

'အောင်မယ် .... ကျုပ်တို့ ရွာထဲက စာတတ် ပေတတ်အချို့ရဲ့ ပြောသံ ကြားရတာကတော့ ... လက်ရှိဘုရင်မဟာ သုံးတောင်ဝတ် မိန်းမသား ဖြစ်ပေမယ့် ... လူမှန် နေရာမှန် အသုံးချတတ်တယ်တဲ့၊ ဘဘလည်း ဆန္ဒရှိရင် သင့်တော်တဲ့အမှုတစ်ခုခုတော့ ထမ်းရမှာပေါ့၊ အသက်ကြီးလို့ .. အမှုမထမ်းချင်ရင်တော့ မပြောတတ်ဘူးလေ ...'

မင်းသားလီအိ စိတ်ပါလက်ပါ နားထောင်နေသည်။



သူက စဉ်းစားပြီး စကားကို ပြန်ဆက်လိုက်သည်။

'နေပြည်တော်ဟာ အရင်တုန်းကလို မဟုတ်တော့ဘူး၊ အခု စည်ကားနေတယ်၊ ဘဘက အသက်ကြီးလို့ အမှုမထမ်းဘဲ တခြား အလုပ်လုပ်ရင်တောင် ဘဘ မျှော်မှန်းသလို ဖြစ်မှာပါ'

မင်းသားလီအိသည် ရှန်စွမ်းရှေ့တွင် နေပြည်တော် လွမ်းချင်းကို ဆိုဖူးသည်။

မြို့ဟောင်းနေရာတွင် လယ်ကွင်းဖြစ်နေသည်ဟု သူထင်ခဲ့မိသည်။ သူ မျှော်လင့်သလို လယ်ကွင်းမဖြစ်ဘဲ စည်စည်ကားကား ဖြစ်နေသည်ဟု ပြောသံကြားရသောအခါ ... စိတ်ထဲတွင် တစ်မျိုး ဖြစ်သွားသည်။ အတော်ကလေးကြာမှ ... မရယ်ချင် ရယ်ချင်နှင့် ရယ်လိုက်သည်။

'ဒီလို သတင်းကောင်းကြားရတာ ... ကျေးဇူးတင်ပါတယ်'

စိတ်ထိခိုက်လွန်းသည့်အတွက် စကားမပြောဘဲ အရက်ကိုသာ သောက်နေသည်။ လက်ရမ်းကို မှီပြီး တောတောင်ရှုခင်းတို့ကို ကြည့်မိပြန်သည်။

စားသောက်ဆိုင်ပိုင်ရှင်သည် သူ့စိတ် မကြည်မသာ ဖြစ်ပြီး တောတောင်တို့ကို ကြည့်နေသည်ကို မြင်ရသောအခါ ပြုံး၍ ...

'ဘဘက တောတောင်ရှုခင်းကို စိတ်ဝင်စားရင် .. တောင်ပေါ် တက်ကြည့်ပါလား၊ တောင်ပေါ်မှာ ရှေးဟောင်းသမိုင်းဝင် ပန္နည်းတွေ ရှိတယ်'

'တောင်ပေါ်ကိုတော့ တက်ပြီး ကြည့်ချင်ပါတယ်၊ ဒါပေမယ့် နေပြည်တော်ကို သွားပြီး အလုပ်လုပ်ရမှာကြောင့် ... မလည်အားတော့ပါဘူး'

မင်းသား လီအီမှာ အတွေးစာစ်မျိုး ရှိခြင်းကြောင့် အကြောင်းပြပြီး ငြင်းလိုက်သည်။ ထိုသို့ ... သူတို့ စကားပြောနေသောအချိန်တွင် လူတစ်ယောက် ဝင်လာသည်။

ထိုသူကား ... ရဲမက်လောင်း လူငယ်တစ်ဦးပင် ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် မင်းသား လီအီ၏ ပင်ကိုယ်ရုပ်နှင့် မျက်နှာချင်းဆင်တူနေသည်။ လီအီထက် အနည်းငယ်ပိန်သည်။ သို့သော် ထိုသူ၏ ကာယစွမ်းအားမှာလည်း ကောင်းမွန်ဟန် ရှိသည်။ ထိုသူသည် ဆိုင်ထဲသို့ ဝင်လာပြီး ဆိုင်ရှင်နှင့်စကားပြောဆိုရာမှ လီအီမှာလည်း သူ့ကဲ့သို့ပင် နေပြည်တော်ကို သွားမည့်သူဖြစ်ကြောင်း သိရှိသွားသည်။ သူသည် ဆိုင်ရှင်နှင့် စကားပြောနေရင်း ... လီအီကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ထို့နောက် ... သူသည် လီအီထံသို့ လျှောက်လာကာ မေးလိုက်သည်။

'ဘဘက ... နေပြည်တော်ကို သွားမလို့လား'

'ဟုတ်ပါတယ်'

'ဘဘက ဘယ်မိသားစုက ဆင်းသက်ပြီး ... နာမည်ဘယ်လိုခေါ်ပါသလဲ'



မင်းသားလီအီက အခြားနာမည်တစ်ခုကို လွှဲပြောလိုက်သည်။ ထိုလူငယ်ရဲမက်ကလည်း ...

'ကျွန်တော်က 'ချန်' မိသားစုက .... ဆင်းသက်လာတာပါ။ နာမည်က 'ကျိချိ' တဲ့၊ ချွမ်စီဝေရှန် ဒေသကပါ၊ အခု ဘဘက ... နေပြည်တော် သွားမယ်ဆိုတော့ .... နေပြည်တော်မှာ ရာထူးခန့်ဖို့ ဆင့်ခေါ်လို့ သွားမှာလား'

'ဘာရာထူးခန့်ဖို့ ဆင့်ခေါ်တာလဲ'

'လက်ရှိဘုရင်မဟာ တိုင်းပြည်အရပ်ရပ်မှာ ရှိတဲ့ လူတော်လူကောင်းတွေကို ဆင့်ခေါ်ပြီး ရာထူးခန့်နေတာကို ဘဘ မသိသေးဘူး ထင်တယ်'

'ငါ့မှာ ဘာပညာမှ မရှိဘူး၊ ငါ့ကို ဘယ်ဆင့်ခေါ်ပါ့မလဲ၊ ငါက နေပြည်တော်ကို သွားပြီး တစ်ဝမ်းတစ်ခါး ဝတ်စားရအောင် အလုပ်သွားလုပ်မလို့ .... မင်းကကော ... ဆင့်ခေါ်စာရလို့ နေပြည်တော်ကို သွားမှာလား'

'ဟား ... ဟား ... ဟား ... ကျွန်တော်က နေပြည်တော်ကို သွားပြီး ကံစမ်းမလို့ပါ၊ အခု ချီကျင်ယေက တော်လှန်ပုန်ကန်နေတယ်၊ တကယ်လို့ ... ပုန်ကန်မှုကို နှိမ်နင်းဖို့ ကျွန်တော် အရွေးခံရပြီး စစ်အောင်နိုင်ခဲ့မယ်ဆိုရင် ကိုယ့်မိသားစုအတွက်သာမက တိုင်းပြည်အတွက်ပါ အကျိုးပြုနိုင်မှာ ...'

ကျိချိက စိတ်အားထက်သန်စွာ ပြောလိုက်၏။

'ဩော် ... လက်စသတ်တော့ စစ်ထဲလိုက်မှာပါလား၊ အတော် အကြံကြီးတာပဲ၊ လေးစားပါတယ် ... လေးစားပါတယ်'

ထိုစကားသည် ... ကျီချီကို သရော်လိုက်သော စကား ဖြစ်သည်။ သို့သော် ... ကျီချီမှာ မရိပ်စားမိချေ။ လီအိသည် ချီကျင်ယေ၏ တော်လှန်သည့် သတင်းကို ကြားချင်သည့်အတွက် ...

'ချီကျင်ယေဟာ ဘုရင်ဟောင်းလက်ထက်က ဗိုလ်ချုပ်ကြီးလို့ သိရတယ် .... စစ်တိုက်တော်တယ်လို့လည်း ပြောကြတယ်၊ အခု နေပြည်တော်မှာ စစ်သားစုဆောင်းနေတယ်ဆိုတော့ .... ရှေ့တန်း စစ်မျက်နှာမှာ အရေးကြီးနေလို့လား'

'ဟဲ ... ဟဲ ... ဟဲ ... ချီကျင်ယေ ဘယ်လောက်ပဲတော်တော်၊ သူ့မှာ စစ်သည်ဗိုလ်ပါ အင်အားနည်းတယ်၊ ကြီးကြီးကျယ်ကျယ် ဘယ်လုပ်နိုင်မှာလဲ ... ဘုရင်မကြီးက၊ သူ့ကို နှိမ်နင်းဖို့ ဗိုလ်ချုပ်ကြီး လီရှောင်အိကို စစ်ဦးစီးခန့်ပြီး ရဲမက်သုံးသိန်းနဲ့ လွှတ်လိုက်တယ်၊ ဗိုလ်ချုပ်ကြီး ဆောရင်ရန်ကို စစ်ကြောင်းတစ်ကြောင်း၊ ဗိုလ်ချုပ်ကြီး ချင်မူတင်ကိုလည်း စစ်ကြောင်းတစ်ကြောင်း၊ အားလုံးစစ်ကြောင်း သုံးကြောင်းနဲ့ ညှပ်တိုက်မှာ၊ ချီကျင်ယေတို့ လူတွေဟာ ... အတောင် ပါရင်တောင်မှ ပျံပြေးဖို့ မလွယ်တော့ဘူး၊ နေပြည်တော်မှာ စစ်သား စုဆောင်းတာကတော့ ငြိမ်ဝပ်ပိပြားရေး ထိန်းသိမ်းဖို့လောက်ပါပဲ၊ ချီကျင်ယေကို တိုက်ခိုက်ဖို့ မဟုတ်ပါဘူး'

ကျီချီက စိတ်ပါလက်ပါ ပြောပြနေ၏။



လီရှောင်အိသည် မင်းသား လီအိ၏ အစ်ကိုဝမ်းကွဲ ဖြစ်သည်။ သူသည် ချီကျင်ယေ၏ တော်လှန်ပုန်ကန်မှုကို နှိမ်နင်းရန် စစ်ဦးစီး လုပ်သည်ကို ကြားရလျှင် လီအိမှာ အတော် စိတ်ထိခိုက်သွားသည်။

ထို့နောက် ... လီအိနှင့် ကျီချီတို့မှာ စိတ်သဘောထားချင်း ဆန့်ကျင်ဘက် ဖြစ်နေပြီး တစ်ယောက်နှင့်တစ်ယောက် စကားပြော အဆင်မပြေကြခြင်းကြောင့် ... ကျီချီသည် လီအိနှင့် ခရီးအတူ မသွား ရန် ဆုံးဖြတ်လိုက်သည်။

'ကျွန်တော် ခရီးသွားဖို့ အရေးကြီးနေတယ်၊ အရင်သွားနှင့် မယ်၊ ရေစက်မကုန်သေးရင်လည်း ... နေပြည်တော်မှာ ဆုံကြသေး တာပေါ့'

လီအိသည် ထိုသူ ထွက်ခွာသွားပြီးမှ စားသောက်ဆိုင်ရှင်ကို ငွေပေးချေပြီး ... မြင်းစီးကာ ခရီးထွက်ခဲ့သည်။ ခရီးတစ်ထောက်ခန့် သွားမိသည်။

ထိုစဉ် ...

'ဗိုး ... ဗိုး ....'

ရှေ့မှ မြားပစ်နေသည့်အသံကို ကြားရသည်။

လီအိသည် မြင်းပေါ်မှ ဆင်းလိုက်၏၊ မင်းလမ်းမကြီးမှာ တောင်ကြားမှ ဖြတ်ပြီး ဖောက်ထားသော လမ်း ဖြစ်သည်။ တောင် ရိုးတောင်စွယ် များလွန်းသောကြောင့် ရှေ့၌ ဘာဖြစ်နေသည်ကို မမြင်နိုင်ဘဲ ဖြစ်သည်။

သို့ဖြစ်ရာ ...

လီအိသည် မြင်းပေါ်မှဆင်းပြီး ... တောင်ကုန်းပေါ်သို့ တက်လိုက်သည်။ နွယ်မြက် သစ်ပင်နှင့် ကျောက်တုံး ကျောက်ဆောင်တို့လည်း ပေါများသည်။

လီအိသည် ကျောက်တုံးတစ်ခု၏ နောက်ကွယ်မှ အောက်သို့ ကြည့်လိုက်ရာ ....

ကျီချီသည် မြင်းကိုဆွဲပြီး တောင်စွယ်တစ်ခုမှ ထွက်လာသည်ကို မြင်ရသည်။ သူ့ရှေ့တွင် မြင်းလေးငါးစီး တက်လာသည်ကို တွေ့ရပြန်သည်။ စောစောက မြားပစ်သံမှာ ထိုလူတို့က ပစ်လွှတ်လိုက်သည့် မြားသံ ဖြစ်သည်။

မင်းသား လီအိ စိတ်ထဲတွင် ....

'တယ်ထူးဆန်းတာပဲ၊ ကျီချီဟာ ရဲမက်လောင်းတစ်ယောက်ဖြစ်တယ်၊ သူ့ကိုယ်ပေါ်မှာလည်း ဘာအဖိုးတန်ပစ္စည်းမှ မပါဘဲနဲ့ တောလမ်းလူတွေက လူစုလူဝေးနဲ့ ထွက်တိုက်ရတာလဲ'

ကျီချီသည် မြားသံကို ကြားသည်နှင့် မြင်းဇက်ကို ဆွဲရပ်လိုက်သည်။ တစ်ခဏအတွင်းတွင် ထိုသူတို့သည် ကျီချီနှင့် မျက်နှာချင်းဆိုင် ရှေ့သို့ ရောက်လာ၏။

ကျီချီမှာ ဒေါသထွက်ကာ ....

'ဒီလောက် ငြိမ်းချမ်းသာယာတဲ့ ခေတ်မှာ ... မင်းတို့က လမ်းမှာ တိုက်ခိုက် လုယက်ဝံ့သေးသလား'



ရှေ့မှ ခေါင်းဆောင်နှစ်ယောက်သည် မြင်းပေါ်မှဆင်းလိုက်ပြီး ရိုရိုသေသေဖြင့် ပြောသည်။

'မင်းသားလေးဘုရား ... ခွေစိတ်တော် မမျက်ပါနဲ့ ကျွန်တော်မျိုးတို့ဟာ သူခိုးဓားပြ မဟုတ်ပါဘူး'

'သူခိုးဓားပြ မဟုတ်ရင် ... ဘာဖြစ်လို့ ငါသွားမယ့်လမ်းကို တားရတာလဲ'

'ကျွန်တော်မျိုးတို့ရဲ့ သခင်ကြီးက ပင့်ခေါ်ခိုင်းလို့ပါ'

'မင်းတို့သခင်ကြီးက ဘယ်သူတုံလဲ'

ထိုလူနှစ်ယောက်တို့သည် တစ်ယောက်ကို တစ်ယောက် ကြည့်ပြီး အံ့အားသင့်နေကြသည်။

တစ်ယောက်က ...

'ကိုယ်တော်လေးက ကျွန်တော်မျိုးကို မမှတ်မိတော့ဘူးလား၊ ဝူဝေတောင်ထိပ်က သိုင်းဇကရာဇ်ရွေးပွဲမှာ တွေ့တာလေ၊ ကျွန်တော်မျိုးက 'ချင်ထုန်'ပါ '

ကျီချီမှာလည်း အံ့အားသင့်သွားသည်။

'မင်းကို ငါ မသိဘူး၊ မင်း လူမှားနေပြီ ထင်တယ်'

ချင်တုန် ဆိုသူကပင် ဆက်၍ ...

'ဝူဝေ တောင်ထိပ်မှာ လူတွေက များတော့ ... ကိုယ်တော်လေး မှတ်မိချင်မှ မှတ်မိမှာ၊ ကျွန်တော်မျိုးရဲ့ သခင်ကြီးကို တွေ့ရင် ရှင်းသွားမှာပါ'

ကျီချိမှာ စိတ်မရှည်ချင်တော့ပေ။

'ဘာ ... ဘယ်က ဝူဝေတောင်ထိပ်က သိုင်းဇကရာဇ်ရွေးပွဲလဲ .... နေ့ခင်းကြောင်တောင် ထင်ရာ လျှောက်ပြောမနေနဲ့၊ ငါ ခရီးဆက်စရာ ရှိသေးတယ်၊ မင်းတို့ အရူးတွေလို တွေ့ကရာ လျှောက်ပြောနေတာကို အချိန်ကုန်ခံပြီး ... နားမထောင်နိုင်ဘူး'

'အလို ... ခင်ဗျားက မင်းသားလေး လီအိ မဟုတ်ဘူးလား'

'မဟုတ်ဘူး၊ မင်းတို့ လူမှားနေပြီ၊ ငါက ... 'ချုန်'မိသားစုကကဲ ... ငါ သွားမယ်၊ ဖယ်တော့'

ထိုစဉ် နောက်တစ်ယောက်က ...

'ခင်ဗျားဟာ 'ချုန်'မိသားစုထဲကပဲ ထားပါ၊ ကျွန်တော်တို့ သခင်ကြီးက ပင့်ဖိတ်ပါတယ်တဲ့'

ကျီချိသည် ဒေါသထွက်လာ၏။

'ဟေ့ ... ငါက ချုန်မိသားစုထဲက ကောင်ကွ၊ မင်းတို့က ချုန်မိသားစုထဲကပဲ ထားပါလေး ... ဘာလေးနဲ့၊ နောက်ထပ် အနှောင့်အယှက်လုပ်ရင် ကျာပွတ်စာ မိသွားမယ်'

လီအိသည် ... သူတို့ ပြောဆိုနေသည်ကို ကြားရသောအခါ သဘောပေါက်သွား၏။

ထိုလူနှစ်ယောက်မှာ ကျီချိကို လီအိဟု ထင်မှတ်ပြီး ပြောနေခြင်း ဖြစ်သည်ဟု သိလိုက်သည်။ ဝူဝေ တောင်ထိပ်တွင် 'ချင်တုန်' ဆိုသောသူ ပါလာခဲ့သည်ကို သတိရလိုက်သည်။



လီအိ စိတ်ထဲတွင် တွေးလိုက်မိသည်။

'အခြေအနေသုံးသပ်ကြည့်ရတာ ... လူတစ်စုဟာ ငါ့နောက်ကို နောက်ယောင်ခံပြီး လိုက်နေကြတာ ဖြစ်မယ်၊ ငါက ရုပ်ပြောင်းရုပ်လွှဲလုပ်ထားလို့ သူတို့ ငါ့ကို မမှတ်မိဘဲ ဖြစ်နေတာ၊ သူတို့ ဘာ့ကြောင့် ငါ့နောက်ကို လိုက်နေတာလဲ၊ သူတို့ရဲ့ သခင်က ဘယ်သူလဲ'

ထိုစဉ် ကျီချိ၏ရှေ့မှ တစ်ယောက်က ...

'ကိုယ်တော်လေး ... ကိုယ်တော်လေးက ကျာပွတ်နဲ့ ရိုက်လည်း ကျွန်တော် ခံပါ့မယ်၊ ကိုယ်တော်လေးကိုတော့ ကျွန်တော်တို့ ပင့်ခေါ်သွားရမှာပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်တော်လေးကို ပင့်ဖိတ်ခဲ့ရမယ်လို့ သခင်ကြီးက မှာလိုက်ပါတယ်'

ကျီချိသည် ဒေါသ ပိုထွက်လာပြီး ... ကျာပွတ်ဖြင့် ရိုက်ရန် ဟန်ပြင်လိုက်သည်။

'မင်းတို့ရဲ့ သခင်က လက်ရှိဘုရင်လား၊ ဒီလောက်တောင် အနိုင်ကျင့်ရဲတာ၊ သူ့နာမည်က ဘယ်လို ခေါ်သလဲ'

ထိုသူနှစ်ယောက်မှာ တစ်ဦးနှင့်တစ်ဦး ကြည့်လိုက်ကြပြီးလျှင် ချင်ထုန်က ကျယ်လောင်သော အသံဖြင့် ...

'မြေတုန်အောင် မိုးလိုချုံး ...'

ကျန်တစ်ဦးက ....

'ကောင်းကင်မှာ နဂါးပျံ ...'

ဟု အော်လိုက်ကြ၏။

ထိုစဉ် ... ကျီချိုက ကြိမ်းဝါးလိုက်သည်။

'မြေတုန်အောင် မိုးလို ချုန်းရုံမကလို့ ... ဘာကြီးပဲဖြစ်ဖြစ်၊ နားမလည်ဘူး၊ လမ်းဖယ်၊ ကိုယ့်လမ်းကိုယ်သွားရမယ်၊ နောက်ကျလို့ မဖြစ်ဘူး ...'

လီအိမှာ စကားဝှက်များကို ကြားလိုက်ရသောအခါ ထိတ်လန့်အံ့အားသင့်သွားပြန်သည်။ စိတ်ထဲမှလည်း ...

'မြေတုန်အောင် မိုးလိုချုန်း၊ ကောင်းကင်မှာ နဂါးပျံ ဆိုတာ တော်လှန်ရေး ခေါင်းဆောင် ငါးယောက်ထဲသာ သိတဲ့ စကားဝှက်ပဲ၊ ဒါဆိုရင် ... ငါ့ကို ဖိတ်ခေါ်ဖို့ အခုအဖွဲ့ကို ဘယ်သူ လွှတ်လိုက်တာလဲ၊ ရှင်အုံးလည်း လွန်ခဲ့တဲ့ သုံးရက်လောက်တုန်းက ငါနဲ့အတူရှိပြီး ချန်စွန်ကို သွားခေါ်နေတယ်၊ ငါ့ရဲ့ဆရာလည်း ဒီကို ရောက်မလာနိုင်ဘူး၊ နန်းရင်းဝန် ဗိရန်ကလည်း နန်းတွင်းမှာ .... ငါသိုင်းလောကထဲမှာ ကျင်လည်နေတာကို ဘယ်လိုလုပ် သိနိုင်မှာလဲ၊ ချိကျင်ယေလည်း ရန်ကျူမှာ ဝူကျေထန်ဘုရင်မကြီးကို တော်လှန်ပုန်ကန်နေတယ်၊ ဒီကို ရောက်လာနိုင်စရာ အကြောင်းမရှိဘူး၊ ချင်မူတင်လည်း ဝူကျေထန်ဘုရင်မကြီးက ချိကျင်ယေကို တိုက်ခိုက်နှိမ်နင်းဖို့ စေလွှတ်ထားတယ်၊ စစ်ဦးလှည့်ပြီး ပြန်တိုက်ခိုက်ဟယ် ထားဦးတော့ ... ဒီလောက် မြန်မြန် မလာနိုင်ဘူး၊ ဒီလူနှစ်ယောက်က ငါ့ကို ပင့်ဖိတ်ပြီး သူတို့သခင်နဲ့တွေ့ဖို့ ပြောနေတယ်၊ ဒါဆို သူတို့သခင်ဟာ တော်လှန်ရေး ခေါင်းဆောင်ငါးယောက်ထဲက ဘယ်သူများ ဖြစ်နိုင်သလဲ'



ထိုစဉ် ....

ကျီချိုသည် တော်လှန်ရေးစကားဝှက်ကို နားမလည်သဖြင့် ထိုသူတို့အား လမ်းဖယ်ခိုင်းသည်။ သူ့ရှေ့၌ တားဆီးနေသည်ကိုလည်း သည်းမခံနိုင်ဘဲ ဖြစ်နေသည်။

ချင်ထုန်က ...

'ကျွန်တော်တို့ရဲ့ သခင်က မင်းသားလေးကို ကောင်းကောင်းမွန်မွန် ပင့်ဖိတ်နေတာပါ၊ ကိုယ်တော်လေးက သူ့ကို တကယ်မတွေ့ချင်ဘူးလား'

'ငါ ... နေပြည်တော်ကို အရေးတကြီးသွားဖို့ ရှိတယ်၊ မင်းတို့ ငါ့ကို နှောင့်ယှက်နေတာ စိတ်မရှည်နိုင်တော့ဘူး၊ ကြာရင် မင်းတို့ကို ငါဆုံးမရလိမ့်မယ်'

ကျီချိုမှာ ဒေါသထွက်နေသည်။

ကျန်တစ်ယောက်က ပြုံးကာ ...

'ဒီလိုဆို... မင်းသားလေးက မဟာမိတ်အပေါ် သစ္စာဖောက်ပြီး စည်းစိမ်ခံဖို့ နေပြည်တော်ကို သွားတာ ဖြစ်မယ်'

ကျီချိုသည် ဒေါသကို မချုပ်တီးနိုင်သောကြောင့် ကျာပွတ်နှင့် ရိုက်လိုက်သည်။

'ရွှမ်း ...'

သို့သော် ... ထိုသူနှစ်ဦးမှာ အလျင်အမြန် ရှောင်တိမ်းလိုက်သဖြင့် သူ့ကျာပွတ်မှာ လေကိုသာ ရိုက်မိသွား၏။

'ငါဟာ ချန်မီသားစုကပဲ ... ငါဟာငါ နေပြည်တော်ကို သွားပြီး ရာထူးလက်ခံမလို့ ... မင်းတို့နဲ့ဆိုင်သလား'

ပြောပြောဆိုဆိုနှင့် ကျာပွတ်ဖြင့် ထပ်ရိုက်ရန် ပြင်လိုက်သည်။

ထိုစဉ် ...

ချင်ထုန်သည် ကျိုးချို၏ မြင်း၏ဦးခေါင်းကို လက်နှစ်ဘက်ဖြင့် ဆွဲလိုက်သည်။ မြင်းဦးခေါင်းမှာ ချက်ချင်း အောက်သို့ စိုက်သွား၏။ ထိုအခါ ကျိုးချိုမှာ မြင်းပေါ်မှ ခုန်ဆင်းလိုက်ရလေတော့သည်။

ထို့နောက် ...

ကျန်တစ်ယောက်က သူ့ကိုဖမ်းရန် ကြိုးစား၏။ ကျိုးချိုမှာ ဒေါသဖြစ်နေသည်။ သူသည် ညာဘက်လက်ထဲတွင် ရှိနေသော ကျာပွတ်ကို ဝှေ့ရမ်းကာ ... ဘယ်ဘက်ကလည်း ဓားကို ကိုင်လိုက်သည်။ ချက်ချင်းပင် ထိုလူနှစ်ဦးအား တိုက်ခိုက်လေတော့သည်။

ထိုလူနှစ်ယောက်၏ သိုင်းပညာအစွမ်းမှာလည်း မသေးလှပေ။ ၎င်းတို့သည် ကျာပွတ်နှင့် ဓားအကြားမှ အတင်းဝင်ရောက်ဖမ်းဆီးရန် ကြိုးစားကြသည်။

တစ်ဘက်နှင့်တစ်ဘက် အကြိတ် အနယ် တိုက်ခိုက်ကြသည်။ နှစ်ယောက်နှင့် တစ်ယောက် တိုက်ခိုက်နေရသည့်အပြင် လက်ရည်မညီမျှသောကြောင့် ... ကျိုးချိုမှာ နောက်ဆုံးတွင် အဖမ်းခံလိုက်ရလေသည်။ ထိုသူများက သူ့ကို လက်ပြန်ကြိုးတုတ်ပြီး မြင်းပေါ်သို့ တင်၍ ခေါ်ဆောင်သွားကြသည်ကို တွေ့လိုက်ရ၏။



လိအိသည် ကျိုးချိုကို ခင်မင်သနားသည့်စိတ် မဖြစ်ပေါ်သော်လည်း ဖြစ်ပုံက ထူးခြားနေခြင်းကြောင့် တစ်စုံတစ်ခုပြုရန် စိတ်ကူးရလာသည်။ ပြဿနာဖန်တီးရန် ဆန္ဒမရှိသည့်တိုင် ... မိမိနှင့် သက်ဆိုင်နေသဖြင့် အကျိုးအကြောင်းသိရန် စုံစမ်းဖို့ ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် လိအိသည် တောင်ကုန်းပေါ်မှ ပြေးဆင်းလာ၏။ သူ့မြင်းမှာ ထွက်ပြေးသွားပြီ ဖြစ်သောကြောင့် ခြေလျင် ပြေးလိုက်ရတော့သည်။

သို့သော် ...

သူတောင်အောက်သို့ ရောက်သည့်အချိန်တွင် ထိုသူတို့မှာ မြင်းနှင့် ထွက်ခွာသွားကြပြီဖြစ်ရာ လိအိမှာ မမီဘဲ ကျန်ရစ်ခဲ့သည်။

❖❖❖❖❖

အချိန်မှာ ...

နေဝင်ဆည်းဆာအချိန် ဖြစ်သည်။

လယ်သမားကြီးများ ပေါက်တူးထမ်းပြီး အိမ်ပြန်လာနေကြသောအချိန် ဖြစ်၏။ မင်းသားလီအိသည် လယ်သမားတစ်ယောက်ကို တည်းခိုအိမ် မည်သည့်နေရာတွင် ရှိသည်ကို ဟန်ဆောင်မေးလိုက်သည်။

ထိုလယ်သမားက ...

'ရှေ့ဆယ်မိုင်ခရီး ဆက်သွားရင် မြို့ကလေးတစ်မြို့ ရှိပါတယ်၊ အဲဒီမြို့မှာ တည်းခိုအိမ် ရှိနိုင်ပါတယ်'

ထိုလယ်သမားက လီအိကို အကဲခတ်ကြည့်ပြီး ...

'ဘဘက စာပေသမားလား၊ လမ်းသွားလေ့သွားထ မရှိလို့ ခရီးမဆက်နိုင်ရင်လည်း ... ကျွန်တော့်အိမ်မှာ တစ်ညတည်းခိုနိုင်ပါတယ်'



လီအိက ...

'သွားရမှာပဲ .. သွားနိုင်ပါသေးတယ်၊ ဆယ်မိုင်ခရီးလောက်ပဲ လိုတော့တာ၊ မှောင်ပြီးမှ မြို့ဝင်တည်းခိုလည်း ရပါတယ်၊ ဒါပေမယ့် နည်းနည်းတော့ အကြောက်သား ...'

'ဘဘက ဘာကို စိုးရိမ်နေတာလဲ'

'လမ်းမှာ သူခိုး ဓားပြ ထူပြောမှာကို စိုးရိမ်တာပါ'

'အခုအခါမှာ .... တိုင်းပြည်မှာ အေးချမ်းသာယာနေပါတယ်၊ နောက်ပြီးတော့လည်း နေပြည်တော်နဲ့ တစ်ရက်နှစ်ရက် ခရီးလောက်မှာ သူခိုးဓားပြ မရှိနိုင်ဘူး'

'ဟုတ်တယ် ... ကျုပ်ခရီးထွက်တာ ကြာပြီ သူခိုးဓားပြ မတွေ့ခဲ့ဘူး၊ ဒါပေမယ့် ... နေပြည်တော်နဲ့ နီးကပ်လာခါမှ ပိုပြီး မတည်ငြိမ်သလို တွေ့လိုက်ရတယ်'

'ဘာဖြစ်လို့ပါလဲ'

'စောစောက လူဆိုးတချို့ဟာ နေပြည်တော်ကို သွားပြီး စစ်မှုထမ်းဆောင်မယ့် လူကို ဖမ်းဆီးခေါ်ဆောင်သွားကြတယ်'

'တကယ်လား'

'စောစောကပဲ ဒီက ဖြတ်သွားတာ မမြင်လိုက်ဘူးလား'

'သြော် .... ကျုပ်သိပြီ၊ အဲဒီလူတွေဟာ ဗိုအိမ်က အစေအပါးတွေပဲ၊ သူတို့ရဲ့ မြင်းတွေက အပြေးမြန်တော့ ... လူဖမ်းသွားတာကို ကောင်းကောင်း မမြင်လိုက်ဘူး၊ ဟင် ... သူတို့ဟာ တော်တော်

အနိုင်ကျင့်တာပဲ၊ ဒါပေမယ့် ... ဒီလူဟာ ဖိတို့နဲ့ ရန်ငြိုးရှိလို့ ဖြစ်မှာပါ၊ ဘကြီးက သူတို့နဲ့ ဘာရန်ငြိုးမှ မရှိဘဲ ... ကြောက်မနေပါနဲ့'

'ဖိ ... အိမ်ဆိုတာ ဘယ်သူ့ကို ပြောတာလဲ'

'လက်ရှိ နန်းရင်းဝန် ဖိရန်ကို ပြောတာ၊ သူက ကျုပ်တို့ရွာက လူပဲ ...'

'ဖိရန်က နေပြည်တော်မှာ နေတာ မဟုတ်ဘူးလား'

'သူ့မှာ ညီတစ်ယောက် ရှိသေးတယ်၊ ရွာက သူ့အိမ်ကို စောင့်နေတယ်၊ အဲဒီလူက နေပြည်တော်ကို လိုက်မသွားသေးဘူး'

မင်းသား လိအိက ...

'လက်ရှိဘုရင်မဟာ ... ပြည်သူပြည်သားတွေကို အာဏာလက်ဝယ်ရှိသူတွေက အနိုင်မကျင့်ရဘူးလို့ အမိန့်ထုတ်ထားတယ်လို့ ကြားရတယ်၊ ဒီအမိန့်ဟာ ပြည်သူပြည်သားတွေကို လိမ်ညာထားတဲ့ စက္ကူပေါ်က အမိန့်ပဲ ဖြစ်မယ်လို့ ထင်ရတယ်'

ဟု သတင်းနှိက်ကြည့်လိုက်သည်။

လယ်သမားသည် ခေါင်းကို သွက်သွက်ခါအောင် ရမ်းလိုက်ပြီးလျှင် ...

'ဒီလိုပြောလို့ ဘယ်ဖြစ်မှာလဲ ... အရင်ခေတ်ကဆိုရင် နန်းရင်းဝန်တစ်ယောက်ရဲ့ ညီအစ်ကိုက မပြောနဲ့၊ နယ်ပိုင်ဝန်ထောက်အိမ်က လူတွေဟာ တောရွာမှာ ဘုရင်တစ်ဆူလို့ ထင်ရတယ်၊ လူကို ရိုက်တာနက်တာ ရိုးနေပြီ ...



'ဖိမိသားစုတို့ဟာ ရာထူးအရှိန်အဝါ အားကိုးနဲ့ ထင်ရာလုပ်ပေမယ့် ... အခုလို လူသိရှင်ကြား လူကို ဖမ်းဆီးတာဟာ ပထမဆုံး အကြိမ်ပါပဲ'

ထို့နောက် ... လယ်သမားက အချိန်ကို ကြည့်လိုက်၏။

'မိုးချုပ်ပါပြီ ... ဘဘ ကျွန်တော့်အိမ်မှာပဲ တည်းပါ'

'ကျေးဇူးတင်ပါတယ်၊ လမ်းမှာ ... သူခိုး ဓားပြမှ မရှိဘဲ၊ ကျုပ်မကြောက်တော့ဘူး၊ မြို့မှာပဲ သွားတည်းခိုတာ ကောင်းပါ လိမ့်မယ်'

ထိုလယ်သမားသည် တားမရမှန်းသိ၍ လွှတ်ပေးလိုက်၏။ မင်းသား လိအိသည် ရွာအပြင်မှာ လှည့်ပတ်နေပြီး ... မိုးချုပ်မှ ရွာထဲသို့ ပြန်ဝင်လာသည်။

သူ့စိတ်ထဲတွင် ...

'လက်စသတ်တော့ ... ဖိရန်တို့ လုပ်တဲ့ ကိစ္စပါလား၊ ဖိရန်ဟာ ငါ့ကို ဘာ့ကြောင့် ဖမ်းဆီးရမှာလဲ'

ဖိရန်သည် ကွမ်ရင်နှင့် ရှင်ကျေတို့ကို စေလွှတ်ကာ အိမ်ရှေ့စံ မင်းသား လီရှင်းကို လုပ်ကြံသတ်ဖြတ်ခဲ့သည်။ မင်းသား လိအိသည် ယင်းကိစ္စနှင့်ပတ်သက်ပြီး စိတ်နာမိသည်။

ဖိရန်တို့အိမ်မှာ ရွာအရှေ့ဘက်၌ ရှိ၏။ အိမ်၏ ပတ်လည်တွင် ရဲမက်များ လှည့်လည်စောင့်ကြပ်နေကြသည်။ မင်းသား လိအိသည် သစ်ပင်အကြားမှ တမင်သက်သက် ရဲမက်များ အာရုံပြောင်းစေရန် ထူးဆန်းသော အသံကို ပြုလိုက်သည်။

ထို့နောက် ကျောက်ခဲနှင့် သစ်ပင်ပေါ်ရှိ ငှက်သိုက်တစ်ခုထဲသို့ ပစ်သွင်းလိုက်၏။ ထိုအခါ ငှက်ကြီး လေးငါးကောင်တို့သည် လန့်ဖြန့်ပြီး ထပျံကုန်ကြသည်။

ရဲမက်တို့က ...

'ဘာမှ မဟုတ်ဘူး ... ဓီးကွက်က ငှက်သိုက်ဝင်ထိုးတာပါ'

'ငါတို့ သခင်ကြီးကို အနှောင့်အယှက် လာပေးဝံ့တဲ့လူလည်း ရှိမှာ မဟုတ်ပါဘူး'

'ဒီလိုလည်း တရားသေပြောလို့ ဘယ်ဖြစ်မလဲ၊ ငါတို့ သခင်ကြီးကို ဘုရင်မကြီးက မသင်္ကာဘူးလို့ သတင်းရတယ်၊ ဘုရင်မကြီး လွှတ်လိုက်တဲ့ ရဲမက်တွေ လာနေတာလား မပြောတတ်ဘူး၊ သတိထားနေမှ ဖြစ်မယ်'

မင်းသား လီအိသည် သူတို့ တစ်ယောက်တစ်ခွန်း ပြောဆိုနေသံတို့ကို ကြားရလျှင် ... စိတ်ထဲ၌ကြိတ်ပြီး ရယ်မိသည်။ ထို့နောက် ရဲမက်တို့ကို ရှောင်ပြီး ... ခြံဝင်းအတွင်းသို့ ခုန်၍ ဝင်လိုက်လေ၏။

ထို့နောက် ...

မင်းသား လီအိသည် ခြံဝင်းထဲရှိ မှောင်ရိပ်ကောင်းသော ထောင့်တစ်ထောင့်၌ ခေတ္တ ပုန်းခိုနေလေသည်။ ထိုစဉ် ရဲမက်တစ်ယောက်သည် မီးအိမ်ကို ကိုင်ပြီး ... ကင်းလှည့်လာ၏။

မင်းသား လီအိသည် ရုတ်တရက် ခုန်ထွက်လိုက်ပြီး ထိုလူကို ဓားဖြင့် ထောက်ထားလိုက်သည်။



ထို့နောက် လေသံတိုးတိုးဖြင့် ....

'အသံမထွက်နဲ့ ... သေသွားမယ်'

ထိုလူသည် မင်းသားလီအိ၏ သိုင်းပညာကို ကြောက်ရွံ့သဖြင့် မအော်ဝံ့ဘဲ တိတ်တိတ်ကလေး နေလိုက်၏။ ထို့နောက် မင်းသား လီအိသည် ထိုသူ့လက်ထဲမှ မီးအိမ်ကို ဆွဲယူ၍ မှုတ်ပစ်လိုက်သည်။

'မင်းတို့ သခင်ကြီး ... ဘယ်အဆောင်မှာ နေသလဲ၊ ငါ့ကို အမြန်ခေါ်သွားစမ်း'

ထိုလူသည် အဆောင်တစ်ခုကို လက်ညှိုးထိုးပြသည်။

'ဟိုရှေ့က အဆောင်မှာ နေတယ် ... ခင်ဗျားဟာ ခင်ဗျား သွားပေတော့'

'မင်းကိုတော့ ခဏ အကြောပိတ်ထားခဲ့မယ်၊ မင်းပြောတဲ့အတိုင်း မှန်ရင် ... မင်းတို့သခင်ကြီးနဲ့ တွေ့ပြီးတော့ ... ငါမင်းကို လွှတ်ပေးမယ်'

မင်းသား လီအိသည် ထိုလူ၏ မေ့ကြောကို ပိတ်ထားခဲ့ပြီး ချုံပုတ်တစ်ခုအတွင်း၌ ပစ်ထားခဲ့သည်။

ထို့နောက် ...

ထိုလူ ပြလိုက်သောအဆောင်ရှိ အိမ်ခေါင်မိုးပေါ်သို့ ကိုယ်ဖော့ပညာဖြင့် တက်လိုက်သည်။

တစ်ဖန် ... လီအိက တံစက်မြိတ်အကြားတွင် ပုန်းနေလိုက်ပြီး အဆောင်အတွင်းသို့ ချောင်းကြည့်လိုက်သည်။

အဆောင်အတွင်း၌ မီးပုံးများ ထိန်လင်းနေအောင် ထွန်းညှိထားသည်။ ဘေးနှစ်ဘက်၌ ရဲမက်ခြောက်ယောက် မတ်တပ်ရပ်နေကြသည်။ အလယ်တွင် အရာရှိနှင့်တူသော လူနှစ်ယောက် ထိုင်နေကြသည်ကို တွေ့ရသည်။

အရာရှိတစ်ဦး၏ မေးသံကို ကြားလိုက်ရ၏။

'ဒါဆိုရင် ... အစ်ကိုကြီးကို ဖမ်းထားတာ တကယ်အမှန် ဖြစ်နေတယ်၊ ဘုရင်မကြီးကို သူက ... ဘယ်လို မသက်သာအောင်လုပ်လို့ အဖမ်းခံရတယ်ဆိုတာ လူကြီးမင်း ဝမ် သိပါသလား'

မေးခွန်းမေးနေသောသူမှာ နန်းရင်းဝန် ဖိရန်၏ ညီ 'ဖိချန်' ဖြစ်သည်။

'ဝမ်'ဆိုသောလူမှာ နေပြည်တော်မှလာသော အရာရှိတစ်ဦး ဖြစ်သည်။ ထိုအရာရှိမှာလည်း စိတ်ဓာတ်ကျနေသည့် ပုံပင်။

'သခင်ကြီး ဖိကို ဘုရင့်ထောက်လှမ်းရေးအဖွဲ့က ဖမ်းဆီးလိုက်ပြီး ထောင်သွင်းအကျဉ်းချထားတယ်၊ ကျုပ်လည်း ဒီသတင်းကြားတာနဲ့ ချက်ချင်း နေပြည်တော်က ထွက်ခွာလာခဲ့တယ်၊ မေးမြန်းစုံစမ်းဖို့ အချိန်မရခဲ့ဘူး'

'အစ်ကိုကြီးကို ဖမ်းဆီးပြီးလို့ ဘယ်လောက်ကြာမှ လူကြီးမင်းဝမ် သတင်းကြားရတာလဲ ...'

'သခင်ကြီးဖိကို ညသန်းခေါင်ကျော် ... သုံးနာရီမှာ ဖမ်းဆီးလိုက်တယ်၊ နောက်တစ်နေ့ မနက်စောစောမှာ သတင်းကြားရတယ်'



'မနက်ညီလာခံ ခေါ်ပြီးပြီလား'

'မနက်ညီလာခံအဝင်မှာ အဆောင်မှူးတစ်ယောက်က ကျုပ်ကို တိုးတိုးတိတ်တိတ် ပြောလို့ သိရတယ်၊ ဘာအကြောင်းကြောင့်လဲ ဆိုတာကိုတော့ .... သူလည်း မသိဘူးတဲ့'

'ညီလာခံမှာ ဝူကျောထန်ဘုရင်မကြီးက ... ဘာမှ မပြောဘူးလား'

'ဝူကျောထန်ဘုရင်မကြီးဟာ စစ်ချီဖို့ကိစ္စနဲ့ အလုပ်ရှုပ်နေတယ်၊ သခင်ကြီး ဖိနဲ့ ပတ်သက်ပြီး ဘာတစ်ခွန်းမှ မပြောဘူး၊ ကျုပ်တို့က ပထမက သခင်ကြီး နေထိုင်မကောင်းလို့ ညီလာခံ လာမတက်တာလား လို့ အောက်မေ့သေးတယ်'

လူကြီးမင်း ဝမ်၏ လေသံမှာ နန်းရင်းဝန် ဖိရန်၏ ဘက်တော်သား ဖြစ်မည်ဟု ခန့်မှန်းရသည်။ သူပါ အဖမ်းခံရမည်ကို စိုးရိမ်၍ ထွက်ပြေးလာခြင်း ဖြစ်သည်။ ဖိချန်သည် ခဏကြာ စဉ်းစားသည်။

'အစ်ကိုကြီးကို ဘုရင်မကြီးက ယုံကြည်လေးစား အားထားတယ်၊ တော်လှန်ပုန်ကန်တဲ့ သတင်း ပေါက်ကြားတာ မဟုတ်ရင် ပြန်လွတ်ဖို့ အကြောင်းရှိနိုင်သေးတယ်'

အရာရှိကြီး ဝမ်က ....

'အပြစ်ကို မကြေညာသေးတော့ .... မျှော်လင့်ချက်ရှိပါသေးတယ်၊ သူ့ကို ဘာအပြစ်နဲ့ ဖမ်းတာလဲဆိုတာ အခုအချိန်အထိ လုံးဝ မကြေညာသေးဘူး'

'ဒါပေမယ့် ... အပြစ်နဲ့ သက်ဆိုင်တဲ့ အထောက်အထားတွေကို ရှာဖွေစုဆောင်းနေတာလည်း ဖြစ်ချင်ဖြစ်မယ်၊ အကာအကွယ်တော့ ယူထားရလိမ့်မယ်'

'ဟုတ်တယ် ... ဒါ့ကြောင့် လမ်းမှာ လုံးဝမနားဘဲ အမြန်လာ အကြောင်းကြားတာပဲ ... မင်းတို့အိမ်မှာလည်း တော်လှန်ပုန်ကန်တဲ့ အထောက်အထားတွေ လုံခြုံအောင် ဝှက်ထားဖို့ အချိန်မရမှာ စိုးရိမ်လို့ပဲ ...'

ဖိချန်က ...

'သူ အဖမ်းခံရတာ ဘာအကြောင်းလဲ မသိဘူး၊ တကယ်လို့ တော်လှန်ပုန်ကန်တဲ့ အကြောင်းကြောင့်မဟုတ်ရင် နေပြည်တော်က ရဲမက်တွေလာတဲ့အခါ လက်ခံတွေ့ဆုံမယ်၊ တကယ်လို့ တော်လှန်ပုန်ကန်တာနဲ့ ပတ်သက်နေရင်တော့ ... မိသားစုအားလုံး သေဒဏ်အပေးခံရမယ့်အတူတူ အဖမ်းမခံဘဲ ခုခံမယ်၊ အိမ်မှာရှိတဲ့ လူအားလုံးကို ပေါ့ပေါ့ပါးပါးနဲ့ အဖိုးတန်တဲ့ပစ္စည်းတွေ သိမ်းထားဖို့ မှာကြားပြီးပြီ၊ တကယ်လို့ တစ်စုံတစ်ရာ ဖြစ်လာရင် အိမ်နောက်ဘက်က တောင်ကိုကျော်ပြီး ထွက်ပြေးမယ်'

လီအိသည် ဖိချန်တို့ အရေးတကြီး တိုင်ပင်နေသော အချိန်တွင် ခေါင်းအေးအေးဖြင့် သုံးသပ်လိုက်သည်။

နန်းရင်းဝန် ဖိရန်မှာ ကောက်ကျစ်စဉ်းလဲသည်။ သူ၏ ညီမှာလည်း သူ့ခြေရာကို အတော်ကလေး လိုက်နိုင်သည်။



ခဏကြာသောအခါ ... ဖိချန်သည် ရဲမက်တစ်ယောက်ကို အမိန့်ပေးလိုက်သည်။

'ကဲ ... ဟို ဘုရင့်မြေးတော်ကို ခေါ်ခဲ့'

ယင်းနောက် ...

ဖိချန်သည် အရာရှိ ဝမ်ဘက်သို့ လှည့်၍ ...

'ကျုပ်တို့ ကံကောင်းချင်တော့ ... ဘုရင့်မြေးတော်ဟာ ကျုပ်တို့လက်ထဲမှာ ရောက်နေတယ်၊ နေပြည်တော်သွားပြီး လျှို့ဝှက်သတင်းပို့မှာ စိုးရိမ်စရာ မလိုတော့ဘူးဗျ'

အရာရှိ ဝမ်က ...

'မင်းသား လီအိလား၊ သူဟာ လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က ပျောက်ကွယ်နေတဲ့ ဘုရင့်မြေးတော် မဟုတ်လား'

'ဟုတ်ပါတယ် ... သူလည်းပဲ ချီကျင်ယေ တော်လှန်ပုန်ကန်တဲ့ ကိစ္စမှာ ပါဝင်တယ်၊ ဒါပေမယ့် ... အစ်ကိုကြီးက လီအိ စိတ်နှစ်ခွ ဖြစ်နေမှာကို စိုးရိမ်တယ်၊ အစောကြီးကတည်းက လီအိကို နေပြည်တော်ကိုလိုက်လာဖို့ မှာထားတယ်၊ လီအိ နေပြည်တော်ကို သွားရင် ဒီလမ်းက ဖြတ်ကျော်လာမှာမို့ ... နေ့တိုင်းပဲ လူလွှတ်ပြီး စောင့်ကြည့်ခိုင်းထားတယ်၊ အခုတော့ ... တကယ်ပဲ သူရောက်လာတယ်'

ခဏကြာသောအခါ ... ကျီချီကို ခေါ်ထုတ်လာလေသည်။ ကျီချီမှာ တစ်လမ်းလုံး ကြိမ်းမောင်းလာသည်။ ဖိချန်သည် မတ်တပ်ရပ်၍ ဆီးကြိုကာ မဲ့ပြုံးပြုံးပြီး ...

'ကိုယ်တော်ကလေး … ကျွန်တော်မျိုးကို မှတ်မိရဲ့လား၊ သူတို့ကို ပင့်ခေါ်နိုင်းလိုက်တာဟာ ကျွန်တော်မျိုးပဲ၊ ယေသားတွေဟာ မသိနားမလည်ကြလို့ ကိုယ်တော်ကလေး တော်တော်အမျက် ထွက်သွားတယ် ထင်ပါရဲ့'

'ဘယ်သူက မင်းကိုသိလို့လဲ …. ငါနဲ့ မင်းနဲ့ ဘာရန်ငြိုးမှလည်း မရှိဘဲနဲ့ … ဘာဖြစ်လို့ ငါ့ကို ဖမ်းရတာလဲ'

ကျီချီက ဘုတောလိုက်သည်။

ဖိချန်သည် ကျီချီကို တစ်ချက်ကြည့်လိုက်ပြီးလျှင် အနည်းငယ် အံ့အားသင့်ပုံ ရသည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်လောက်က … မင်းသား လီအီ ဆယ့်တစ်နှစ်၊ ဆယ့်နှစ်နှစ်အရွယ်တွင် လီယီနှင့်အတူ ဖိရန်ထံသို့ လာခဲ့ဖူးသည်။ ဖိချန်က လိုက်ကာအတွင်းမှ ချောင်းကြည့်ထားသည့်အတွက် မင်းသား လီအီကို မြင်ဖူးသည်။ ထို့ကြောင့် ယခုအခါတွင် ဖိရန်မှာ ကျီချီ၏ ပုံပန်းသဏ္ဌာန်ကို ကြည့်ပြီးလျှင် အံ့သြနေမိသည်။ သူ့ စိတ်ထဲတွင် …

'ဟိုတုန်းက ရွှေပေါ်မြတင်ထားတဲ့ကလေးဟာ ကြီးလာတော့ ရှုနာရှိုက်ကုန်း ဖြစ်နေပါလား'

ချင်ထုန်သည် ဖိချန်၏ အတွင်းစိတ်ကို ရိပ်စားမိ၍ အနားကပ်ပြီး စကားသုံးလေးခွန်း ပြောလိုက်သည်။ ထိုအခါ ဖိချန်မှာ သဘောပေါက်သွားတော့သည်။



'လက်စသတ်တော့ … ကွမ်ရင်နဲ့ ရှင်ကျောတို့ရဲ့ လျှို့ဝှက်အဆိပ် လက်နက်ထိထားတဲ့ဒဏ်ကြောင့် ရှုနာရှိုက်ကုန်း ဖြစ်နေတာကိုး'

ကျီချီမှာ အတွင်းရေး မသိရှာဘဲ ကြိမ်းမောင်းနေသည်။ ထိုစဉ် ဖိချန်က မဲ့ပြုံးပြုံးလျက် …

'မြေတုန်အောင် မိုးလိုချုံး … ကောင်းကင်မှာ နဂါးပျံ ဆိုတဲ့ စကားဝှက်ကို ကိုယ်တော်လေး … မမှတ်မိတော့ဘူးလား'

'ဘာတွေလျှောက်ပြောနေတာလဲ … ဘယ်သူက ခင်ဗျားရဲ့ ကိုယ်တော်လေး ဖြစ်ရမှာလဲ၊ ခင်ဗျားတို့က … တော်လှန်ပုန်ကန်ဖို့ စိတ်ကူးနေကြတာလား၊ ခင်ဗျားတို့အထဲ ကျုပ်ကို ဆွဲထည့်လို့ မရဘူး'

ဖိချန်မှာ မျက်နှာပျက်သွားသည်။

'ကျွန်တော်မျိုးရဲ့ အစ်ကိုကြီးက ထန်မင်းရဲ့ ထီးရိပ်နန်းလျာကို … အစွမ်းကုန် ကူညီအားပေးခဲ့တယ်၊ အခု ကိုယ်တော်လေးက ကျေးဇူးပြုတာကို ရန်ငြိုးလုပ်ပြီး …. နေပြည်တော်ဝင်ပြီး လျှို့ဝှက်သတင်းပို့မလို့လား'

'ခင်ဗျားတို့က ဘယ်လိုလူတွေလဲ'

ကျီချီက ဒေါသနှင့် ပြောလိုက်သည်။

ဖိချန်က လေအေးအေးနှင့်ပင် …

'ကိုယ်တော်ကလေးက တကယ် မမှတ်မိတာလား၊ နန်းရင်းဝန် ဖိရန်ရဲ့ ညီ ဖိချန်ပါ၊ ကျွန်တော်မျိုးရဲ့ အစ်ကိုကြီးကိုတော့ မှတ်မိမှာပေါ့'

ကျီချီသည် တစ်ချက်တွေသွားသည်။ ဖိချန်ကိုလည်း သေသေချာချာ စိုက်ကြည့်လိုက်သည်။

ထို့နောက် ...

'ဟော့ ... ဖိရန်ဟာ လက်ရှိ မှူးမတ်ကြီးကွ၊ သူညီလုပ်နေပြီး နိုင်ငံတော်ရဲ့ စည်းကမ်းဥပဒေကို နားမလည်ဘူးလား၊ လူကို ဖမ်းဆီးပြီး ရိုက်ရနှက်ရသလား၊ မင်းတို့ဟာ နန်းရင်းဝန် ဖိရန်ရဲ့ နာမည်ကို အလွဲသုံးစား လုပ်နေတာ ထင်ရှားတယ်'

ဟု ဒေါသတကြီး ကြိမ်းမောင်းပြန်သည်။

ဖိချန်သည် ထိုအခါတွင်မှ သံသယဖြစ်လာ၏။ စိတ်ထဲ၌လည်း တွေးလိုက်မိသည်။

'ကေန္တ ---- လူမှားဖမ်းလာတာ ဖြစ်မယ်'

မေးခွန်းတစ်ခု ထပ်မံပြီး မေးလိုက်သည်။

'ဒီနှစ်နွေဦးလောက်မှာ ... ခင်ဗျား ပါကျူးနယ်မှာ ရှိနေတယ် မဟုတ်လား'

'ရှိတော့ ... ဘာဖြစ်သလဲ၊ မရှိတော့ ... ဘာဖြစ်သလဲ'

'ရိုက်ရာအသိမ်းခံရတဲ့ အိမ်ရှေ့စံ မင်းသားကလေး လုပ်ကြံခံရတဲ့အကြောင်းကို သိသလား'

'ဒီကိစ္စဟာ ---- ကျုပ်နဲ့ ဘာဆိုင်လို့လဲ'

ကျီချီသည် ဖိချန်မှာ နန်းရင်းဝန် ဖိရန်၏ ညီဖြစ်သည်မှလွဲ၍ ဘာတွေလုပ်နေသည်ကိုလည်း ခန့်မှန်း၍ မရပေ။



ကျီချီ၏ စိတ်ထဲက ...

'အိမ်ရှေ့စံ မင်းသားလေးကို ဘုရင်မကြီးက သေဒဏ်ပေးလိုက်တယ်လို့ အများက သိထားကြတယ် ... ဒီလူကတော့ သူတစ်ပါးလုပ်ကြံသတ်ဖြတ်တာလို့ ဆိုတယ်၊ ဒါ တကယ်ပဲ ဖြစ်နေမလား၊ ဒါပေမယ့် ဒီကိစ္စဟာ ငါနဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

ဖိချန်သည် သူ့ကို မျက်လုံးစွေကြည့်လိုက်ပြီး ထပ်မေးလိုက်ပြန်သည်။

'မင်းသားကလေးကို လုပ်ကြံသတ်ဖြတ်တဲ့ ကိစ္စနဲ့ ပတ်သက်လို့ ကိုယ်တော်လေးက အတော်မကျေနပ်ဘူးလို့ ကြားတယ်'

'တကယ်လို့ ဒီကိစ္စဟုတ်မှန်တယ်ဆိုရင် မင်းသားကလေးအတွက် ကျုပ် ဘယ်ကျေနပ်နိုင်မလဲ'

'ဒါကြောင့် ... မင်းဟာ နေပြည်တော်သွားပြီး လျှို့ဝှက်သတင်းပို့ဖို့ ကြံတာပေါ့၊ ဒါနဲ့များ မင်းကိုယ်မင်း မင်းသား လီအိလို့ ဝန်မခံဝံ့တာ သူ့ရဲဘောကြောင်တဲ့ သဘောလား'

ကျီချီသည် အလွန်ဒေါသထွက်သွားပြီး ...

'ဟော့ ... ယောက်ျားပဲကွ၊ မျိုးရိုးနဲ့ အမည်ကို ဘယ်တော့မှ လိမ်ပြောမှာ မဟုတ်ဘူး၊ ကျုပ်ဟာ ... ဖိရန်နယ်က ရောဂါသည် ချန်ကျီချီတဲ့၊ ဘယ်သူမှလည်း ကျုပ်ကို လီအိ အနေနဲ့ မသိကြဘူး'

'မင်းရဲ့မျိုးနွယ်ဟာ ချန်တဲ့လား၊ မင်းရဲ့ ဘွဲ့အမည်က ရောဂါသည်တဲ့လား'

ချင်ထုန်မှာ မျက်လုံးပြူးသွားသည်။ ယခုမှ ရုပ်ချင်းသိပ်မတူသည်ကို သတိထားမိတော့သည်။ သို့ရာတွင် လူမှားဖမ်းဆီးလာမိသည်ကို ဖိချန် အပြစ်ပြောမည် စိုးရိမ်သဖြင့် ဇွတ်အတင်းပြောဆိုဖြန်သည်။

'ကျွန်တော် ... ဝူဝေတောင်မှာ သူနဲ့ မျက်နှာချင်းဆိုင်တွေ့ခဲ့ပါတယ်၊ လူမှားစရာ အကြောင်းမရှိပါဘူး။ သူ့ မျက်နှာကို ကြည့်ပါဦး၊ အဲဒါ သည်းပေါက်ဒေဝါ အပ်ထိမှန်ထားလို့ အဆိပ်တက်နေတဲ့ ရုပ်မဟုတ်လား၊ သူဟာ သမားကောင်းကောင်းနဲ့ ကုသလာပေမယ့် ... အဆိပ်ကြောင့် ရောဂါသည်ရုပ် ပေါက်နေတာ မဟုတ်လား၊ ဒီလိုနဲ့ လိမ်လို့ ရမယ်တဲ့လား ....'

ကျိချိမှာ အလွန်ဒေါသထွက်သွားပြီး ...

'ထွီ ... ငါ မွေးလာကတည်းက ဒီရုပ်ပဲ၊ ဒါကြောင့်မို့ ... သိုင်းလောကက ငါ့ကို ရောဂါသည်လို့ ဘွဲ့ပေးထားတာ၊ နောက်ပြီး ဒီနှစ်နွေဦးကာလမှာ ကျူပ်က ပါကျူမှာ မရှိဘူး၊ ခင်ဗျားတို့ လူမှားနေပြီ၊ ကျုပ်က ချန်အမျိုးဗျ၊ လီအမျိုး မဟုတ်ဘူး၊ ချန်ခေါင်းပေါ် လီဦးထုပ်လာစွပ်လို့ ဘယ်ဖြစ်မလဲ'

ဟု ပြောလိုက်သည်။

ဖိချန်သည် ကျိချိကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ထို့နောက် ...

'ခင်ဗျားက နေပြည်တော်ကို သွားပြီး .... ဘာလုပ်မလို့လဲ'



'ဘုရင်မကြီးက နန်းတွင်းရဲမက် ရွေးချယ်မလို့တဲ့ ... ကျုပ်ကို ဖိရှန်ခရိုင်က ရွေးပြီး လွှတ်လိုက်တာ ... ခင်ဗျားတို့ မယုံဘူးလား၊ ဟောဒီမှာ ... ထောက်ခံစာတွေကို ကြည့်'

ကျိချိက သူ့အင်္ကျီရင်ဖုံးအတွင်းမှ စာရွက်စာတမ်းများကို ထုတ်ပြလိုက်သည်။

ထိုစဉ် ... ချင်ထုန်က ကြားဝင်ပြောလိုက်သည်။

'သခင်ကြီး ... သူပေါက်ကရတွေ လျှောက်ပြောနေတာကို ယုံစားမနေပါနဲ့ ... သူဟာ မင်းသား လီအီ အစစ်ပါ၊ ဘယ်ကလာ ချန်မျိုးနွယ် ဟုတ်ရမှာလဲ'

ထိုစဉ် ရဲမက်တစ်ယောက်သည် အပြင်ဘက်မှ ပြေးဝင်လာပြီး ဖိချန် အနားကပ်ပြီး ...

'မြင်းတပ်တစ်တပ် ရွာထဲ ဝင်လာတယ်၊ ဘယ်တပ်ကလဲ မသိဘူး သခင်ကြီး'

ဟု ထိတ်ထိတ်ပျာပျာဖြင့် ပြောလိုက်သည်။

ထိုအခါ ...

နေပြည်တော်မှလာသော အရာရှိကြီး ဝမ်မှာ ခြေလက်များ တုန်တုန်ယင်ယင်ဖြင့် ...

'ဘာဖြစ်လို့ ဒါလောက်တောင် မြန်ရတာလဲ၊ မြန်မြန်လူလွှတ်ပြီး နေပြည်တော်က လာတာလား၊ နယ်က လာတာလားဆိုတာကို စုံစမ်းနိုင်းပါဦး'

ဖိချန်လည်း မျက်လုံးပြူးသွားသည်။

'ကဲ ... ဒီလူဟာ ချန်မျိုးပဲ ဖြစ်ဖြစ်၊ လီမျိုးပဲ ဖြစ်ဖြစ်။ သူဟာ ဝူကျေထန်ဘုရင်မကြီးဆီကိုသွားပြီး အလုပ်အကျွေးပြုမယ့်လူပဲ၊ ငါတို့ သူ့ကို ဒီအတိုင်းထားလို့ မဖြစ်ဘူး၊ ချင်ထုန် ... မင်း ဒီမှာနေပြီး သူ့ကို စောင့်ကြည့်နေ၊ သူ့ကိုယ်ပေါ်မှာ ... သေသေချာချာ ရှာဖွေထားစမ်း၊ နောက်မှ ငါ စီစဉ်မယ်၊ ထွက်မပြေးစေနဲ့ ... ကြားလား'

ဖိချန်သည် နေပြည်တော်မှ ရောက်နေသော အရာရှိကို လက်ဆွဲပြီး နံရံပေါ်မှ ခလုတ်ကို နှိပ်လိုက်သည်။ နံရံပေါ်မှ အံဖုံးတံခါး ပွင့်လာသည်။ ထိုလူစုသည် .... နံရံပေါက်ထဲ ဝင်သွားကြသည်။

ထို့နောက် ...

တံခါးပိတ်သွားလေတော့၏။

◆◆◆◆◆



## ဖိရန်အိမ်တော် အပိုင်းခံရခြင်း

ဖိချန်တို့လူစု ထွက်ခွာသွားကြပြီ ဖြစ်၏။

ခန်းမကြီးအတွင်း၌ ကျိုချိုအပြင် ချင်ထုန်နှင့် အခြားအစောင့် တစ်ဦးသာ ကျန်ခဲ့သည်။

တစ်ခဏအတွင်းမှာ မင်းသား လီအိ အမျိုးမျိုး တွေးနေမိသည်။ သူသည် မူလက ဖိချန်ကို နောက်ယောင်ခံလိုက်ရန်သာ စိတ်ကူးခဲ့သည်။

သို့သော် ... ကျိုချိုမှာ သူ့ကိုယ်စား ဒုက္ခခံစားနေရခြင်းကို စဉ်းစားမိသဖြင့် လီအိ စိတ်ထဲတွင် မကြည့်ရက်သလို ဖြစ်လာမိသည်။ ကျိုချိုမှာ နေပြည်တော်ဝင်ပြီး ရဲမက်လုပ်ဖို့ လာခြင်းသာ ဖြစ်ပေသည်။ ဖိချန် အမြင်မှန်ရဖို့အတွက်လည်း ... အရေးကြီးသည်။ ဘုရင်မကြီးကို မုန်းသည်နှင့် မသက်ဆိုင်သူတစ်ဦးကို အကြောင်းမဲ့ မညှဉ်းဆဲသင့်ပါ။

မင်းသား လီအိ၏ စိတ်ထဲတွင် ... ချိတုံချတုံ ဖြစ်နေချိန်တွင် ငယ်သံပါအောင် ... အော်လိုက်သော အသံတစ်သံကို ကြားလိုက်ရသည်။ ချင်ထုန်၏ လက်ချက်ကြောင့် ကျိချီ၏ ညှပ်ရိုးထိပ် ကျိုးသွားသဖြင့် အော်လိုက်ခြင်း ဖြစ်သည်။

'ဟား ... ဟား ... ဟား ... မင်းရဲ့ သိုင်းပညာစွမ်းအားကို ဖျက်ဆီးထားလိုက်ရင် မင်းထွက်ပြေးလည်း အကြောင်းမဟုတ်တော့ပါဘူး၊ အစ်ကိုလေး ... သူ့ကိုယ်ပေါ်ကို ရှာစမ်း'

ချင်ထုန်၏ ရယ်သံ ရပ်စဲမသွားမီ ... သူ့အဖော်ဖြစ်သူမှာ ရုတ်တရက် လဲကျသွားသည်။ ချင်ထုန်သည် သိုင်းပညာရင့်ကျက်သူဖြစ်သောကြောင့် ဘေးကို လေးငါးလှမ်း ရှောင်ထွက်လိုက်သည်။

'ဘုန်း ....'

အုတ်ကျွတ်တစ်ချပ် အောက်ကျလာပြီး ကြေမွသွားသည်။ အိမ်ခေါင်မိုးပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာသည်။

ချင်ထုန်မှာ ... ထိတ်လန့်သွားသည်။

'မင်း .... မင်း ဘယ်သူလဲ'

မင်းသား လီအိ လက်မှာ အလွန်မြန်ဆန်သည်။ ချင်ထုန်၏ ပခုံးထိပ်မှ ညှပ်ရိုးစွန်းကို လှမ်းဆွဲထားလိုက်သည်။

တစ်ဆက်တည်းမှာပင် ...

'ခွေးမသား .... မျက်စိ ကန်းနေသလား ... မင်းသား လီအိ ဆိုတာ ငါပဲကွ'



ပြောရင်း တအားညှစ်လိုက်ရာ ညှပ်ရိုးထိပ် ကျိုးသွားသည်။ ချင်ထုန်မှာ တစ်ချက်အော်ပြီး .... မူးမေ့လဲသွားသည်။

မင်းသား လီအိသည် ကျိချီကို ကျောပိုးပြီး လှေခါးထစ်မှ ဆင်းလာခဲ့သည်။ အိမ်အပြင်ဘက်တွင် မြင်းသံ၊ လူသံတို့ကို ကြားရသည်။ ဖိချန်၏ တပည့်များမှာ ခြံဝင်းအတွင်းသို့ ရောက်လာကြကုန်၏။ ထို့နောက် ... ၎င်းတို့သည် နံရံပေါ် တက်ကုန်ကြပြီး အကာအကွယ် ယူနေကြသည်။

မင်းသား လီအိ ပြေးထွက်လာရာ လမ်းမှာ အတား အဆီးမရှိ ခြံဝင်းအလယ်သို့ ရောက်လာခဲ့ပေသည်။ အစိုးရရဲမက်တို့ မှာ တံခါးကို ရိုက်ချိုးပြီး ဝင်လာကြသည်။

ခေါင်းဆောင်လုပ်သည့် ရဲမက်ဗိုလ်က ...

'ဖိရန်ဟာ ပုန်ကန်တော်လှန်တယ် ... ကြီးလေးတဲ့ အပြစ်ရှိတယ် ... မင်းတို့လည်း သူနဲ့အတူ လိုက်သေချင်လို့လား'

ထိုသို့ တစ်ခွန်းအော်လိုက်သည့်အတွက် ရဲမက်နှင့် အိမ်စေအချို့တို့မှာ လူစုကွဲပြီး ... ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြကုန်သည်။

ထိုအိမ်မှ ရဲမက်နှင့် အိမ်စေတို့မှာ တစ်ဝက်ခန့် တိမ်းရှောင်ပျောက်ကွယ်သွားကြသည်။ သို့သော် .... အကြံကြီးသော ဖိရန်မှာ တော်လှန်ပုန်ကန်ရန် ဆန္ဒရှိသောကြောင့် စောစောကတည်းကပင် အသေခံ လူယုံတော်တို့ကို မွေးထားသည်။

ထိုသူများသည် သိုင်းပညာစွမ်းရည် ထက်မြက်သောသူများ ဖြစ်ကြသည်။ အစိုးရတပ်များကို ပြန်လည်ခုခံတိုက်ခိုက်ကြ၏။ အိမ်ဝင်းအတွင်း ပြင်းထန်သော တိုက်ပွဲ ဖြစ် နေကြသည်။

ခြံဝင်းတစ်နေရာရှိ ချုံတစ်ချုံ၏ နောက်ကွယ်တွင် ပုန်းအောင်းနေသော မင်းသား လီအိမှာ ခုတ်သံထစ်သံတို့ကို ကြားရပြီး အစိုးရစစ်တပ်တို့မှာ ကြာလေ နီးကပ်လာလေ ဖြစ်လာသည်။

'ခုက္ခပါပဲ'

မင်းသား လီအိသည် စိတ်ထဲတွင် ဘုရားတ,နေရသည်။ သူတို့ကို ရန်သူနှစ်ဘက် ဝိုင်းနေသည်။ ထွက်ပေါက်မရ ဖြစ်နေသည်။ ထိုအခိုက် ... မြားတစ်စင်းသည် သူ့ဆီသို့ ချော်ပြီး ဝင်လာသည်။ မင်းသား လီအိသည် ခုန်ပြီး ရှောင်လိုက်ရသည်။

ထိုအခါ ကျောကုန်းပေါ်မှ ကျိချို၏ ကိုယ်လှုပ်သွားသဖြင့် ကျိချိုမှာ အနာက နာလွန်းသောကြောင့် လန့်အော်လိုက်သည်။ မင်းသား လီအိမှာ ပုန်းနေ၍ မရတော့သဖြင့် ထွက်ပြေးရသည်။ ဗိုအိမ်၏ အိမ်ဦးစီးက မြင်လိုက်ရလျှင် ထိတ်လန့်သွားပြီး ...

'ဒီနှစ်ယောက်ကို သတ်ပစ်လိုက်ကြ ...'

ဟု သူ့လူများကို အမိန့်ပေးလိုက်သည်။

အိမ်ဦးစီး၏ စိတ်ထဲတွင် ကျိချိုကို လီအိဟု ထင်မှတ်သည်။ မင်းသား လီအိကိုမူ ဝူကျောထန်ဘုရင်မကြီးက စေလွှတ်လိုက်သည့် လူဟု ထင်မှတ်နေ၏။



အဖြစ်က မြန်လွန်းသည်။ မင်းသား လီအိမှာ ခြေတစ်လှမ်းလှမ်းရုံသာ ရှိသေးသည် ... ရှိုးခနဲအသံနှင့်အတူ ဓားတစ်စင်း ထိုးဝင်လာသည်။

ထိုအခါ ... မင်းသား လီအိမှာ ဓားကိုဆွဲပြီး ပြန်လည်ခုခံလိုက်ရသည်။

ချက်ချင်းပင် ... လူအုပ်နည်းသည့်ဘက်သို့ ထွက်ပြေးရသည်။ ဗိုအိမ်မှ ရဲမက်နှင့် အိမ်စေတို့သည် နောက်မှ လိုက်လံ တိုက်ခိုက်ပြန်သည်။

မင်းသား လီအိသည် သူ့ကျောပေါ်မှ ကျိချိုကို ပစ်ချခဲ့ပြီး ထွက်ပြေးလျှင် လွတ်မြောက်နိုင်သည်။

သို့သော် ... အကြပ်အတည်းကြုံလျှင် တစ်ကိုယ်ကောင်းဆန်ခြင်းသည် ယောကျ်ားကောင်းတို့၏ လုပ်ရပ်မဟုတ်ချေ။

ထို့ကြောင့် ... လီအိသည် ဓားလှံတို့အကြားမှ ကျိချိုကို ကာကွယ်စောင့်ရှောက်ပြီး ခေါ်ခဲ့ရသည်။ တိုက်ပွဲအတွင်း၌ ရှန်ပိုင်ရှန်က ကျိချိုကို ဓားဖြင့် ခုတ်လိုက်သည်။ ထိုအခါ ... မင်းသား လီအိက ဓားဖြင့် ပြန်ခံလိုက်ရသည်။ တစ်ဖန် ရှန်ပိုင်ရှန်က ဓားဖြင့် မင်းသား လီအိ၏ ပခုံးကို ခုတ်လိုက်ပြန်သည်။ ထိုအချိန်၌ ...

'ချွင်း ....'

အသံတစ်သံကို ကြားလိုက်ရသည်။ ကြေးပြားတစ်ပြားသည် ရှန်ပိုင်ရှန်၏ လက်ကို ထိမှန်သွားသည်။ ဓားချက်စောင်းသွားသည်။

မင်းသား လီအီကို မခုတ်မိဘဲ ဓားချက် ဘေးချော်ထွက်သွားသည်၊ မင်းသား လီအီက ခြေဖျားဖြင့် တစ်ချက်ခတ်လိုက်ရာ ရှန်ပိုင်ရှန်၏ ရင်ဝကို ထိသွားပြီး လဲကျသွားသည်။

ရှန်ပိုင်ရှန်ကို ကြေးပြားဖြင့် ပစ်ခတ်လိုက်သော လူမှာ နန်းရင်းဝန် ဖီရန်အိမ်ကို လာဝိုင်းရန် စေလွှတ်လိုက်သော စစ်ဗိုလ်တစ်ဦး ဖြစ်သည်။ သူသည် ရှန်ပိုင်ရှန်ကို အလဲကန်နိုင်သော မင်းသားလီအီကို မြင်ရသောအခါ အံ့အားသင့်သွားသည်။

'ခင်ဗျားက ဘယ်သူလဲ .. ဝူကျေးထန်ဘုရင်မကြီးက စေလွှတ်လိုက်တဲ့လူလား'

သူ့အမေးကို လီအီက မဖြေဘဲ ပြေးသည်။ မင်းသား လီအီသည် ခြေလှမ်းကို မရပ်ဘဲ သူ့အနားမှ ဝှီးခနဲ ဖြတ်ကျော်သွားသည့် ကြေးများကို ရှောင်လိုက်သည်။ ထိုလူက သူ့ဘက်တော်သား မဟုတ်မှန်း သိသည်နှင့် ကြေးပြားသုံးပြားဖြင့် လှမ်းပစ်လိုက်ခြင်း ဖြစ်သည်။

မင်းသား လီအီ အနား၌ ရှိနေသော စစ်ဗိုလ်နှစ်ယောက်ကလည်း လီအီကို ဝိုင်းတိုက်ကြသည်။ မင်းသား လီအီသည် အတင်းဇွတ်တိုးသွားသည်။ တစ်ဦးက ....

'မင်းသေချင်လို့လား'

သို့သော် ... မင်းသား လီအီက ဖီရန်၏ ရဲမက်နှစ်ယောက်သုံးယောက်ကို ထိခိုက်ဒဏ်ရာရစေခြင်းကြောင့် မည်သည့်ဘက်က လူလဲ ဆိုသည်ကို ခန့်မှန်းမရ ဖြစ်နေကြသည်။



သူတို့ ဝေခွဲမရ ဖြစ်နေချိန်တွင် ... မင်းသား လီအီသည် သူတို့ရှေ့မှောက်သို့ ရောက်သွားသည်။ သူသည် စစ်ဗိုလ်တစ်ဦး လက်ထဲမှ လက်နက်ကို ချိုးသွားသည်။ ကျန်စစ်ဗိုလ်က ဓားဖြင့် လှမ်းပြီး ခုတ်လိုက်သည်။ မင်းသား လီအီက ရှောင်ပြီး ထွက်လိုက်သည်။ ရဲမက်အချို့က မင်းသား လီအီကို ...ဝိုင်းလိုက်ကြသည်။

မင်းသား လီအီက ...

'ဖီချန်ဟာ အိမ်နောက်ဘက် တောင်ပေါ်ကို တက်ပြေးပြီ၊ မင်းတို့က တရားခံကို လိုက်မဖမ်းကြဘဲ ငါ့ကို လိုက်နေလို့ ဘာများ အကျိုးရှိမှာလဲ'

အစိုးရစစ်တပ်တို့သည် အများစုမှာ အိမ်ကိုဝိုင်းပြီး တိုက်ကြသည်။ အိမ်နောက်ဘက်ရှိ တောင်ပေါ်တွင် အစောင့်ချထားသော်လည်း အရေအတွက် နည်းသည်။ တရားခံက အိမ်နောက်ဘက်ရှိ တောင်ပေါ်သို့ တက်ပြေးသည်ဟု ကြားရလျှင် ထိတ်လန့်သွားကြသည်။ ထို့နောက် ...

တပ်ကို ဦးဆောင်သော ဗိုလ်သည် ... ချက်ချင်းပင် စစ်တပ်ရဲမက်အချို့ကို ခွဲပြီး တောင်ပေါ်လမ်းကို ပတ်ဆို့စေလေသည်။ တပ်သားတို့ကို အမိန့်ပေးနေရခြင်းကြောင့် မင်းသား လီအီကို လိုက်ဖမ်းရန် အချိန်မရ ဖြစ်သွားလေ၏။ မင်းသား လီအီသည် မြင်းတစ်ကောင်ကို လုယူပြီး လယ်ကွင်းများဆီသို့ ထွက်ပြေးသွားလေတော့သည်။

လိအိ စီးလာသော မြင်းသည် ဗိချန်တို့ရွာကလေးနှင့် တဖြည်းဖြည်း ဝေး၍ ဝေး၍ လာခဲ့လေပြီ။

မင်းသား လိအိသည် အတန်ကြာစီးလာပြီးနောက် မြင်းထက်မှ ဆင်းကာ ... မြေကြီးကိုကပ်ပြီး နားထောင်ကြည့်သည်။ နောက်မှ လိုက်လာသော မြင်းခွာသံကို မကြားရတော့ချေ။

ထိုအခါ ကျီချိုကို တောထဲသို့ ပွေ့ခေါ်သွားပြီး မြေကွက်လပ်ကလေးတစ်ခု၌ ကျီချိုကို ချထားလိုက်သည်။

ထို့နောက် ... မင်းသား လိအိသည် သူ့ထံတွင် ပါလာသော ဆေးဖြင့် ကျီချို၏ဒဏ်ရာကို ထည့်ပေးသည်။

ခဏကြာလျှင် ကျီချို၏ ဒဏ်ရာမှ သွေးများ တိတ်သွားသည်။ ထို့နောက် ... ကျီချိုမှာ သတိရလာလေတော့သည်။

ကျီချိုသည် မင်းသား လိအိကို မြင်လျှင် ... အတော်အံ့အားသင့်သွား၏။

'လက်စသတ်တော့ ... ပညာစွမ်းထက်တဲ့ ဘဘကြီးပါလား။ လေးစားပါတယ်၊ လေးစားပါတယ်၊ အသက်ကယ်တဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး၊ ကျွန်တော်ထပြီး မကန်တော့နိုင်တာကို ခွင့်လွှတ်ပါ ....'

'မင်းရဲ့ ဒဏ်ရာက အပြင်ဒဏ်ရာပါ၊ သုံးလေးရက်လောက် အနားယူရင် ပျောက်ကင်းချမ်းသာသွားမှာပါ၊ စိတ်မပူပါနဲ့'

လိအိက အားပေးစကား ပြောလိုက်သည်။



ကျီချိုမှာ မကျေမချမ်းနှင့် ....

'ကျွန်တော့်ရဲ့ ကာယစွမ်းရည်ကို အဖျက်ဆီးခံခဲ့ရလို့ပေါ့ဗျာ၊ ဟင်း ... ဟင်း ... ကျွန်တော်က ဘုမသိ ဘမသိနဲ့ အချောက်တိုက်ခံခဲ့ရတာ ... ဒီရန်ငြိုးကို ဒီတစ်သက် မချေရရင် ... မကြေဘူး'

'ဒီရန်ငြိုးကို မင်းကိုယ်စား ... တခြားလူက လက်စားချေပေးပြီးပါပြီ'

'ဘဘကြီးက ... ဟိုသူခိုးကို သတ်လိုက်ပြီလား'

'မဟုတ်ပါဘူး၊ ကျုပ် မဟုတ်ပါဘူး၊ အစိုးရစစ်တပ်တွေ လာတိုက်လို့ပါ၊ ဟို သူခိုးကြီးလည်း ပြေးလို့ လွတ်မှာ မဟုတ်ဘူး'

'ဘဘကြီး ... အဲဒီလူတွေက ... တကယ်တော်လှန်ပုန်ကန်တဲ့ လူတွေလား'

'ဟုတ်ပါလိမ့်မယ်'

ကျီချို၏ ပါးစပ်မှ ထွက်လာသော စကားတိုင်းမှာ ... တော်လှန်ပုန်ကန်သူကို သူခိုးဓားပြ၊ ဘုရင်မကြီး သက်တော်ရှည်ပါစေဟု သာကြားနေရသည့်အတွက် မင်းသား လိအိမှာ အတော်ပင် မကျေမနပ်ဖြစ်နေသည်။ အကယ်၍ ကျီချိုသည် ဒဏ်ရာရနေသူမဟုတ်လျှင် ... သည်းမခံနိုင်ဘဲ ရိုက်မိမည် ဖြစ်သည်။

ထိုစဉ် ... လိအိသည် စိတ်ကူး တစ်မျိုးပေါ်လာပြီး စိတ်ကိုချက်ချင်း ဆုံးဖြတ်လိုက်သည်။

'မင်းက နေပြည်တော်ဝင်ပြီး လုပ်မှာက ဘာကိစ္စလဲ'

မင်းသား လီအိသည် သိလျက်နှင့် တမင်သက်သက် မေးလိုက်၏။ ကျီချီမှာ သက်ပြင်းချလိုက်ပြီး ...

'ကျေးဇူးရှင်မေးတာကို မပြောဘဲ မနေပါဘူး၊ ဘုရင်မကြီးဟာ နန်းတွင်းရဲမက်များအတွက် လူရွေးမှာ ဖြစ်ပါတယ်၊ ကျွန်တော်က ဗိုရန်ဒေသက ထောက်ခံပြီး အရွေးခံဖို့ စေလွှတ်လိုက်တာပါ၊ အင်း၊ အခုတော့ ကျွန်တော့်ရဲ့ ညှပ်ရိုးထိပ်တွေ ကြေမွကုန်ပြီ၊ ကာယစွမ်းအား အားလုံး ပျက်စီးကုန်ပါပြီ၊ ကျွန်တော့်ရဲ့ ရေ့တက်လမ်း ဒီမှာပဲ ဆုံးရှုံးသွားပါပြီ'

'မင်းမှာ ... ဗိုရန်ခရိုင်က ထောက်ခံစာတွေ ပါလာသလား'

ကျီချီက ...

'ဒီထောက်ခံစာတွေဟာ အခုတော့ .... ကျွန်တော့်အတွက် ဘာအသုံးကျတော့မှာလဲ'

ကျီချီသည် သူ့တွင် ပါလာသော ထောက်ခံစာများကို ထုတ်ကြည့်ရင်း ... လက်နှစ်ဘက်ဖြင့် ဆွဲဆုတ်မည့်ဟန် ပြုစဉ် မင်းသား လီအိသည် မျက်စိရှင်ပြီး လျှင်မြန်သည်။ ချက်ချင်း ထောက်ခံစာတို့ကို လုယူထားလိုက်သည်။

'ကျေးဇူးရှင်က ဘာဖြစ်လို့ ကျွန်တော့်ကိုယ်စား နှမြောနေရတာလဲ ... ကျွန်တော် ဒီတစ်သက်မှာ ဒီထောက်ခံစာတွေကို အသုံးပြုနိုင်မှာ မဟုတ်ဘူး၊ သိမ်းထားရင် ကျွန်တော် စိတ်ထိခိုက်နေဦးမှာပဲ၊ ဒါကြောင့် ဖျက်ဆီးပစ်လိုက်မလို့'



မင်းသား လီအိသည် ပြုံးကာ ...

'ကံသာလျှင် အမိ၊ ကံသာလျှင် အဘ ပါကွာ၊ ကံကောင်းရင် မင်းရဲ့ ကာယစွမ်းအားကို ပြန်ရနိုင်ပါလိမ့်မယ်'

'သမားတော် ဇီဝကကို ပြန်မွေးဖွားမှ ဖြစ်တော့မှာပါ'

'ပုဂ္ဂိုလ်ထူးတွေဟာ ... ခေတ်တိုင်းမှာ ပေါ်လေ့ရှိပါတယ်ကွာ၊ ဒီခေတ်အခါမှာ ဇီဝကလို သမားတော်မျိုး မပေါ်နိုင်ဘူးလို့ ပြောနိုင်မှာလား'

ကျီချီက မချိပြုံးပြုံးကာ ...

'ဘဘကြီးပြောသလို ပုဂ္ဂိုလ်ထူးကို တွေ့ဦးတော့ ကျွန်တော်က ညှပ်ရိုးကျိုးနေတာဆိုတော့ ... အနည်းဆုံး လေးငါးနှစ် ကြာမှ ကျွန်တော့်စွမ်းအားကို ပြန်ရနိုင်မှာပဲ၊ ဘုရင်မကြီးက ဒီလမှာ လူရွေးပွဲကျင်းပမှာ၊ ဒီတော့ .... ဒီစာရွက်စာတမ်းတွေကလည်း ဘာအသုံးကျတော့မှာလဲ'

'ဒီစာရွက်စာတမ်းတွေကို မင်း မယူတော့ဘူးလို့ ဆုံးဖြတ်ထားရင်လည်း ... ဘဘကြီးကို ပေးမလားလို့ အရဲစွန့်တောင်းချင်တယ်တယ်လိုလဲ'

'ဘဘကြီးက ယူပြီး ... ဘာလုပ်ဖို့လဲ'

'ကျူပ်မှာ တူတစ်ယောက်ရှိတယ်၊ သူ့ရဲ့ ရုပ်ရည်နဲ့ ကိုယ်လုံးကိုယ်ပေါက်က မင်းနဲ့ တော်တော်ဆင်တူတယ်၊ သိုင်းပညာလည်း တတ်တယ်၊ ဒါပေမယ့် ... သူ့မှာတော့ ထောက်ခံပေးမယ့်သူ မရှိဘူး၊

ဒီ အခွင့်အရေးနဲ့ ကြုံကြိုက်နေတုန်း ... သူ့ကို ကံစမ်းနိုင်းဖို့ စိတ်ကူးမိတယ်၊ တကယ်လို့ ကံကောင်းထောက်မပြီး ရာထူးကလေးရရင် မင်းရဲ့ ကျေးဇူးပါပဲ ...'

'ကျွန်တော့်အသက်ကို ကျေးဇူးရှင်ကြီးက ကယ်ထားတာပါ၊ ဒီကျေးဇူးကို ... အရိုးကြေကြေ အရေခမ်းခမ်း ပြန်ဆပ်ချင်နေတာ၊ ကျွန်တော့်အတွက် အသုံးမဝင်တဲ့ ဒီစာရွက် စာတမ်းကလေးလောက်ကိုတော့ ပြောနေဖို့ မလိုပါဘူး၊ ဒါပေမယ့် ... ဘုရင်မကြီးရဲ့ စည်းကမ်းဥပဒေဟာ သိပ်တင်းကြပ်တယ်၊ မတော်တဆ စစ်ဆေးတွေ့ရှိသွားရင် ... ကျေးဇူးရှင်ကြီးရဲ့ တူတော် ဒုက္ခရောက်မှာကိုသာ စိုးရိမ်မိတယ်'

'ကောင်းကျိုး ဆိုးကျိုးဟာ သူ့ရဲ့ ဘဝပေး ကံသာ ဖြစ်ပါတယ်၊ သူဟာ စစ်တပ်ထဲမှာ ထူးထူးချွန်ချွန် ဖြစ်လာရင် စုံစမ်းစစ်ဆေးလို့ တွေ့သွားတောင် သူ့ကို ခွင့်လွှတ်မှာပါ၊ တကယ်လို့ အကြောင်း မညီညွတ်လို့ အလိမ်ပေါ်သွားရင်လည်း မင်းအနေနဲ့ ဒီစာရွက်စာတမ်းတွေကို အလုယက် ခံလိုက်ရတယ်လို့ ပြောပေါ့၊ ကျုပ်တူကိုလည်း မင်းနဲ့ မပတ်သက်ရအောင် ဘယ်လိုပြောရမယ်ဆိုတာ သင်ပေးထားပါ့မယ်'

'ဒီလိုဆိုရင် ... ကျွန်တော့်အတွက် အသုံးမကျတဲ့ ပစ္စည်းနဲ့ သူတစ်ပါးရဲ့ ကောင်းကျိုးကို ပြုတာ ဝမ်းသာစရာပါပဲ၊ ကျွန်တော်ဟာ ဇာတိရပ်ဒေသကို မပြန်ဘဲ၊ တခြားပြည်နယ်မှာ ရှိတဲ့ သူငယ်ချင်း



အိမ်မှာ သွားနေလိုက်မယ် ... တကယ်လို့ လာပြီးစစ်ဆေးခဲ့ရင်လည်း အလုအယက် ခံရတယ်လို့ ပြောမယ်၊ ကျွန်တော့် ညှပ်ရိုးလည်း ကျိုးနေတဲ့အတွက် သက်သေပြလို့ ရပါတယ်၊ ကျေးဇူးရှင်ကြီးရဲ့ တူတော်ကို စုံစမ်းစစ်ဆေးလို့ရှိရင်လည်း ဓားပြလက်ထဲက ပြန်လုလာတာလို့ ပြောပေါ့ ...... ရုံးတော်ရှေ့ရောက်ပြီး မျက်နှာချင်းဆိုင် ပြောရသည့်တိုင်အောင် ဘဘကြီးရဲ့ တူတော်ဘက်က ထွက်ဆိုပေးပါ့မယ်'

မင်းသား လီအိသည် မူလက ကျိုချိုကို အမြင်ကပ်ခဲ့သည်။ ယခု ... သူနှင့် ကျေးဇူးမကင်းသလို ဖြစ်နေပြန်သဖြင့် ခွဲခွာရမည်ကို သံယောဇဉ် တွယ်သလို ဖြစ်နေပြန်သည်။ သို့သော် .... ကိစ္စက ရှိနေသဖြင့် မြန်မြန်ခွဲခွာရမည်သာ ဖြစ်သည်။ သူ့စိတ်ထဲတွင် ပြောလိုက်မိ၏။

'အင်း ... သူဟာ ရာထူးနဲ့ ဝင်ငွေအတွက် နေပြည်မတော်ကို သွားပြီး ဂူကျောထန်ဘုရင်မကြီးဆီမှာ အလုပ်အကျွေးပြုမှာ ဖြစ်ပေမယ့် ... လူကောင်းတစ်ယောက် ဖြစ်တယ်၊ ငါသာ ... သူ့ပစ္စည်းကို လိမ်ညာယူလိုက်တာကြောင့် ... ရှက်ဖို့ကောင်းတယ်'

ထို့ကြောင့် မင်းသား လီအိက ....

'အခု ... မိုးလင်းတော့မယ်၊ မင်းနဲ့ ကျုပ် အတူတူနေလို့ မဖြစ်တော့ဘူး၊ မင်းမှာ ရတဲ့ ဒဏ်ရာဟာလည်း အပြင်ဘက် ဖြစ်နေတယ်၊ သွေးလည်း တိတ်နေပါပြီ၊ ခဏကြာရင် ... မင်းလည်း သက်သာလာမှာပါ၊ မိုးလင်းလို့ ... လယ်သမားတွေ လယ်ယာထဲ ဆင်းလာတဲ့

အခါမှာ အကူအညီတောင်းပေါ့၊ မင်းမှာ အသုံးပြုဖို့ ငွေရှိရဲ့လား လိုသေးသလား'

'ရှိပါတယ် ... ကျေးဇူးပါပဲ အဘကြီး ... ကျွန်တော့်ငွေတွေ ဒီအတိုင်းပဲ ပြန်ပါလာတယ်'

ကျီချီမှာ သူ့ကို မင်းသား လီအိက စွန့်ခွာသွားမည်ကို အနည်းငယ် စိတ်အားငယ်နေရှာသော်လည်း ... 'ငါနှင့်အတူတူ နေရှင် သူ့ကို မထိန်းကွက်ဘူးလို့ အာမခံနိုင်မှာ မဟုတ်ဘူး' ထိုကဲ့သို့ စဉ်းစားမိပြန်သောအခါ ... မင်းသား လီအိ ထွက်ခွာသွားသည်ကို အပြစ်မတင်ရက်တော့ပေ။

မင်းသား လီအိသည် ကျီချီကို စွန့်ခွာမသွားရက်သလို ဖြစ်နေ၏။ ကျီချီ သွားရောက်နေထိုင်မည့် သူငယ်ချင်း၏ နေရပ်လိပ်စာကိုလည်း မေးထားဖို့ စိတ်ကူးလိုက်သေးသည်။ တစ်ဖန် ဆရာကောင်းသမားကောင်းရှာပြီး ကုသဖို့ ပြောရန် ပြင်လိုက်သေးသည်။

နောက်ဆုံးတွင် လီအိသည် ကျီချီအား ထားခဲ့ပြီးနောက် ခရီးတစ်လျှောက် မြင်းကို အပြင်းနှင်ခဲ့သည်။

မိုးလင်းလာလေပြီ ...

မင်းသား လီအိသည် စမ်းချောင်းကလေးတစ်ခု ဘေးတွင် ရပ်လိုက်သည်။ မုတ်ဆိတ်မွေးကို ဖြုတ်ကာ မျက်နှာသစ်ပြီး ရုပ်ပြောင်းဆေးကို လိမ်းခြယ်ပြီး စမ်းချောင်းထဲမှ သူ့ပုံရိပ်ကို ငုံ့ကြည့်လိုက်လေသည်။



မင်းသား လီအိ၏ စိတ်ထဲတွင် ...

'အစစ်နဲ့ အတု၊ အတုနဲ့ အစစ်ကို ဒီရုပ်ပြောင်းရုပ်လွှဲဆေးက ဖန်တီးနိုင်တယ်၊ မနေ့က ကျီချီကို လူတွေက ငါလို့ ထင်နေကြတယ်၊ ဒီကနေ့တော့ ... ငါ့ကို ကျီချီလို့ ထင်ကြတော့မှာပဲ'

တွေးရင်း ပြုံးမိသည်။

ထို့နောက် ...

လီအိသည် မြင်းကို ခပ်မှန်မှန် ဆက်လက်စီးနင်းလာခဲ့သည်။ သူဦးတည်ရာ လမ်းကြောင်းကား နေပြည်တော်ပင် ဖြစ်ပေသည်။

❖❖❖❖❖

## အခန်း (၁၈)

## လူရွေးပွဲ

သုံးလေးရက် ကြာပြီးနောက် လိအိသည် နေပြည်တော်သို့ ရောက်လာသည်။ အိမ်များသည် တစ်အိမ်နှင့်တစ်အိမ် ဆက်နေ၏။ လှည်းတို့မှာလည်း ဝန်အပြည့်နှင့် မောင်းနှင်နေကြသည်။ လမ်းပေါ်၌ လူအများ သွားလာလှုပ်ရှားနေကြသည်။

နေပြည်တော်မှာ ယခင်ကထက် ပို၍ စည်ကားနေပေသည်။ လိအိသည် တည်းခိုအိမ်တစ်အိမ်ရှာပြီး ... တည်းခိုလိုက်သည်။ ရဲမက်ဝတ်စုံကို လဲဝတ်လိုက်၏။ ကျီချိ၏ဘွဲ့မှာ ရောဂါသည် ဖြစ်သည့်အပြင် သူကိုင်ဆောင်သည့်လက်နက်မှာ သံကျာပွတ်နှင့် နှစ်ဘက်သွားဓား ဖြစ်သည်။ ထို့ကြောင့် သူ၏ ကိုယ်ပိုင်ဓားကို ကိုင်ဆောင်၍ မဖြစ်သောကြောင့် ဓားသစ်ဝယ်လိုက်ရသည်။ အဆင်သင့် ဖြစ်သောအခါ ... လိအိသည် သွားရောက် သတင်းပို့လေတော့သည်။



စစ်ဆေးရေးမှူး၏အမည်မှာ မူလက ယေချီမင်ဖြစ်၍ သူသည် တောင်ပိုင်းဘုရင်ခံချုပ် ယေချီရှန်၏ ညီ ဖြစ်သည်။ သူသည် ဟူနန်ပြည်သား ဖြစ်၏။ ထန်မင်း နိုင်ငံကို ထူထောင်စဉ်က ဟူနန်ပြည်သူပြည်သားတို့ကို အမြောက်အမြား အသုံးပြုခဲ့ပြီး ... ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့သောကြောင့် ... ဘကြီးတော်ဘုရား လက်ထက်တွင် ယေချီမင်ကို မြင်းတပ်ဗိုလ်ချုပ်ရာထူး ချီးမြှင့်ကာ လီမျိုးနွယ်ကို ပေးသနားတော်မူ၍ ယေချီမင်၏အမည်သစ်မှာ 'လီမင်ကျိ' ဖြစ်လာ၏။ ဝူကျေထန်ဘုရင်မကြီး လက်ထက်တွင်လည်း သူ့ကို ရာထူးကြီးကြီး ပေးထားသည်။ ငြိမ်းချမ်းသောအချိန်၌ နန်းတွင်းကို စောင့်ရှောက်ကာကွယ်ရသည်။ စစ်ပွဲဖြစ်သောအခါ၌ စစ်မျက်နှာပြင်သို့ သွားရောက်ရသည်။ ထို့ကြောင့် အရပ်အသီးသီးမှ ထောက်ခံ၍ ပို့လွှတ်လိုက်သူများမှာ စွမ်းရည်ပြည့်စုံသည့်အပြင် ယုံကြည်စိတ်ချရသည့် လူများ ဖြစ်နေကြလေ၏။

မင်းသား လိအိ သတင်းပို့လာသောအခါ ... ထောက်ခံစာနှင့် တကွ ပုံတူကိုပါ စစ်ဆေးကြည့်ရှုပြီး မသင်္ကာဖွယ် မတွေ့ရသဖြင့် အရွေးခံရန် ခေါ်ထားလိုက်၏။ အရွေးခံရမည့် လူပေါင်း နှစ်ရာကျော်ခန့် ရှိသည်။ လူတစ်ရာ ရွေးရသည့်အတွက် အရွေးခံသည့်အခါ ... လိအိအနေဖြင့် သူ့လက်စွမ်းအမှန်ကို ပြလိုက်ပါက ဇာတိရုပ်ပေါ်သွားမည်ကို စိုးရိမ်ရသည်။ အမှန်အတိုင်း မပြဘဲ တော်ရုံတန်ရုံ လက်စွမ်းပြလိုက်ပါကလည်း အရွေးမခံရမည်ကို စိုးရိမ်ရပြန်သည်။

မင်းသား လီအိ သက်ပြင်းချလိုက်ရလေတော့သည်။

ယနေ့ ... လူရွေးပွဲကြီး ကျင်းပတော့မည်။

လူရွေးပွဲတွင် လီမင်ကျို ကိုယ်တိုင် ကြပ်မတ်ရွေးချယ်သည်။

လူရွေးပွဲကို စတင်ကျင်းပသည်နှင့် အသီးသီး လက်စွမ်းပြကြရာ ဩဘာသံများ ဆူညံနေသည်။ လီအိအနေဖြင့်မူ ... ဩဘာပေးလောက်အောင် ထိုက်တန်သည့် စွမ်းရည်မဟုတ်ဟု မြင်သော်လည်း အခြားသူများက သူ့ကို သတိပြုမိမည်ကို စိုးရိမ်သည့်အတွက် သူများနည်းတူ လိုက်ပြီး ဩဘာပေးလိုက်ရသည်။

အရွေးခံလာကြသော လူများတွင် လက်စွမ်းရည် ထက်မြက်သော လူများလည်း ပါဝင်လာကြ၏။ သို့သော် ... လူရွေးသောအရာရှိက မသိမသာ သူတာဝ်မှ လူတို့၏ အစွမ်းက ပိုထက်မြက်ကြောင်းကို တစ်နည်းမဟုတ်တစ်နည်း အကြောင်းရှာပြီး ပြသည်။

ပြိုင်ပွဲဝင်တို့မှ အစွမ်းအမျိုးမျိုးပြကြသည်။

လီအိသည် ထိုအချိန်ကျမှ အကြီးအကျယ် ကိတ်လန့်သွား၏။ ဝူကျေထန်ဘုရင်မကြီး၏ လက်အောက်တွင် လူတော်လူကောင်းများ အမြောက်အမြား ရှိနေကြောင်းကို သိရှိလိုက်သည်။

ထိုစဉ် ...

'ဖီရှန်ဒေသက ကျိချို အစစ်ခံဖို့ ထွက်ခဲ့ပါ'

မင်းသား လီအိ စိတ်ထဲတွင် တထိတ်ထိတ် ဖြစ်ရပြီး နှုတ်ဖြေ အစစ်ဆေးခံဖို့ ထွက်လာရသည်။



လီမင်ကို အရိုအသေပေးလိုက်၏။ လီမင်သည် အမည်စာရင်းကို လှန်ကြည့်ပြီး မေးခွန်းမေးသည်။ အားလုံးကို အဆင်ပြေပြေဖြင့် ဖြေနိုင်သည်။ စစ်ဆေးရေးအရာရှိ လီမင်က သူ့အမည်စာရင်းပေါ်မှ မှတ်ချက်ကို ကြည့်ပြီး ...

'မောင်မင်းက ... ကျားပွတ်လက်နက်ရဲ့ အစွမ်း ပြနိုင်တယ် မဟုတ်လား'

'အနည်းအကျဉ်းတော့ ဖြစ်ပါလိမ့်မယ်'

'ကောင်းပြီ ... ဒါဖြင့် မောင်မင်းရဲ့ ကျားပွတ်နဲ့ ဓားစွမ်းကို ပြပါ'

လီအိသည် ... ကျားပွတ်လက်နက်အစွမ်းနှင့် ဓားအစွမ်းကို တော်သင့်ရုံ ပြလိုက်သည်။

စစ်ဆေးရေးအရာရှိက ....

ကျားပွတ်ရော ... ဓားပါ တစ်ချိန်တည်း အသုံးနိုင်ပါသလား'

'အနည်းအကျဉ်းတော့ ရပါတယ်'

'ဒါဖြင့် လက်စွမ်းလေး ပြလိုက်ပါဦး'

လီအိသည် ... ဇော်ရုံသင့်ရုံမျှ ပြပြန်သည်။ လက်စွမ်းပြပြီးနောက် ... စစ်ဆေးရေးအရာရှိက သူ့ကို ခေါ်ယူလိုက်သည်။

'မောင်မင်းရဲ့ ကျားပွတ်အစွမ်းဟာ ဓားစွမ်းကို မမီသေးဘူး၊ တစ်ချိန်တည်းမှာပဲ ... မောင်မင်းဟာ ဓားစွမ်းကို အကုန်ထုတ်မပြသလို ဖြစ်နေတယ်၊ တချို့ဓားကွက်တွေဟာ မူလက ကောင်းအောင်

လေ့ကျင့်ထားပါလျက်နဲ့ တစ်စုံတစ်ရာကို စိုးရိမ်နေသလိုပဲ၊ ဒါဟာ ဘာ့ကြောင့်လဲ ....'

'ကျွန်တော်မျိုးလည်း ... မပြောတတ်တော့ဘူး၊ ပရိသတ်ကို ကြောက်လို့ ဖြစ်ပါလိမ့်မယ်၊ ကျွန်တော်မျိုးက စားချက်ကောင်းအောင် ကြိုးစားတာပဲ ... စားက ဆွဲတိုင်း ပါမလာဘူး'

လီမင်က ပြုံးကာ ...

'လက်စသတ်တော့ ... ပွဲမတိုးဖူးတဲ့ ချို့ယွင်းချက်ကလေးပဲ ရှိနေတာကိုး ...'

လီအိက ပြန်မဖြေဘဲ ဝန်ခံသည့်သဘောမျိုး လုပ်နေလိုက်၏။

'မောင်မင်းမှာ ဘာထူးချွန်တဲ့ စွမ်းရည် ရှိပါသေးသလဲ'

'လျှို့ဝှက်လက်နက်ဖမ်းနိုင်တဲ့ စွမ်းရည် ရှိပါသေးတယ်'

'ကောင်းပြီ ... မောင်မင်းကို လေးစကြာနဲ့ ပစ်ခိုင်းလိုက်မယ်၊ မောင်မင်း ဖမ်းနိုင်မလား၊ မြားထိပ်ဖူးကို ဖြုတ်ပေးရမလား'

'ဖြုတ်ထားဖို့ မလိုပါဘူး'

လီမင်က အံ့အားသင့်ဟန်ဖြင့် ...

'မြားထိပ်ဖူးက ချွန်ထက်နေတာ မတော်တဆ ထိခိုက်မိရင် အန္တရာယ်ဖြစ်မယ်၊ မောင်မင်း ... မကြောက်ဘူးလား'

'ကျွန်တော်မျိုးကို လေးနဲ့ပစ်ရင် ... ပစ်သူတစ်ယောက်ထဲကို မြင်တယ်၊ အာရုံမများဘူး၊ မြားမှာ မြားထိပ်ဖူး မရှိတော့ သူ့ရဲ့ လေးစကြာကို အစွမ်းကုန် ပြနိုင်မှာမဟုတ်ဘူး'



စစ်ဆေးရေးအရာရှိက ...

'ဟား ... ဟား ... ဟား .... သူက လူတကာအံ့ဩလောက်တဲ့ အစွမ်းကို မပြရမှာ စိုးရိမ်လို့ ထင်တယ်၊ ကဲ .... ကောင်းပါပြီ၊ မောင်မင်း ... မြိုင်ခင်းထဲကို သွားပေတော့'

လီအိသည် မြိုင်ခင်းထဲသို့ ဝင်လိုက်သည်။ မြိုင်ခင်း မင်းစေတို့သည် မြင်းနှစ်ကောင်ကို ဆွဲခေါ်လာသည်။ တစ်ယောက်တစ်ကောင်စီ စီးပြီး မြိုင်ခင်းတစ်ပတ်ကို လှည့်ပြီး စီးလိုက်ကြသည်။

လေးစကြာပစ်မည့်လူက ...

'သတိထားနော် ... မြားကို လွှတ်လိုက်မယ်'

'ဗိုး ...'

လီအိသည် ကိုယ်ကို စောင်းပြီး ရှောင်ပေးလိုက်သည်။ မြားတို့မှာ ချော်ပြီး လွန်ထွက်သွား၏။

မြားလွန်သွားသောအခါမှ မင်းသား လီအိသည် မြား၏ အမြီးကို လှမ်းဆွဲပြီး ... မြေကြီးပေါ်သို့ ပစ်ချလိုက်သည်၊ ထိုရဲမက်သည် နောက်ထပ် မြားသုံးစင်းကို ဆက်လက်ပြီး အမြန် ပစ်လာပြန်သည်။ မင်းသား လီအိကလည်း မြင်းကျောပေါ်မှ နောက်လှည့်ပြီး မြားသုံးစင်းစလုံးကို ဖမ်းယူလိုက်သည်။

'ဖျောင်း ... ဖျောင်း ... ဖျောင်း ...'

မြားပစ်သူက မြန်ဆန်သလောက် မင်းသား လီအိကလည်း အမြန်ဖမ်းနိုင်လိုက်သည်။

ကြည့်နေသော ပရိသတ်ကလည်း လက်ခုပ်သံမစဲအောင် သြဘာပေးကြသည်။

လေးပစ်သည့် ရဲမက်သည် နောက်တစ်ဖန် မြားသုံးစင်းကို တစ်ပြိုင်တည်း ပစ်လွှတ်လိုက်ပြန်သည်။

မြားသုံးစင်းမှာ လေးမှ တစ်ပြိုင်တည်း ထွက်လာသော်လည်း မြားတစ်စင်းမှာ နောက်ဈေး၊ တစ်စင်းမှာ နောက်ကျော၊ ကျန်တစ်စင်းမှာ ချိုင်းအောက်သို့ တိုးဝင်လာကြသည်။

ပြိုင်ခင်းရှိ ပရိသတ်တို့မှာ အသက်မရှူဝံ့ဘဲ စောင့်ကြည့်နေကြသည်။ မင်းသား လီအိသည် မြင်းထက်တွင် ထခုန်လိုက်ပြီး ... တစ်ပတ်ကျွမ်း ထိုးလိုက်ခြင်းကြောင့် မြားသုံးစင်းတို့မှာ ရှေ့ကို လွန်သွားပြီး လွန်သွားသော မြားတို့ကို လေထဲတွင်ပင် ကိုယ်ကိုလှည့်၍ ဖမ်းယူကာ မြင်းပေါ်သို့ ထိုင်လျက် ပြန်ကျသွားသည်။

'ဖျောင်း ... ဖျောင်း ... ဖျောင်း'

'ဗြီး ... ဗြီး ... ဗြီး'

ပရိသတ်မှာ ရင်သပ်ရှုမော အံ့သြသွားကြပြီးနောက် ...

သြဘာပေးကြပြန်သည်။ မြားပစ်သည့် ရဲမက်မှာ ... မျက်နှာ နီမြန်းလာသည်။

မင်းသား လီအိ မြင်းပေါ်သို့ ပြန်ကျရုံမျှ ရှိသေးသည်၊ မြား နှစ်စင်းကို တစ်ပြိုင်တည်း လွှတ်လိုက်ပြန်သည်။ ယခုအကြိမ်တွင် လူကို မပစ်ဘဲ မြင်း၏ပေါင်ကို ပစ်လိုက်သည်။



ထိုသူစိတ်ထဲ၌ ...

'မြင်း လဲကျသွားပြီး .. မြင်းပေါ်က လူလိမ့်ကျလာရင်တော့ ငါ့ အရက်မကွဲတန်ဘူး'

ထိုလေးပစ်သူ၏ စိတ်ထဲတွင် ယခု မြားနှစ်စင်းကို မင်းသား လီအိ မဖမ်းနိုင်ဟု ကျိန်းသေ ထင်လိုက်သည်။ သို့သော် မင်းသား လီအိသည် မြင်းပေါ်၌ ကင်းမြီးကောက်ထောင်ပြီး မြားနှစ်စင်းစလုံးကို ဖမ်းယူလိုက်ပြန်သည်။

လေးပစ်သမား၏ မြားမှာ အလွန်မြန်ဆန်သည်။

နောက်ထပ် မြားနှစ်စင်းကို ဆက်တိုက်ပစ်လွှတ်လိုက်သည်။ ထိုသူ ပစ်လွှတ်လိုက်သော မြားကို လက်ဖြင့် ဖမ်းယူနိုင်ချိန် မရခြင်းကြောင့် မြားတစ်စင်းကို ပါးစပ်တွင် ကိုက်ထားသော မြားဖြင့် ခံလိုက်ရသည်။ နောက်မှလာသော မြားမှာ မြေကြီးပေါ်သို့ ကျသွားသည်။

လေးပစ်သူသည် လေးကို ပခုံး၌ လွယ်လိုက်ပြီး စစ်ဆေးရေး အရာရှိထံသို့ သွားသည်။

'သတင်းပို့ပါတယ်၊ ကျိုချိုရဲ့ မြားဖမ်းအစွမ်းဟာ အလွန်ထက်မြက်ပါကြောင်း၊ ကျွန်တော်မျိုး အရှုံးပေးပါတယ်ဘုရား'

မင်းသား လီအိကလည်း စစ်ဆေးရေးအရာရှိ လီမင်ကို သတင်းပို့လာသည်။

'တပည့်မှာ ... ပညာရည် မပြည့်စုံတဲ့အတွက် နောက်ဆုံးမြား တစ်စင်းကို မဖမ်းနိုင်ဘဲ မြေပေါ်သို့ ကျသွားကြောင်းပါ'

စစ်ဆေးရေးအရာရှိ လီမင်က ...

'မောင်မင်းရဲ့ စွမ်းရည်က မဆိုးပါဘူး၊ မြှားဖမ်းတာရော ကိုယ်လက်ပေါ့ပါးမှုပါ မကဘူး၊ အတွင်းစွမ်းအားလည်း အခြေခံကောင်းတယ်၊ ဒီလို ပညာရှင်မျိုး ရှားတယ်'

စစ်ဆေးရေးအရာရှိသည် စုတ်တံကိုင်ပြီး ... မှတ်ချက်ရေးရန် ပြင်ဆင်လိုက်သည်။ စုတ်တံကို ဝိုင်းကာ ရစ်ကာနှင့်သာ လုပ်နေပြီး မှတ်ချက်ကို ရေးမချဘဲ တစ်စုံတစ်ရာကို စဉ်းစားနေသည်။ မင်းသား လီအီ စိတ်ထဲတွင် တထိတ်ထိတ် ဖြစ်လာသည်။

သူ လက်စွမ်းပြသည်မှာ လွန်သွား၍ သူတို့ သတိထားမိသည် လား။ အကယ်၍ စစ်ဆေးမေးမြန်းပြီး အလိမ်ပေါ်ခဲ့ပါက .. ကြီးလေးသော အပြစ်ရတော့မည်ကို စိုးရိမ်နေမိသည်။

စစ်ဆေးရေးအရာရှိ လီမင်က ... လေးပစ်ရဲမက်ကို သွားရန် ခွင့်ပေးလိုက်ပြီးနောက် ပြိုင်ပွဲဝင်အမည်စာရင်းကို ပြန်ကြည့်သည်။ ထို့နောက် မင်းသား လီအီဘက်သို့ လှည့်လိုက်ပြီး ...

'မောင်မင်း ... ခဏနေဦး'

မင်းသား လီအီ စိတ်ထဲ၌ ထိတ်သွားမိ၏။ သို့သော် ဟန်မပျက် နေရာတွင်ပင် ရပ်၍ စောင့်ဆိုင်းနေလိုက်သည်။

နောက်ထပ် စစ်ဆေးခံမည့်သူကို ခေါ်လိုက်၏။

နောက်ထပ် ပညာစွမ်း စစ်ဆေးခံရမည့်သူမှာ ဟိုနန်ပြည်နယ် မှ နာမည်ကျော် ဓားသမား ချီကျုံယွမ် ဖြစ်သည်။



ထိုသူကို စစ်ဆေးရေးအရာရှိက ...

'မောင်မင်းဟာ နာမည်ကျော် ဓားသမား ဖြစ်တယ်၊ တခြား သူတွေနဲ့ ပြိုင်ဖူးပါသလား'

'မိုးအောက်မြေပြင်ပေါ်မှာ နာမည်ရဓားသမားတွေ အမြောက် အမြား ရှိပါတယ်၊ ကျွန်တော်မျိုးနဲ့တော့ မယှဉ်ပြိုင်ဖူးသေးပါဘူး၊ ဓားဆရာကြီး လေးငါးယောက်နဲ့တော့ တွေ့ဖူးပါတယ်၊ သူတို့က ကျွန်တော်မျိုးရဲ့ ချို့ယွင်းချက်ကလေး တစ်ကွက်နှစ်ကွက်လောက် သာ ပြသွားပါတယ်၊ တကယ်ယှဉ်ပြိုင်တာ မရှိပါဘူး၊ တခြားလူတွေ ကျပြန်တော့လည်း ကျွန်တော်မျိုးကို မယှဉ်နိုင်ပါဘူး၊ သူတို့ကို အနိုင် ရပေမယ့် ... အစွမ်းထက်တယ်လို့ ပြောမရပါဘူး'

စစ်ဆေးရေးအရာရှိက ပြုံးကာ ...

'ဒီလိုဆိုရင် မောင်မင်းရဲ့ အရည်အချင်းကို သိလိုတာကြောင့် လူတစ်ယောက်နဲ့ ဓားချင်းယှဉ်ကြည့်ပါလား'

'ဟုတ်ကဲ့'

စစ်ဆေးရေးအရာရှိက လီအီကို လက်ညှိုးထိုးပြပြီး ....

'ကောင်းပြီ ... ဟောဒီလူနဲ့ တစ်ကွက် နှစ်ကွက်လောက် စမ်း ကြည့်ပါလား'

လီအီမှာ အနည်းငယ် ထိတ်လန့်သွားပြီး ...

'ကျွန်တော်ဟာ ပညာ မပြည့်စုံသေးပါဘူး ... သူ့ကို ကျွန်တော် ဘယ်ယှဉ်နိုင်ပါ့မလဲ၊ ကျွန်တော့်ထက် တော်တဲ့လူနဲ့ ယှဉ်ခိုင်းပါ'

လီအီအနေဖြင့် ဓားစွမ်းယှဉ်ပြိုင်ရင်း မိမိဇာတိရုပ်ပေါ်သွားမည်ကို စိုးရိမ်မိ၏။ လီမင်၏စိတ်ထဲတွင်မူ လီအီက ချီကျုံယွမ်ကို မယှဉ်ပြိုင်ဝံ့၍ ငြင်းဆန်သည်ဟု ထင်မိသည်။

လီမင်က ...

'စိတ်ပူမနေပါနဲ့'

ချက်ချင်းဆိုသလို လက်အောက်ငယ်သားတို့ကို သစ်သားဖြင့် ပြုလုပ်ထားသော ဓားနှစ်လက်ကို ယူခိုင်း၏။ သစ်သားဓားများ၏ အရွယ်အစားတို့မှာ တကယ့်ဓားအစစ်နှင့် တစ်ရွယ်တည်း ဖြစ်သည်။

ထို့နောက် ... ထုံးမှုန့်တစ်ပုံးကိုလည်း ယူခိုင်း၍ ဓားနှစ်လက်ကို ထုံးပုံးထဲ စိုက်ခိုင်းထားလိုက်သည်။ ပြီးမှ မင်းသား လီအီနှင့် ချီကျုံယွမ်တို့ကို တစ်ယောက်တစ်လက် ဝေပေးလိုက်သည်။

လီမင်သည် မင်းသား လီအီကို ကြည့်ပြီး ...

'စောစောက မောင်မင်း ခင်းသွားတဲ့ ဓားရေးဟာ အစွမ်းမကုန်သေးဘူး၊ အခွင့်အရေးကြုံကြိုက်တုန်း တစ်ချီတစ်ပွဲတော့ စမ်းကြည့်လိုက်ပါဦး၊ အသက်အန္တရာယ်ဖြစ်မှာ မစိုးရိမ်ရဘူး၊ တစ်ယောက်ကို တစ်ယောက် ညှာနေဖို့ မလိုဘူး၊ ယှဉ်ပြိုင်ပြီးတဲ့နောက် ကိုယ်ပေါ်က ထုံးချက်အပေါ် မူတည်ပြီး အရှုံးအနိုင်ကို ဆုံးဖြတ်ပေးမယ်'

မင်းသား လီအီမှာ မငြင်းဆန်နိုင်သည့်အဆုံး .... ဓားဆွဲပြီး ပြိုင်ခင်းထဲ ဆင်းရတော့သည်။ ပြိုင်ပွဲဝင်ရပေတော့မည်။

❖❖❖❖❖



## အခန်း (၁၉)
## ပျော်တလုလု အကြံအစည်

ရဲမက်ရွေးပွဲ ပြုလုပ်ထားသည့် စစ်ရေးကွင်းမှာ အခမ်းနားကြီး မဟုတ်သည့်တိုင် ... မသေးငယ်လှချေ။ ကျယ်ဝန်းသော ကွင်းပြင်ကြီးအဆုံးတွင် အိပ်ဆောင် အသီးသီး ရှိနေလေ၏။

တစ်ဖက်တွင် စစ်ရေးပြကွင်း ပြုလုပ်ထားပြီး ထိုစစ်ရေးပြကွင်းတွင် ရဲမက်ရွေးပွဲ ကျင်းပနေခြင်း ဖြစ်သည်။

ချီကျုံယွမ်ကတော့ လက်တပြင်ပြင်၊ ဓားတပြင်ပြင် ဖြစ်နေသည်။ အလွန်တက်ကြွနေသည်။

'နောင်ကြီးချန်က ... ဒီကွင်းထဲမှာ အရင်ဆုံး အစွမ်းပြရတဲ့လူဆိုတော့ ... နောင်ကြီးချန်ကိုပဲ ဦးစားပေးရတော့မှာပဲ၊ နောင်ကြီးချန်ကပဲ စ,တိုက်ပါ'

ချိုကျုံယွမ်က မင်းသား လီအိအား နောင်ကြီးချန်ဟု ခေါ်နေ ခြင်းမှာ ... စာရင်းပေးစဉ်က မင်းသား လီအိသည် ချန်ကျိုချိုအမည် ဖြင့် စာရင်းပေးထားသောကြောင့် ဖြစ်လေသည်။

မင်းသား လီအိက ...

'ဟာ၊ မဟုတ်တာပဲ၊ နောင်ကြီး ချိုခင်ဗျား ... ကျုပ်က တစ်ခါ ပညာပြသပြီး ဖြစ်နေတော့ ကျုပ်ကချည်း ပညာထပ်ပြနေလို့ ဘယ် သင့်တော်ပါမလဲ၊ နောင်ကြီးကပဲ စတိုက်ပါ'

ချိုကျုံယွမ်သည် စိတ်မရှည်တော့သဖြင့် ... မင်းသား လီအိ၏ မျက်နှာဆီသို့ ဓားတစ်ချက် ထိုးသွင်းလိုက်လေတော့သည်။

မင်းသား လီအိမှာ အသည်းတစ်ချက် အေးခနဲ ဖြစ်သွားပြီး အမြန် ရှောင်လိုက်ရသည်။

သို့သော် ...

ကျယ်လောင်သော လက်ခုပ်သံများ အဆက်မပြတ် ဆူညံ သွားသည်။ မင်းသား လီအိသည် မျက်နှာနီသွားသည်။ ဓားချက်ထိ သွားသည်ကို သိလိုက်လေ၏။

လီအိ စိတ်ထဲ၌ ...

'စစ်ဆေးရေးအရာရှိက ... ငှါအပေါ် သံသယ ဖြစ်နေတယ်၊ ငှါကို တမင်သက်သက် လျှော့လျှော့ပေါ့ပေါ့ အစွမ်းပြနေတယ်လို့ ထင် မှတ်နေတယ်၊ ငှါအစွမ်းကို မဖော်ပြရင် ငှါအလိမ် ပေါ်သွားနိုင်တယ်၊ ဒါဆို ပိုအရုပ်ဆိုးသွားမယ်'



ထိုသို့ စဉ်းစားနေခိုက် ... ချိုကျုံယွမ်၏ ဒုတိယဓားချက်မှာ သွင်းလာပြန်သည်။ မင်းသား လီအိက သူ့ဓားချက်ကို ခံပြီး ဓားချက် ပြန်သွင်းလိုက်သည်။ ဓားမှာ ချိုကျုံယွမ်၏ ပခုံးကို ထောက်မိသွား သည်။ ပရိသတ်အချို့ သဘောကျသွားပြီး ဩဘာပေးကြသည်။

'ဘယ်ဆိုးလို့တုန်း ....'

ချိုကျုံယွမ်မှာ ဓားချက်အထိခံရသောကြောင့် ဒေါသဖြစ်သွား သည်။ လန့်လည်း လန့်သွားသည်။ တစ်ဘက်လူကို အထင်သေးခဲ့ သော စိတ်တို့လည်း လုံးဝ ပျောက်ကွယ်သွားသည်။ ခံချက်နှင့် ထိုးချက်တို့ကို ယှဉ်တွဲသုံးပြီး လီအိကို ယှဉ်ပြိုင်သည်။ တစ်ခဏ အတွင်း ဓားချက် သုံးလေးဆယ် ယှဉ်ပြိုင်လိုက်ကြသည်။

လီမင်က ... ပွဲကို ရပ်ဆိုင်းစေလိုက်ပြီး ပြောကြားသည်။

'မောင်မင်းတို့နှစ်ယောက်စလုံးဟာ စွမ်းရည်လည်းကောင်း ကြတယ်၊ ဓားရေးလည်း ကျင်လည်ကြတယ်၊ ပြိုင်ဖို့ မလိုတော့ဘူး။ ကျိုချိုရဲ့ ကိုယ်ပေါ်မှာ ဓားချက်အထိများတယ်၊ ဒါပေမယ့် ချိုကျုံယွမ် ရဲ့ ကိုယ်ပေါ်မှာရှိတဲ့ ဓားချက်က ချက်ကောင်းပဲဖြစ်တယ်၊ ဓားရေးမှာ သူ့ဓားနဲ့သူ ထက်မြက်ကြပါတယ်၊ နောက်နောင် မင်းတို့ နှစ်ယောက် အမြဲလေ့ကျင့်သွားမယ်ဆိုရင် ပိုပြီး တိုးတက်လာလိမ့်မယ် ... ကြားလား'

စစ်ဆေးရေးအရာရှိသည် သူတို့နှစ်ယောက်၏ အမည်စာရင်း ပေါ်တွင် မှတ်ချက်ရေးလိုက်ပြီး ...

'မောင်မင်းတို့ နှစ်ယောက်စလုံး အောင်တယ် ... လူရွေးပွဲပြီးတဲ့အခါ ... မောင်မင်းတို့နှစ်ယောက်နဲ့ ငါ ... ထပ်ပြီးဆွေးနွေးဦးမယ်၊ ကြားလား'

မင်းသား လီအီမှာ ပြိုင်ခန်းထဲမှ ထွက်လာခဲ့သော်လည်း ... စိတ်ထဲတွင် တထင့်ထင့် ဖြစ်နေသေးသည်။ စိတ်ထဲ၌ ...

'လီမင်ဟာ ငါနဲ့ ဘာများ ဆွေးနွေးဦးမှာလဲ ... စောစောက ယှဉ်ပြိုင်လိုက်တဲ့ စားရေးမှာ ငါ ချို့ယွင်းချက်များ ပေါ်သွားလို့လား'

ပြိုင်ကွင်းထဲတွင် အခြားလူများ ဆက်လက်ပြီး စွမ်းရည်ပြနေကြသည်။ မင်းသား လီအီမှာ ကြည့်လိုစိတ် မရှိဘဲ ဖြစ်နေသည်။ အခြားရဲမက်တို့က သူ့ကို ဝိုင်းပြီး ကြည့်နေကြသည်။ ပြိုင်ခန်းထဲတွင် မည်သည့်စွမ်းရည် ပြနေသည်ကိုလည်း ထင်ထင်ရှားရှား မမြင်ရဘဲ ဖြစ်နေသည်။

မင်းသား လီအီ၏ နောက်ဘက်မှ ဝေဖန်ပြောဆိုသော အသံများ ထွက်ပေါ်လာသည်။ မင်းသား လီအီသည် အာရုံစိုက်ပြီး နားထောင်လိုက်လေ၏။

'အဆုံးအဖြတ်ပေးတဲ့ ... ဒိုင်လူကြီးက မတရားဘူး၊ ကျိုချိုကို အနိုင်ပေးသင့်တယ်'

'ဒီလိုပြောလို့ ဘယ်ဖြစ်မလဲ .... ကျိုချိုက ဒဏ်ရာဒဏ်ချက် အများကြီးပဲ ... ချက်ကောင်း မဟုတ်ပေမယ့် ... ဒဏ်ချက်ကြောင့် တစ်ဘက်လူကို ချက်ကောင်းမိအောင် ထိုးနိုင်မှာ မဟုတ်ဘူး'



'မင်းတို့နှစ်ယောက်စလုံး ပြောတာ မမှန်သေးဘူး'

'ဒါဖြင့် ... မင်းက ဘယ်လိုပြောချင်သေးသလဲ'

'ငါလည်း မပြောတတ်ဘူး ... သေသေချာချာ မမြင်ရတော့ ဆုံးဖြတ်ဖို့ ခဲယဉ်းတယ်၊ ကျိုချိုမှာ ဓားချက် ဘယ်နှယ်ချက် ထိပြီးမှ တစ်ဘက်လူရဲ့ ချက်ကောင်းကို ထိတယ်ဆိုတာ သိကြသလား'

ထိုကဲ့သို့ ပြန်ပြီး မေးခွန်းထုတ်လိုက်သောအခါ ... ဝေဖန်နေသည့်လူတို့မှာ ... ပါးစပ်ပိတ်သွားကြသည်။

ထိုစဉ် ...

'ပြိုင်ကွင်းထဲမှာ လူတစ်ယောက်ထဲနဲ့ လုံခြောက်ချောင်းကို ကစားပြနေတယ်၊ စွမ်းရည်အတော် ထက်မြက်တယ်'

လူတစ်ယောက်က နောက်မှ .... အော်ပြောလိုက်သည်။ မင်းသား လီအီသည် တစ်ချက် ခေါင်းထောင်ကြည့်လိုက်လေ၏။ ကြည့်ပင် ကြည့်နေရသော်လည်း သူ့စိတ်ထဲတွင် လီမင်ပြောလိုက်သော စကားကို ပြန်ပြောင်းစဉ်းစားနေမိသည်။

ထို့နောက် ...မုတ်ဆိတ်ဖားဖားနှင့် ရဲမက်တစ်ယောက်က သူ့ပခုံးကို တစ်ချက်ပုတ်လိုက်ပြီး သူ့အနားသို့ ကပ်ကာ ... ပြောလိုက်လေသည်။

'နောင်ကြီးက ပညာကို တယ်ပြီး လျှို့ဝှက်တာကိုး'

မင်းသား လီအီမှာ လန့်ပြီး ခုန်မိမလို ဖြစ်သွားသည်။ ထိုရဲမက်က ပြုံးလိုက်ပြီး ...

'နောင်ကြီးရဲ့ ဓားရေးကို ကြည့်ရတာ တစ်ဖက်လူ ထိုးကွက်မရအောင် စွမ်းဆောင်နိုင်တယ်၊ ဒါပေမယ့် နောင်ကြီးက ဓားချက်ကို တမင်သက်သက် အထိခံလိုက်တယ်၊ သူတစ်ပါး နာမည်ရအောင် အထောက်အကူ ပြုပေးလိုက်တယ်၊ ဒါဟာ မြင့်မြတ်တဲ့ စိတ်ထားပဲ၊ လေးစားပါတယ်၊ ရိုသေပါတယ်'

'မဟုတ်ပါဘူးခင်ဗျား၊ ချိုကျူယွမ်ရဲ့ ဓားရေးဟာ တကယ်ထက်မြက်တာပါ၊ သူကသာ တမင်သက်သက် ကျွန်တော့်ကို အမှတ်ပေးလိုက်တာပါ'

'တကယ်လို့ .... ကျုပ်သာ ချိုကျူယွမ် ဖြစ်ခဲ့ရင် ဓားချပြီး စောစောစီးစီးက အရှုံးပေးလိုက်တယ်၊ ခင်ဗျားက တမင်သက်သက် ဓားချက်အထိခံတာကို သူ မသိပေမယ့် ... နောင်ကြီးက သူ့ကို ချက်ကောင်း မဟုတ်တဲ့နေရာမှာ ဓားချက်သွင်းပြီးနောက် အရှိက်ကို ဓားချက်သွင်းထည့်လိုက်တာကို သူ သိဖို့ကောင်းတယ်၊ သူက နာမည်ကျော် ဆရာတစ်ယောက်ရဲ့ ... တပည့်ပဲဗျာ၊ ဆက်လက်ယှဉ်ပြိုင်ဖို့ မကောင်းဘူး၊ တကယ့်ကို အရှက်မရှိ အရေထူတာပဲ'

လီအီ နှင်ထဲမှာ တစ်ချက် လှုပ်သွားသည်။ ထိုသူ၏ အတွင်းစိတ်ကို ခန့်မှန်းမရဘဲ ဖြစ်သွားသည်။

မုတ်ဆိတ်ဖားဖားနှင့် ရဲမက်က ....

'ညီတော် မသိတဲ့ကိစ္စတစ်ခု ရှိသေးတယ်၊ အဲဒါ နောင်ကြီးကို မေးရဦးမယ်'



'အမိန့်ရှိပါဦး ခင်ဗျာ'

'နောင်ကြီး ခင်းသွားတဲ့ ဓားရေးထဲမှာ အကွက်ဆန်းကလေး တစ်ကွက်ကို တွေ့လိုက်ရတယ်၊ အဲဒီဓားကွက်က ဘာဓားကွက်လို့ ခေါ်ပါသလဲ'

လီအီသည် မသိဟန်ဆောင်ပြီး ပြုံးကာ .....

'ချိုကျူယွမ် သွင်းလိုက်တဲ့ဓားချက်ကို ခံကွက်မရှိလို့ ကြောက်ခံ ခံလိုက်တာ၊ ဘာဓားကွက်မှ မဟုတ်ပါဘူး၊ မကဲ့ရဲ့ပါနဲ့ဗျာ'

'ဘာကွက်မှ မဟုတ်ဘူးဆိုပေမယ့် ကျွန်တော့်အမြင်မှာတော့ တကယ့်ထိပ်တန်းကျတဲ့ အကွက်ပဲ၊ လေးစားပါတယ်'

သူ့လေသံမှာ ချီးမွမ်းသလိုလို၊ ကဲ့ရဲ့သလိုလို ဖြစ်နေ၏။

ထိုအချိန်တွင် ...

ပြိုင်ကွင်းထဲ၌ စွမ်းရည်အပြကောင်း၍ လက်ခုပ်သံများ ဆူညံသွားသောကြောင့် ... လီအီလည်း လူအုပ်ကြားထဲမှ ရှေ့သို့ တိုးကြည့်လိုက်သည်။

ပြိုင်ကွင်းထဲတွင် အကျီဖြူ ဝတ်ထားသော ရဲမက်တစ်ဦးသည် ဓားပေါက် အလွန်ကောင်း၏။ ဓားပေါက်စွမ်းရည်ကို ပြသနေသည်။ ထိုရဲမက်သည် ပေရှစ်ဆယ်ခန့် အကွာအဝေးရှိသော သစ်သားတိုင်ကို နှစ်ခြမ်းကွဲအောင် ပစ်ပေါက်နိုင်သည်။ အကျီဖြူနှင့် ရဲမက်သည် သစ်သားတိုင်အတော်များများကို ပစ်ခွဲပြီးနောက် ဓားသုံးချောင်းကိုယူ၍ လက်ထဲတွင် ဆ,ကြည့်နေသည်။

ထို့နောက် ကျယ်လောင်သော အသံနှင့် ...

'ဒီနောက်ဆုံး ဓားသုံးချောင်းနဲ့ သစ်သားတိုင်သုံးတိုင်ကို တစ်ချက်တည်း တစ်ပြိုင်တည်း ပစ်ခွဲပြပါ့မယ်'

ပြိုင်ကွင်းတစ်ခုလုံးမှာ တိတ်ဆိတ်သွားလေသည်။ လူတိုင်း၏ မျက်စိမှာ အင်္ကျီဖြူရဲမက်၏လက်ထဲမှ ဓားသုံးချောင်းကို စိုက်ကြည့်နေကြသည်။ ဓားသုံးချောင်းသည် ရှေ့သို့ ပျံထွက်မလာသောကြောင့် ပရိသတ်ကြီးမှာ အံ့အားသင့်နေကြ၏။ မကြာမီ နောက်ကျောဘက်မှ စူးရှသောအသံ ထွက်ပေါ်လာသည်။

'လုပ်ကြံလူသတ်သမား ... လုပ်ကြံလူသတ်သမား'

ဖြစ်ရပ်အမှန်မှာ ...

အင်္ကျီဖြူရဲမက်သည် ဓားကို ရှေ့သို့ချွယ်ပြီးလျှင် နောက်ကျောဘက်သို့ ဓားသုံးချောင်းစလုံး ပစ်လိုက်ခြင်း ဖြစ်သည်။ ဓားသုံးချောင်းစလုံးမှာ စစ်ဆေးရေးအရာရှိ စားပွဲဆီသို့ ဝဲပျံလာသည်။ လီမင်အား လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။

ပရိသတ်မှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ လီမင်ကလည်း သူ့ထံပစ်လိုက်သော ဓားသုံးချောင်းစလုံးကို ရိုက်ချလိုက်ရ၏။

ထို့နောက် ... ထိုသူကို ဖမ်းဆီးရန် အမိန့်ပေးလိုက်သည်။

အင်္ကျီဖြူရဲမက်သည် ကျယ်လောင်သော အသံနှင့် ...

'ငါ့ပြေးလမ်း ပိတ်တဲ့လူ အသေပဲ၊ ဖယ်ပေးတဲ့လူကို ဘာမှ မလုပ်ဘူး'



ဓားရမ်းပြီး ပြေးထွက်လာသည်။ အချို့က ထွက်ပြီးတားရာ ထိုသူက ဓားနှင့်ဝှေ့ရမ်းလိုက်၏။ ခဏအတွင်း လူလေးငါးယောက် လဲကျသွားသည်။ လီအိသည် ဘေးသို့ ရှောင်ပေးရန် ဟန်ပြင်လိုက်စဉ် မုတ်ဆိတ်မွေးဖားဖားနှင့် လူက လီအိနားကပ်ပြီး ပြောလိုက်သည်။

'ဖမ်းလိုက် ... ဖမ်းလိုက်'

ထိုစဉ် ...

အင်္ကျီဖြူရဲမက်သည် လီအိ ရှိရာဘက်သို့ ပြေးထွက်လာ၏။ ပေသုံးဆယ်ခန့်အကွာသို့ ရောက်သောအခါ မုတ်ဆိတ်ဖားဖားနှင့် ရဲမက်ကအော်၍ တားလိုက်သည်။ အင်္ကျီဖြူရဲမက်က ဓားနှင့် ပေါက်လိုက်၏။ မုတ်ဆိတ်ဖားဖားနှင့် ရဲမက်က လီအိ တစ်တောင်ဆစ်ကို တွန်းလိုက်သဖြင့် လီအိကလည်း အလိုက်သင့်တိမ်းလိုက်သည်။

ပစ်လာသော ဓားမှာ ချော်ထွက်သွားသည်။ နောက်ထပ် ဓားတစ်ချောင်း ပစ်လာပြန်သည်။ လီအိသည် ဓားကို ဆွဲထုတ်ပြီး ပစ်လာသည့်ဓားကို ရိုက်ချလိုက်၏။ ထိုအချိန်မှာ အင်္ကျီဖြူရဲမက်သည် လီအိရှေ့သို့ ရောက်လာ၏။

လီအိ စိတ်ထဲတွင် လုပ်ကြံသတ်ဖြတ်သူကို ဖမ်းဆီးရကောင်းနိုးနိုး၊ လွှတ်ပေးရကောင်းနိုးနိုး အမျိုးမျိုးစဉ်းစားနေ၏။ မဖမ်းဆီးဘဲ လွှတ်ပေးလိုက်လျှင် လုပ်ကြံသတ်ဖြတ်သူ၏ ဘက်တော်သားဟု အစွပ်စွဲခံရမှာ စိုးရိမ်မိသည်။ ထို့ကြောင့် လီအိသည် ထပ်မံ မစဉ်းစားနိုင်တော့ဘဲ တားဆီးလိုက်ရ၏။

ဤတွင် အင်္ကျီဖြူနှင့်ရဲမက်သည် အပြင်းအထန်ခုခံတိုက်ခိုက်တော့သည်။

တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် တိုက်ခိုက်ကြသည်။ လီအီ၏ တတိယဓားချက်သည် အင်္ကျီဖြူနှင့်ရဲမက်၏ ဓားကိုင်ထားသော လက်ကောက်ဝတ်ကို ထိုးမိလိုက်ရာ ဓားလွတ်ကျသွား၏။

အခြားရဲမက်များကလည်း ဝိုင်းဖမ်းကြသည်။ ရဲမက်တစ်ဦးက လက်နှစ်ဘက်ကို ဆန့်တန်းပြီးလျှင် ရုတ်ရုတ်သဲသဲ ဖြစ်နေသော ပရိသတ်အား တားထားသည်။

'အခု လုပ်ကြံသတ်ဖြတ်တဲ့ တရားခံကို ဖမ်းမိထားပါပြီ၊ ဘာမှ ကိစ္စမရှိတော့ပါဘူး၊ ကိုယ့်နေရာ ကိုယ်ပြန်နေကြပါ၊ စွမ်းရည်ပြပွဲ ပြန်ကျင်းပပါ့မယ်၊ ရုတ်ရုတ်သဲသဲ မလုပ်ကြပါနဲ့'

စောစောပိုင်းက လီအီနှင့် ဓားချင်းယှဉ်ပြိုင်ခဲ့သည့် ချီကျုံ ယွမ်လည်း ပရိသတ်ထဲ၌ ရှိနေသည်။ လီအီက ဓားသုံးချက်တည်းနှင့် အင်္ကျီဖြူရဲမက်ကို ထိခိုက်ဒဏ်ရာရအောင် တိုက်ခိုက်နိုင်ခြင်းကြောင့် မင်းသား လီအီ အစွမ်းကို သိသွားသဖြင့် လေးစားသွားသည်။

လီအီမှာမူ စိတ်မကောင်း ဖြစ်နေသည်။

သူ၏ စိတ်တွင်း၌ ...

'ဒီလိုလုပ်ကြံသတ်ဖြတ်တဲ့လူဟာ အတော့်ကို သတ္တိကောင်းတယ်၊ သိုင်းပညာစွမ်းရည်မှာလည်း ငါ့ထက် မညံ့ဘူး၊ တကယ့် အာဓာနည်ပဲ၊ ဒီကနေ့ ငါ သူ့ကို ဒုက္ခပေးလိုက်မိပြီ'



မင်းသား လီအီသည် ထိုလုပ်ကြံသူကို လှမ်းကြည့်လိုက်၏။ ထိုလုပ်ကြံသူကလည်း မင်းသား လီအီကို မကျေမချမ်း ဖြစ်နေသည်။ လီအီလည်း စိတ်ထိခိုက်စွာဖြင့် သူ့ကိုမကြည့်တော့ဘဲ မျက်နှာကို လွှဲလိုက်သည်။

ထို့နောက် အစိုးရတပ်မှ ရဲမက်နှစ်ယောက်က ...

'ဒီကနေ့ လုပ်ကြံသတ်ဖြတ်တဲ့ တရားခံကို ဖမ်းမိတာဟာ လူကြီးမင်းရဲ့ စွမ်းရည်ကြောင့်ပဲ၊ ကျွန်တော်တို့သခင်ကြီး လီမင်ကို တင်ပြပါမယ်'

လီအီမှာ ကိုယ့်ဟာကိုယ် အပြစ်တင်နေမိသည်။ သို့သော် ... အလိုက်သင့် ကျေးဇူးတင်ကြောင်း ပြောလိုက်ရ၏။

မကြာမီ ... စွမ်းရည်စစ်ဆေးပြိုင်ပွဲ ပြီးဆုံးသွားသည်။ မင်းသား လီအီသည်လည်း အခြားရဲမက်များနှင့်အတူ ပြိုင်ခင်း အပြင်ဘက်သို့ ရောက်သောအခါ မုတ်ဆိတ်ဖားဖားနှင့် ရဲမက်က သူ့ပခုံးကို အသာ ပုတ်လိုက်ပြီးလျှင် ...

'ဟား .... ဟား .... ဟား .... နောင်ကြီးရဲ့ သိုင်းစွမ်းရည်က တကယ်ကို ထက်မြက်တာပဲ၊ ကျုပ်ထင်တာထက်တောင် လွန်ကဲနေတယ်ဗျာ၊ ဓားရေးလည်း ဝေချီကျွမ်း ပြန်ပေါ်ပေါက်လာသလိုပဲ၊ ရှင်အုံး စွမ်းရည်လည်း ဒီလောက်ပဲ ရှိမှာပါပဲ၊ ကျွန်တော်တို့ အတော် ဗဟုသုတ ရသွားတာပဲဗျာ'

ဟု ပြောလိုက်ရာ လီအီမှာ ထိတ်လန့်သွားမိ၏။

လိအိ စိတ်ထဲတွင် ကြိတ်၍ပူပန်မိသည်။ သူ့ဆရာသမားရဲ့ အမည်ကို တစ်ဘက်လူက ထုတ်ဖော်ပြောလိုက်သောကြောင့် သူ၏ လျှို့ဝှက်ချက် ပေါ်ထွက်လာမည်ကို စိုးရိမ်သဖြင့် မသိဟန်ပြုပြီး ...

'နောင်ကြီးက ရယ်စရာ သိပ်ပြောတတ်တာပဲ၊ ဒီ ဓားပညာရှင်ကြီးများနဲ့ ကျွန်တော့်ကို ဘယ်နှိုင်းယှဉ်လို့ ဖြစ်မှာလဲ'

မှတ်ဆိတ်ဖားဖားနှင့် ရဲမက်က ...

'နောင်ကြီး ... ဒီကနေ့ စွမ်းစွမ်းတမံ ဆောင်ရွက်လိုက်တာကြောင့် ဆုလာဘ်များ ချီးမြှင့်ခံရမှာ သေချာတယ်၊ ဘုရင်မကြီးရဲ့ သက်တော်စောင့်ဖြစ်ဖို့ အခွင့်အလမ်း ရှိတယ်၊ ဘုရင်မအပါးမှာ နီးနီးကပ်ကပ်နေရတော့ ... တက်လမ်း ပိုကောင်းသွားမှာပါ၊ နောင်တော်ကောင်းစားရင် ညီတော်ကိုလည်း မမေ့နဲ့နော်'

ဟု အတည်လိုလို ပြောလိုက်သည်။

မင်းသား လိအိသည် ထိုစကား၌ အဓိပ္ပါယ်များစွာ ပါသည်ကို သိသော်လည်း အတိမ်အနက်ကို မခန့်မှန်းနိုင်ခြင်းကြောင့် ...

'ဘုရင့်လခ စားပြီး ဘုရင်အပေါ် သစ္စာရှိဖို့ လူဆိုးဖမ်း၊ ရန်သူကို နှိမ်နင်းတဲ့ ကိစ္စတို့ဟာ ကျွန်တော်တို့ရဲ့ မူလ တာဝန်ဝတ္တရားပါပဲ၊ ညီတော်ဟာ ဆုတော်လာဘ်တော်ကို မမျှော်မှန်းဝံ့ပါဘူး'

ဟု အလိုက်သင့် ပြောလိုက်ရသည်။

'နောင်တော်က ဒီလို တိုင်းပြည်အပေါ်မှာ သစ္စာရှိပြီး မျိုးချစ်စိတ်ရှိတာကြောင့် ညီတော်က ပိုပြီး လေးစားပါတယ် ...'



မင်းသား လိအိမှာ မလွှဲမရှောင်သာဘဲ ... စကားစမြည်ပြောပြီး တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် နာမည်မေးကြသည်။ သည်တော့မှ ထိုမှတ်ဆိတ်ဖားဖားနှင့် လူမှာ နန်ကုန်ရှန် ဖြစ်ကြောင်း သိရသည်။

တစ်ဖန် လုပ်ကြံသတ်ဖြတ်သည့် သူကို စုံစမ်းလိုက်သောအခါ နေပြည်တော်အနီးအပါး၌ နေသော ပိုင်ယွမ်တှာ ဖြစ်ကြောင်း သိရ၏။ လိအိသည် စဉ်းစား၍ မရနိုင်အောင် ဖြစ်သွားသည်။ သူ့စိတ်ထဲ၌လည်း တွေးနေမိသည်။

'နေပြည်တော်နဲ့ နီးကပ်တဲ့ ဒေသက လူကို ရွေးတာဟာ သတိပိုထားပြီး ရွေးဖို့ ကောင်းတယ်၊ ဒီလို လုပ်ကြံသတ်ဖြတ်တဲ့သူကို ရွေးမိတော့၊ သူ့ကို ရွေးပြီးလွှတ်တဲ့လူပါ အနည်းဆုံး ပြစ်ဒဏ်ကျခံရတော့မှာပါကလား ...'

❖❖❖❖❖

နှစ်ရက်ခန့်ကြာပြီးနောက် ...

အရွေးခံရသော လူစာရင်းကို ကြေညာသည်။ မင်းသားလီအီနှင့်အတူ နန်ကုန်ရှန်လည်း အရွေးခံရသည့် စာရင်းထဲ ပါလာသည်၊ လီအီနှင့် တစ်တပ်တည်း ချထားသည်။ အားလုံးသည် နန်းမဆောင်ကို စောင့်ကြပ်ရန် တာဝန်ကျသည်။

မင်းသား လီအီသည် အပြင် နန်းမဆောင်၏ အစောင့်အဖြစ် ရွေးချယ်ခံရခြင်းကြောင့် ပုကျော့ထန် ဘုရင်မကြီးနှင့် တွေ့နိုင်ဖို့ အခွင့်အလမ်း နည်းသွားသည်။ မျှော်လင့်ချက် မရှိတော့ဟု ယူဆမိသည်၊

နှစ်ရက်ခန့်ကျော်လွန်ပြီး နောက်ပိုင်းအထိ လီအီကို လီမင်က ခေါ်မတွေ့သောကြောင့် သံသယ ပိုဝင်လာသည်။ ပထမနှစ်ရက်တွင် သူ့ကို တာဝန် မချသေးသောကြောင့် တပ်စခန်းတွင်း၌ မကြည်မသာနှင့် နေထိုင်ရသည်။ နန်ကုန်ရှန် ရောက်လာပြီး သူနှင့် အပျင်းပြေ စကားပြောကြသည်။



မင်းသား လီအီက ...

'ကျုပ်တို့ကို ... အပြင်နန်းမဆောင်ကို စောင့်ကြပ်ဖို့ ရွေးတယ်ဆိုတော့ ... အတွင်းနန်းမဆောင်ကို မရောက်နိုင်ဘူးပေါ့'

စိတ်ပျက်သည့်လေသံဖြင့် ပြောလိုက်သည်။

'ကျွန်တော့်ကို နန်းတွင်းရဲမက်တစ်ဦးက ပြောပြတာကတော့ အတွင်းနန်းမဆောင်ဟာ အလွန်သာယာတယ်တဲ့၊ အရှေ့ဘက်မှာဆိုရင် ထန်ဘုရင်ကြီး နေသွားတဲ့ နန်းမဆောင် ရှိတယ်၊ အလွန်လှပထယ်ဝါတယ်၊ အခြားနန်းမဆောင်တွေက မမီဘူးတဲ့'

နန်ကုန်ရှန်က သူကြားဖူးသမျှကို လျှောက်ပြောနေလေသည်။ လီအီသည် သူငယ်စဉ်ကတည်းက လှည့်ပတ်ကစားခဲ့ဖူးသော နေရာဖြစ်သောကြောင့် မထူးဆန်းဘဲနေသည်။

သို့သော် သူ၏စကားသည် ဘုရင်မကြီးနေထိုင်သော နေရာကို မသိမသာ ညွှန်ပြနေသကဲ့သို့ ဖြစ်နေသည်။ သူတို့ စကားပြောနေစဉ် နန်းတွင်းအစောင့်တပ်မှူးထံမှ လွှတ်လိုက်သည့် လူတစ်ယောက်ရောက်လာသည်။ မင်းသား လီအီကို နန်းတော်အတွင်းသို့ ဝင်ရန် လာခေါ်သည်။

မင်းသား လီအီသည် အချိန်ကို ကြည့်သောအခါ နေဝင်ဆည်းဆာချိန် ဖြစ်နေသည်။ စိတ်ထဲတွင် သံသယ အနည်းငယ် ဝင်လာမိသည်။

'ရဲဘော် ကျိုချီ .... ဆရာက ကြွပါဦးတဲ့'

ရာထူးစစ်ဆေးရေး အရာရှိ လီမင်ထံမှ စေလွှတ်လိုက်သော မင်းစေက လီအိကို လာခေါ်သည်။ လီအိစိတ်ထဲမှာ အနည်းငယ် သံသယ ရှိသွားသည်။

သို့သော် ... အကြီးအကဲက ခေါ်သောကြောင့် ချက်ချင်းပင် မင်းစေနောက်မှ ထလိုက်သွားသည်။ တံခါးပေါက်ကို ကျော်ထွက် တော့မည်အပြုတွင် သူ့ကို နန့်ကုန်ရှန်က မျက်စိမှိတ်ပြလိုက်သည်။

'ဟဲ ... ဟဲ ... ဟဲ ... ရဲဘော်ကြီး ... အခွင့်အလမ်း ပွင့်လာပြီ ကိုယ်လုပ်ချင်တာ လုပ်လို့ရပြီ ...'

သူပြောလိုက်သော စကားမှာ အဓိပ္ပါယ်နှစ်မျိုးပါသောကြောင့် လီအိ ရင်ထဲမှာ တစ်ချက်တုန်လှုပ်သွား၏။ သို့သော် မသိဟန်ဆောင် နေလိုက်သည်။

လီမင်၏ ရုံးခန်းမှာ အတွင်းနန်းမဆောင်နှင့် အပြင်နန်းမ ဆောင်တို့ အကြားတွင် ရှိသည်။ လီအိ ရောက်သွားသည့်အခါ လီမင် သည် ထမင်းပွဲတွင် နေရာထိုင်ခင်း အသင့်ပြင်ပြီး စောင့်နေသည်ကို တွေ့ရလေ၏။

လီအိကို တွေ့သည်နှင့် လီမင်က

'ဟဲ ... ဟဲ ... ညနေစာ ထမင်း မစားရသေးဘူး ထင်တယ်၊ တစ်ခါတည်း ဝင်စားလေ'

လီမင်က ဖော်ဖော်ရွေရွေနှင့် ထမင်းဝိုင်း ဝင်ခိုင်းခြင်းကြောင့် လီအိမှာ အနည်းငယ် နေသာထိုင်သာ ရှိသွားသည်။



လီမင်သည် သူ၏ သိုင်းပညာစွမ်းရည်ကို ချီးမွမ်းပြီးနောက် သူကိုယ်ရေးရာဇဝင်ကို မေးမြန်းသည်။ လီအိကလည်း ၁၈သင့်မြင် ဆင်ထားသောကြောင့် အလိမ်မပေါ်အောင် သတိထား ဖြေနိုင်သည်။ လီမင်ကလည်း တော်ရုံသင့်ရုံသာ မေးသည်။

စားပွဲတွင် လီမင်နှင့် လီအိတို့မှာ ခွက်ကို ကောက်ကိုင်ပြီး အရက်ကို သောက်လိုက်ကြသည်။ အရက်အနည်းငယ် သောက်ပြီး သောအခါ လီမင်က ကောက်ခါ ငင်ကာနှင့် ...

'ဟိုနေ့က လုပ်ကြံသူတရားခံကို မောင်ရင်က ဖမ်းပေးတဲ့ အကြောင်းကို ဘုရင်မကြီးထံ သံတော်ဦးတင်ပြီး သူ့ကို စစ်ဆေး ကြည့်တဲ့အခါ သူဟာ ချိကျင်ယေ စေလွှတ်တဲ့ လုပ်ကြံသူဖြစ်ကြောင်း ကို သိရတယ် ... အခု မောင်ရင့်ကို တာဝန်တစ်ခု ပေးချင်တယ်'

မင်းသား လီအိ၏ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ စိတ်ကို တည်ငြိမ်အောင် ထိန်း၍ ...

'အမိန့်ရှိပါ ...'

'ဒီလိုလုပ်ကြံတဲ့တရားခံကို ထပ်မံစစ်ဆေးဖို့ အတွင်းနန်းမ ဆောင် အုပ်ချုပ်ရေးမှူးထံ ပို့ပေးရမယ်လို့ ဘုရင်မကြီးက အမိန့်ချ မှတ်လိုက်တယ်၊ မောင့်ရင့်ကိုလည်း အတွင်းနန်းမဆောင် အုပ်ချုပ် ရေးမှူးကြီးဆီမှာ ခဏနေဖို့ မှာတယ်၊ ဘုရင်မကြီးက မောင့်ရင့်ကို ခေါ်တွေ့မလို့နဲ့ တူတယ်'

လီအိ စိတ်ထဲမှာ တစ်မျိုးဝမ်းသာ၍ တစ်မျိုးစိုးရိမ်သွားသည်။

သူ ဝမ်းသာသည်မှာ ဓူကျေထန် ဘုရင်မကြီးနှင့် တွေ့ခွင့်ရခြင်းကြောင့် ဖြစ်သည်။ စိုးရိမ်မိသည်မှာ လုပ်ကြံသော တရားခံသည် သူ့ပယောဂကြောင့် အသက်ဆုံးရှုံးရတော့မည် ဖြစ်ခြင်းကြောင့်ပင်။

လီမင်က ...

'ဒီကိစ္စကို တခြားလူတွေ မသိစေချင်လို့ လျှို့ဝှက်ခိုင်းတာပဲ၊ တခြားလူတွေ မမြင်ရအောင် ညမိုးချုပ်မှ ခေါ်သွင်းသွားရမယ်၊ နန်းတွင်း နန်းပြင်မှာ ဗိရန်ရဲ့ ဘက်တော်သားများ ရှိမှာ စိုးရိမ်ရတယ်၊ တကယ်လို့ မင်းဟာ လုပ်ကြံတဲ့တရားခံကို ပို့ဆောင်တဲ့သူမှန်း သိရင် မင်းကို သူတို့က လမ်းမှာဖြတ်ပြီး သတ်ဖြတ်လိုက်မှာ စိုးရိမ်ရတယ်၊ ဒါကြောင့် အထူးသတိထားပြီး ခေါ်ဆောင်သွားရမယ်၊ မင်းကိုတာဝန်ပေးရတာက မင်းရဲ့ သိုင်းပညာစွမ်းဟာ လုပ်ကြံတဲ့ တရားခံထက် ကောင်းတယ်၊ တကယ်လို့ မတော်တဆ တစ်စုံတစ်ရာ ဖြစ်ခဲ့ရင် သူ့ကို ချုပ်ထိန်းထားနိုင်တယ်'

လီအိသည် သူ့ကို မိုးချုပ်မှ လာခေါ်ရန် ပြောသောအကြောင်းကို နားလည်သွား၏။

ဆက်လက်ပြီး ... လီမင်က နန်းတွင်း စကားဝှက်တို့ကို ပြောပြသည်။ တရားခံကို မည်သို့ အပ်ရမည် စသည့် အချက်အလက်တို့ကို ပြောပြသည်။ အားလုံးအသင့်ဖြစ်သောအခါ ... သူ့လက်အောက်မှ ရဲမက်တစ်ယောက်ကို ခေါ်ပြီး တရားခံကိုခေါ်ထုတ်လာရန် အမိန့်ပေးလိုက်သည်။



တရားခံမှာ မျက်လုံး ပေဟက်ပက် ဖြစ်နေ၏။ လမ်းသွားသည့်အခါတွင်လည်း ယိုင်နေသည်။ ထို့ကြောင့် သုံးလေးရက်အတွင်းမှာ ညှဉ်းပန်းခံရသော လက္ခဏာ ပေါ်လွင်နေသည်။

လီအိကို လုပ်ကြံသူတရားခံက မျက်လုံးပြူးပြီး ကြည့်နေသည်။ ပါးစပ်ကလည်း စကားပြောတော့မည့်ဟန်ဖြင့် လှုပ်နေသည်။ သို့သော် ... အာရုံကြောကို အပိတ်ခံထားရ၍ သူသည် အသံမထွက်နိုင်ဘဲ ဖြစ်နေသည်။

မင်းသား လီအိမှာ အတော်ကလေး စိတ်မကောင်း ဖြစ်သွားမိ၏။ သို့သော် .. စိတ်ကိုတင်းလိုက်ပြီး လုပ်ကြံသူ တရားခံ၏လက်ကို ဆွဲလိုက်သည်။ ထို့နောက် အမိန့်စာကိုယူပြီး တရားခံကို နန်းတွင်းသို့ ဆွဲခေါ်သွားသည်။

ဤကဲ့သို့ ကြင်နာသနားတတ်၍ စိတ်ပျော့ပျောင်းသောသူ တစ်ယောက် ဘုရင် ဖြစ်ဖို့ဆိုသည်မှာ မလွယ်ချေ။

နန်းတွင်းမှလူများက နန်းတွင်း ခမ်းမဆောင် အုပ်ချုပ်ရေးမှူး နေသော အဆောင်ကို လမ်းညွှန်ပြလိုက်သည်။ လီအိသည် ၎င်းဘာသာ သွားတော့သည်။

လီအိသည် .... သူငယ်ငယ်က ကစားခဲ့သည့်နေရာဖြစ်ခြင်းကြောင့် လမ်းအလွန်ကျွမ်းကျင်သည်။ စိတ်ထဲမှာ နေရာဟောင်းကို ပြန်ရောက်လာသည့်အတွက် လွမ်းသလိုလို ဆွေးသလိုလို ဖြစ်လာမိလေသည်။

တောင်ဂမ္ဘုကလေးအနီးသို့ အရောက်တွင် တရားခံက ...

'ခင်ဗျားနဲ့ ကျွန်တော်ဟာ ... ဘာရန်ငြိုးမှ မရှိဘဲနဲ့ ကျွန်တော့် အသက်ကို တကယ်အန္တရာယ် ပေးတော့မှာလား'

မင်းသား လီအီမှာ တစ်ချက် ထိတ်ခနဲ ဖြစ်သွား၏။ တရားခံက သူ့ဘာသာသူ အာရုံကြောကွက်ကို ဖြေနိုင်ခြင်းကြောင့် မဟုတ်ဘဲ သူမေးလိုက်သော စကားမှာ အသည်းထဲကို ဓားထက်ထက်နှင့် ထိုးလိုက်သလို ဖြစ်သွားသောကြောင့် ပြန်မဖြေတတ်ဘဲ ဖြစ်သွားလေသည်။

တရားခံက ထပ်မံပြီး ...

'ခင်ဗျားက နာမည်ကောင်းယူပြီး ရာထူးနဲ့နေချင်လို့ မဟုတ်လား၊ ခင်ဗျား ... ကျွန်တော့်ကို အန္တရာယ်ပေးတဲ့အတွက် အလွန်ဆုံး ခင်ဗျားကိုပေးမယ့်ရာထူးဟာ အကြပ်ရာထူးပေါ့၊ ဒါမှမဟုတ်လည်း နန်းမအတွင်းဆောင်ရဲ့ အစောင့်အကြပ်လောက်ပါပဲ၊ ခင်ဗျားဟာ ကျွန်တော့်စကားကို နားထောင်မယ်ဆိုရင် ဒါထက် နာမည်ရဦးမယ်၊ ဒီထက်သာတဲ့ ရာထူးကိုလည်း ရနိုင်ပါလိမ့်မယ်'

မင်းသား လီအီမှာ နားမလည်သဖြင့် ...

'ဘာဖြစ်လို့လဲဗျာ ...'

'ကျုပ်တို့နှစ်ယောက် ပူးပေါင်းပြီး ဝူကျောထန် ဘုရင်မကြီးကို လုပ်ကြံသတ်ဖြတ်လိုက်ရင် ခင်ဗျားဟာ ထန်မင်းတို့ရဲ့ မော်ကွန်းဝင် ဇာတ်ပြီး ဖြစ်မှာပါပဲ'



မင်းသား လီအီက ...

'ကျုပ်တို့ နှစ်ယောက်ထဲပါပဲ၊ ခင်ဗျား ကြောက်နေသလား'

ပိုင်ယွမ်ဇ်ဝါက မဲ့ပြုံးပြုံးလိုက်ရင်း ...

'ကျုပ် ကြောက်တတ်ရင် ... စွမ်းရည်ပြပွဲမှာ လီမင်ကို ဘယ် လုပ်ကြံသတ်ဖြတ်ခဲ့ပါ့မလဲ'

ထို့နောက် ...

မင်းသား လီအီသည် ပိုင်ယွမ်ဇ်ဝါကို တောင်ကုန်းကလေးတစ်ခု နောက်တွင် အစောင့်အဖြစ် ထားခဲ့သည်။ ချက်ချင်း တောင်ကုန်း ကလေးပေါ်မှ ခုန်ဆင်းပြီး နန်းတော်ခေါင်မိုးပေါ်သို့ ကိုယ်ဖော့ပညာဖြင့် ခုန်တက်လိုက်သည်။

အတွင်းနန်းတွင်းခန်းမဆောင် တစ်ဆယ့်ငါးဆောင် ရှိသည်။ အလယ်ဆောင်မှာ မီးလင်းနေသည်။ မင်းသား လီအီသည် ခေါင်မိုး ပေါ် ဝမ်းလျားထိုးပြီး မီးလင်းနေသည့် ခန်းမဆောင် တံစက်မြိတ်သို့ ရောက်လာ၏။

အမိုးပေါ်မှနေ၍ အရပ်လေးမျက်နှာကို တစေ့တစောင်း ကြည့်လိုက်သည်။ အစောင့်အကြပ်များ ကင်းလှည့်နေခြင်းကို မတွေ့ ရှိသည့်အတွက် လီအီ စိတ်ထဲက ...

'ဝူကျောထန် ဘုရင်မကြီးဟာ အတွင်းနန်းမဆောင်အထဲကို လုပ်ကြံသတ်ဖြတ်မယ့်လူ ဝင်လာနိုင်မယ် မထင်လို့ ဒီလို သတ္တိရှိရှိ နေတာ ဖြစ်မယ်၊ ဒီနေ့တော့ ... သေနေ့စေ့ပြီသာ မှတ်တော့'

မင်းသား လိအီသည် ခြေထောက်နှစ်ချောင်းကို တံစက်မြိတ်တွင် ချိတ်ပြီး လင်းဆွဲခိုခိုလိုက်သည်။ အခန်းအတွင်းသို့ ကြည့်လိုက်သည်။ ယင်းအချိန်မှာပင် မိန်းကလေးတစ်ဦး၏ အသံကို ကြားလိုက်ရလေသည်။

'ဘုရင်မကြီး ... အတော် ပင်ပန်းနေပါပြီ'

ထိုအသံသည် ဝမ်းအေ၏အသံ ဖြစ်၏။ မင်းသား လိအီသည် တုန်လှုပ်ခြောက်ချားသွားသည်။ အောက်သို့ ပြုတ်ကျသွားတော့မတတ် ဖြစ်သွားသည်။ သူ ကြားခဲ့ရသော ဝမ်းအေ၏ သတင်းမှာ တကယ်ပင် ဖြစ်နေပေပြီ။

လိအီမှာ ကရုဏာဒေါသောဖြင့် တွေးလိုက်မိ၏။

'ဝမ်းအေ ... ဝမ်းအေ ... မိဘရဲ့ ရန်ကြွေးကို မေ့ပစ်လိုက်ပြီး ရန်သူ့လက်အောက်မှာ အလုပ်အကျွေး ပြုနေပြီကိုး ...'

မင်းသား လိအီမှာ စိတ်ဓာတ်ကျသွား၏။ ဝမ်းနည်းပက်လက်ဖြစ်သွားလေတော့သည်။

မင်းသား လိအီသည် နောက်တစ်ဖန် မျှော်ကြည့်လိုက်သည်။ ဦးခေါင်းကို ရေခဲရည်နှင့် ပက်လိုက်သလို အေးခနဲ ဖြစ်သွားသည်။

ဝူကျောထန် ဘုရင်မကြီးနှင့် ဝမ်းအေတို့သည် မျက်နှာချင်းဆိုင်ထိုင်နေကြသည်။ ဝူကျောထန် ဘုရင်မကြီး၏ ဘေးတွင် အမျိုးသမီးတစ်ယောက် ရှိသေးသည်။ သူမကား ရှန်ဗွမ်း ဖြစ်သည်။ လိအီမှာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားတော့သည်။



မင်းသား လိအီ မေးလိုက်ရာတွင် တရားခံက ပြန်ဖြေလိုက်သည်။ ခဏအတွင်းမှာ လိအီ စိတ်တွင်း၌ သုံးလေးမျိုး တွေးလိုက်သည်။ ထို့နောက် လေအေးကလေးနှင့် ...

'ကျုပ်က ဘုရင်မက ပေးမယ့် ရာထူးလည်း မမက်ဘူး၊ ဂုဏ်လည်း မမက်ဘူး'

တရားခံမှာ တစ်ချက် တွေသွားသည်။ လိအီက တရားခံကို တစ်ချက် စိုက်ကြည့်လိုက်ပြီး .....

'ခင်ဗျားကို လွှတ်ပေးဖို့ ကျုပ် သဘောတူတယ် ... ဝူကျောထန် ဘုရင်မကြီးကို ကျုပ်တို့-အတူသွားပြီး လုပ်ကြံသတ်ဖြတ်ဖို့လည်း သဘောတူတယ်'

တရားခံမှာ မျက်တောင်ခတ်လိုက်ပြီး ...

'တကယ် ပြောတာလား'

လိအီသည် သူ၏ ဓားရတနာကို ဆွဲထုတ်လိုက်သည်။

'ဒေါက်'

တရားခံ၏ လက်ပေါ်မှ လက်ထိပ်ကို ဖြုတ်ပစ်လိုက်ပြီး ...

'ကျုပ်တို့ .... အခု သွားကြမယ်'

တရားခံမှာ မျက်လုံး ပြူးသွားသည်။

'ခင်ဗျားက ... ဘယ်သူလဲ'

မင်းသားလိအီက မဖြေသေးဘဲ တန်ပြန်မေးလိုက်သည်။

'ခင်ဗျားကရော ... ဘယ်သူလဲ'

'ကျုပ်က ပိုင်ယွမ်ဝှါ ... ထန်မင်းတို့ရဲ့ ကျေးကျွန်ပဲ'

'ကျုပ်ကတော့ ဘိုးတော်ဘုရားရဲ့ မြစ်ပဲ၊ မင်းသား လီအိလို့ ခေါ်တယ်'

'အော် ... ဟုတ်ပြီ၊ ချီကျင်ယေက ကျုပ်ကို ခင်ဗျားထံ ခိုလှုံပါလို့ အစကတည်းက ပြောနေတယ်၊ မမျှော်လင့်ဘဲ ကျုပ်တို့ ဒီမှာ လာတွေ့ကြတယ်'

လီအိသည် ပိုင်ယွမ်ဝှါကို ဆွဲခေါ်သွားသည်။ ပန်းဥယျာဉ်ကို ဖြတ်ကျော်ပြီး ကန်ဘေးကို ရောက်လာသည်။ ဘုရင်မကြီးစံသည့် နန်းမဆောင်ကို မျှော်ကြည့်၍ မြင်နေရသည်။

ထို့နောက် မင်းသား လီအိက ...

'နောင်တော်ပိုင် ... ခင်ဗျားက ကျုပ်ကိုယ်စား လူစောင့်ပေးပါ၊ တကယ်လို့ လူလာတာမြင်ရင် ခင်ဗျားရဲ့ ဓားရှမ်းနဲ့ သတ်ပစ်လိုက်'

လီအိသည် လျှို့ဝှက်လက်နက်အိတ်ထဲမှ ဓားမြှောင်လေးငါးချောင်းကို ထုတ်ယူပြီး ပိုင်ယွမ်ဝှါအား ပေးလိုက်သည်။ ဝူကျောထန် ဘုရင်မကြီးကို သတ်ဖြတ်ရန် ယူလာသော ဓားမြှောင်များဖြစ်သည်။ သူ အသုံးပြုရန် ဓားမြှောင်နှစ်ချောင်းသာ ချန်ထားပြီး ကျန်ဓားမြှောင်များ အားလုံးကို ပေးလိုက်သည်။

ပိုင်ယွမ်ဝှါက ...

'ကိုယ်တော်လေးက ဒီကိစ္စကို အတူဆောင်ရွက်ဖို့ တခြားလူတွေကို ချိန်းမထားဘူးလား'



လက်ထဲမှာ ကိုင်ထားသော ဓားမြှောင်ကိုလည်း မပစ်နိုင်ဘဲ ဖြစ်နေသည်။ ဝူကျောထန် ဘုရင်မကြီးအနားတွင် ရှန်စွမ်း ရှိနေသောကြောင့် ယနေ့ညတွင် မည်သည့်နည်းနှင့်မျှ လုပ်ကြံသတ်ဖြတ်နိုင်စရာ အကြောင်း မရှိတော့ချေ။

ထိုအခါ ...

မင်းသား လီအိမှာ စိတ်ဓါတ်အကြီးအကျယ် ကျသွားလေတော့သည်။

❖❖❖❖❖

## အခန်း (၂၀)
## ထောင်ချောက်

ခေါင်မိုးပေါ်မှ လီအီမှာ စိတ်ဓါတ်ကျနေပေပြီ။

ဘုရင်မကြီးတို့အဆောင်တွင်းမှ ရှန်စွမ်း၏အသံကို ကောင်းစွာ ကြားလိုက်ရ၏။

'ဒေါ်ဒေါ် ... ဒီကနေ့ညမှာ ... ဟို လုပ်ကြံသတ်ဖြတ်သူနဲ့ တွေ့ မလို့လား'

ဘုရင်မကြီးက ...

'လုပ်ကြံသတ်ဖြတ်တဲ့လူကိုတော့ မတွေ့ချင်ပါဘူး၊ တရားခံ ကို ဖမ်းပေးတဲ့လူကိုတော့ တွေ့ချင်တယ်'

နားထောင်နေသော လီအီမှာ ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ ထိုစဉ် ရှန်စွမ်း၏ စကားသံကို ကြားလိုက်ရပြန်သည်။



'သူ့စားရေးဟာ အလွန်ကောင်းတယ်လို့ ပြောသံကြားတယ်၊ လီမင်ကိုယ်တိုင်တောင် သူ့ရဲ့ စားရေးကို ကြည့်ပြီး ဆရာဖြစ်သူကို တိတိကျကျခန့်မှန်းလို့ မရဘူးတဲ့'

'အဲဒါကြောင့် ဟိုလုပ်ကြံသူဟာ ဘာမှ မဆန်းဘူး၊ ဒီလူကသာ ဆန်းနေတာကွယ့်'

'ဒေါ်ဒေါ် ... သူ့နာမည်က ဘယ်လို ခေါ်သတဲ့လဲ'

'လီမင်ရဲ့ အစီရင်ခံချက်အရ သူဟာ ဖီရှန်နယ်က ကျိုချီလို့ ခေါ်တယ်တဲ့'

'ဒီနာမည်ကို ကျွန်မ ... မကြားဖူးပါဘူး'

ဝူကျောထန် ဘုရင်မကြီးနှင့် ရှန်စွမ်းတို့ အချီအချ ပြောနေစဉ် ဝမ်းအောက ကြားဝင်ပြီး ...

'ဘုရင်မကြီးဘုရား ... ကျွန်မမှာ စဉ်းစားတွေးခေါ်လို့မရနိုင် တဲ့ အချက်ကလေးတစ်ခု ရှိပါတယ်'

'ဘာအချက်လဲကွယ့် ... ဆိုစမ်းပါဦး'

'ဟို လုပ်ကြံတဲ့လူဟာ နေပြည်တော်ခရိုင်အတွင်းက ထောက် ခံပြီး ပို့တဲ့လူ ဖြစ်တယ်၊ ဘာဖြစ်လို့ ထောက်ခံတဲ့ ခရိုင်အရာရှိကို အရေးမယူတာလဲ ... '

ဝူကျောထန်က ပြုံးကာ ...

'နောက်တဖြည်းဖြည်းတော့ ... ညည်း သိလာမှာပါ'

မင်းသား လီအီသည် စိတ်ထဲ၌ တစ်ချက် တုန်လှုပ်သွားသည်။

ဝူကျော်ထန်ဘုရင်မကြီးက သူ့အပေါ် သံသယ ဖြစ်နေခြင်းကို မှန်းစားမိသည်။ ထို့အပြင် ဝူကျော်ထန်ဘုရင်မကြီးသည် ဤအမှုကို ကိုင်တွယ်ရာ၌ လုပ်ရိုးလုပ်စဉ်မဟုတ်ဘဲ လျှို့ဝှက်စီစဉ်ထားကြောင်း သိလိုက်ရသည်။

နောက်ထပ် ဘာမျှမစဉ်းစားနိုင်မီ ... ဝူကျော်ထန်ဘုရင်မကြီး ပြောလိုက်သော အသံကို ကြားလိုက်ရသည်။

'ဝမ်းအေ၊ လုပ်ကြံသူရဲ့ ကိစ္စကို နောက်မှ ဆွေးနွေးကြတာပေါ့၊ ချိုကျင်ယေရဲ့ ကြေညာချက်ကို ဖတ်ပြစမ်း'

ဝမ်းအေက ချိုတုံချတုံ ဖြစ်ပြီး အတော်ကလေးကြာမှ ...

'ဒီကြေညာချက်ကို မဖတ်တာ ကောင်းပါတယ်'

ဘုရင်မကြီးက တစ်ချက်ရယ်မောလိုက်ပြီး ...

'ငါ့ကို တော်လှန်တဲ့ ကြေညာချက်ဟာ ငါ့ကို မကောင်းကြောင်း ရေးထားမှာ သေချာတယ်၊ ငါ မခံနိုင်မှာကို ညည်းစိုးရိမ်လို့လား။ သူတကာ ဆဲတာကို ငါကြောက်နေမယ်ဆိုရင် သမိုင်းတစ်လျှောက်မှာ ပထမဦးဆုံး ဘုရင်မတောင် မလုပ်ဘူး၊ ဝမ်းအေ ... ညည်း စိတ်ချလက်ချနဲ့ဖတ်၊ ဒီကြေညာချက်ကို 'လိုပင်ဝမ်း' ရေးတာ၊ ရေးသားချက်ဆိုးမှာ မဟုတ်ဘူး၊ ငါနားထောင်ကြည့်ချင်တယ် ...'

ဝမ်းအေမှာ ဝူကျော်ထန် ဘုရင်မကြီးက ထပ်တလဲလဲ ဖတ်ခိုင်းနေသောကြောင့် ကြေညာစာတမ်းကိုယူပြီး တဖြည်းဖြည်း ဖတ်ပြလိုက်သည်။



လိအိနားထောင်နေစဉ် ဝမ်းအေ၏ ကြည်လင်သောအသံကို ကြားလိုက်ရသည်။

'ဘုရင်မတု ဝူကျော်ထန်ဟာ ... စိတ်နေသဘောထား မပျော့ပျောင်းတဲ့ အောက်တန်းကျွာ လူတန်းစား ဖြစ်တယ်'

ဤတွင် ဝူကျော်ထန် ဘုရင်မကြီးက ...

'အေး ... အဲဒါ မှန်တယ်၊ ဒီကြေညာချက် နိဒါန်း အပျိုးကောင်းတယ်၊ မှန်လည်းမှန်တယ်၊ ငါ့အဖေဟာ သစ်ကုန်သည် ဖြစ်တယ်၊ စိတ်နေသဘောထားလည်း မပျော့ပျောင်းဘူးကွယ့် ...'

ဝမ်းအေက ဆက်ဖတ်လိုက်ပြန်သည်။

'ဖခမည်းတော် လက်ထက်က ဝတ်လဲတော်ဆက် အပျိုတော်ဘဝနဲ့ နေခဲ့ရတယ်၊ မာယာကြွယ်ပြီး ဖခမည်းတော်ကို ဖြူဆွယ်နိုင်သောကြောင့် ကာမေသုမိစ္ဆာကံ အမှုများကို ကျူးလွန်ခဲ့တယ်'

ဝူကျော်ထန် ဘုရင်မကြီးက ...

'ဒီစာသားလည်း မဆိုးဘူး၊ အစဉ်အလာအရ ယောကျ်ားတွေဟာ မိန်းမသားတို့ကို အပြစ်ပြောချင်ကြတယ်၊ ဒါပေမယ့် အရေးအသားကတော့ ခေတ်နောက်ကျတယ် ... ဆက်ဖတ်၊ ဆက်ဖတ်'

'ဖခမည်းတော်ရဲ့ ခြေတော်တင်တာ ခံရပြီးမှ သားတော်လက်ထက်မှာ ကြင်ယာတော်လုပ်တော့ တိရစ္ဆာန်နဲ့ မခြား ...'

ဝူကျော်ထန်မှာ ... စိတ်မဆိုးသော်လည်း မချိသွားဖြဲကလေးနှင့် ရယ်ကျဲကျဲလုပ်ကာ ...

'ဒါကတော့ ... ငါ့သဘောအရ မဟုတ်ဘူး၊ သူတို့က အတင်းအကြပ်ကိုင်ကြတာပါ၊ ဘာတတ်နိုင်မှာလဲ ... ငါကိုယ်ငါ သတ်ပြီး မသေပစ်တာက လောကမှာရှိတဲ့ မိန်းမသားတို့ကို ယောကျ်ားတွေက ဒီလို ဆက်လက်မစော်ကားရအောင်ပါ ... ငါ့ကို သားရော အဖပါ စော်ကားတာက လိုပင်ဝမ်းဟာ သူတို့ရဲ့ ဘုရင်ကို အပြစ်မတင်ဘဲ ငါ့အပေါ်ပုံချတာ တရားသလား ... မင်းတို့ပဲ ကိုယ်ချင်း စာကြည့်ပါဦး ကွယ်၊ နန်းတော်ထဲက မောင်းမတစ်ယောက်မှာ ဘာများ လုပ်ပိုင်ခွင့်ရှိလို့လဲ၊ နန်းတော်ထဲက မောင်းမ မပြောနဲ့၊ အပြင်လောကမှာရော မိန်းမတစ်ယောက်ဟာ ဘယ်လောက်များ လုပ်ပိုင်ခွင့်ရှိသလဲ'

ဝမ်းအေက ...

'မဖော်ပါရစေနဲ့တော့ ဘုရင်မကြီးဘုရား၊ ခွေးပါးစပ်ထဲက ဆင်စွယ် ထွက်လာမှာ မဟုတ်ပါဘူး'

'ဟော ... ဟော ... ညည်း အခုလို လိုပင်ဝမ်းကို ခွေးနဲ့ နှိုင်းတာ မတရားဘူး သိရဲ့လား .... ပညာရှင်တို့မှာ ပညာရှင်တို့ရဲ့ အမြင်ပဲ ရှိတယ်၊ သူတို့ရဲ့ မျက်စိထဲမှာက မိန်းမသားတို့ဟာ ယုတ်ညံ့တယ်၊ မိန်းမသားတစ်ယောက်က ဘုရင်တက်လုပ်တယ်ဆိုတော့ ပိုပြီး ဘဝင်မကျဖြစ်တယ်၊ ဒါ့ကြောင့် သူတို့ဟာသူတို့ အမြင်မှန်တယ်လို့ ထင်ကြတယ်၊ သူ ကြေညာချက်ကို ရေးသားနေတုန်း တကယ့်ကို အားရပါးရ ရှိမှာပဲ၊ ဒါပေမယ့် တစ်ဘက်သားကို မတရားစော်ကားတာကို သူ မမြင်မိဘူး၊ ကဲ ... ဝမ်းအေ ဆက်ဖတ်ပါ'



ဝမ်းအေက ...

'ကောင်းပါပြီ ... သူ ရေးသားထားတဲ့ စာကြောင်း သုံးကြောင်းကို ဆက်ပြီး နားထောင်ကြည့်ပါဦး၊ မဟုတ်မဟပ် လုပ်ကြံရေးသားထားပါတယ်'

ဝမ်းအေသည် ကြေညာချက်ကို ဆက်လက်ဖတ်လိုက်ပြန်သည်။ လီအီမှာ ကောင်းစွာ ကြားနေရ၏။

'စိတ်ယုတ်မာအပြည့်နဲ့ မှူးမတ်တို့ကို သူ သတ်တယ်၊ အစ်မအရင်းနဲ့ အစ်ကိုအရင်းတို့ကိုလည်း သူသတ်တယ်၊ ဘုရင်ကိုလည်း သတ်တယ်၊ တကယ် ပက်စက်ယုတ်မာတဲ့ အလုပ်တွေကို လုပ်နေတဲ့ အတွက် လူလည်းမကြိုက်၊ နတ်လည်း မကြိုက်တဲ့ အယုတ်တမာ ကောင်မ ဖြစ်တယ် ...'

ဝူကျောထန်က ...

'ဟား .... ဟား .... ဟား .... ငါ့အစ်မဟာ သူ့ကိုယ်သူ သတ်သေသွားတယ်၊ အစ်မကို သတ်တယ်ဆိုတဲ့ ကိစ္စမှာ လေသံကြားပြီး တရားနာလို့ ရနိုင်သေးတယ်၊ ဘုရင်ကို သတ်တယ်၊ မိန်းမရှင် လုပ်နေတယ်၊ အစ်ကိုရင်းကို သတ်တယ် ဆိုတာတွေကတော့ ဘယ်လို ဆွဲထည့်လိုက်တာပါလိမ့်၊ သူ့ကြေညာချက်ကို ကြားရတော့ ရယ်စရာ တွေ့လိုက်ရသလို ငါ စဉ်းစားမိတယ်၊ တစ်ချိန်တုန်းက ရာထူးစစ်ဆေးရေးအဖွဲ့က ရာထူးခန့်ထားဖို့ ရေးဖြေစာမေးပွဲ စစ်တယ်၊ စာဖြေသား တစ်ယောက်က ...

'ညီတော် တောင်ပိုင်းမှာ သေရ ... နောင်တော် မြောက်ပိုင်းမှာ အနိစ္စ' လို့ ရေးသားထားတယ်၊ ဒါနဲ့ စစ်ဆေးရေးအရာရှိက သူ့ကို အအောင်ပေးပြီး လူခေါ်တွေ့တယ်တဲ့၊ မောင်ရင့်ဘဝဟာ ဒါလောက်ပဲ အဖြစ်ဆိုးရသလားလို့ မေးတော့၊ စာဖြေသားက ...

'ညီတော် တောင်ပိုင်းမှာ သေတာကတော့ တကယ့်အဖြစ်မှန်ဖြစ်ပါတယ်၊ နောင်တော်ကတော့ ယနေ့အထိ အသက်ရှင်နေတုန်းပါပဲ၊ ဒါပေမယ့် ... စာသားချောအောင် လုပ်ရေးရတာကြောင့် မတတ်သာတဲ့အဆုံးမှာ နောင်တော်ကို အသေခိုင်းရတာပါ' လို့ ပြန်ဖြေလိုက်သတဲ့ ... '

ဝမ်းအေမှာ မျက်ရည်ကျလာသည်အထိ ရယ်လိုက်သည်။

ထို့နောက် ... ကြေညာချက်ကို ဆက်ဖတ်ပြန်သည်။

'အယုတ်တမာ စိတ်ဓာတ်တွေမွေး၊ မတော်မတရား လုပ်ပြီး ထီးနန်းကို အုပ်ချုပ်၊ မိန်းမ ဖျက်နေတော့ မကြာမီ ပြည်ကြီးလည်း ပျက်တော့မယ်'

ဝူကျောတန် ဘုရင်မကြီးက နားထောင်ပြီး ပြုံးကာ ...

'ဒီစာသားတွေမှာလည်း မိန်းမဖျက် ပြည်ပျက် ဆိုတဲ့ ဆိုရိုးစကားကို ရေးသားထားတယ်၊ ခြုံပြီးပြောရရင် မိန်းမတွေမကောင်းလို့ ပြည်ပျက်ရတယ်လို့ ဆိုချင်တာပဲ၊ ပြည်ပျက်ရတဲ့ အကြောင်းကို သူတို့ မလေ့လာ မစူးစမ်းကြဘူး၊ မိန်းမတွေခေါင်းပေါ် ပုံချလိုက်တော့တာပဲ၊ ဟား ... ဟား ... ဟား ... တကယ့်ကို သဘောကျဖို့



ကောင်းတာပဲ၊ ဆက်ဖတ်ပါဦး၊ ချီကျင်ယေကို အမွှမ်းတင်ထားတဲ့ အချက်အလက်တွေလည်း ပါဦးမှာပါ'

ဝမ်းအေက ...

'မှန်ပါတယ်'

ဆိုကာ ... ကြေညာချက်ကို ဆက်ဖတ်လိုက်ပြန်သည်။

'ချီကျင်ယေမှာ ထန်မင်းလက်ထက်က မှူးမတ်ဟောင်းဖြစ်ပြီး မင်းမျိုးမင်းနွယ်လည်း ဖြစ်တယ်၊ ရှေးမင်းတို့ရဲ့ ကျေးဇူးပြုမှုကို ခံယူခဲ့တယ်၊ နိုင်ငံတော်ကြီး ကျဆုံးသွားတာမို့ တိုင်းသူပြည်သားတွေလည်း စိတ်ဓာတ်ကျနေရှာတယ်၊ ဒါကို လက်ပိုက်ကြည့်မနေနိုင်လို့ ဂြိုဟ်ဆိုးမကို သုတ်သင်ပစ်ဖို့ သစ္စာသမာဓိ အလံတော်ကို လွှင့်ထူလိုက်တယ်'

ဝူကျောထန် ဘုရင်မကြီးက ...

'စာသားတော့ ချောတယ်၊ ဒါပေမယ့် ဘယ်သူတွေ စိတ်ဓာတ်ကျနေသလဲ၊ အခု ငါက ဘုရင်မ လုပ်လိုက်တော့ သူတို့ ဘုရင်ဟောင်းလက်ထက်က မှူးမတ်တွေရယ်၊ မင်းမျိုးမင်းနွယ်တွေရယ် စိတ်ဓာတ်ကျတာကတော့ အမှန်ပါပဲ၊ တိုင်းသူပြည်သားတွေကကော တကယ်စိတ်ဓာတ်ကျနေလို့လား'

ချောင်း၍ နားထောင်နေသည့် မင်းသား လီအိမှာ တုန်လှုပ်သွားသည်။ သူသည် စစ်ချီတော်လှန်ဖို့ စီစဉ်ခဲ့သည့် နေရာတွင် ဝူကျောထန် ဘုရင်မကြီးပြောခဲ့သည့် သူများနှင့်သာ ညှိနှိုင်းခဲ့ခြင်းဖြစ်သည်။

စင်စစ် ... တိုင်းသူပြည်သားတို့ကမူ သူမကို အပြစ်တင်သူ အလွန်ရှားပါသည်။ မင်းသား လီအီသည် ဝမ်းအေ ဆက်ဖတ်သွားသော အသံကို ကြားရပြန်သည်။

'တောင်ပိုင်းအစွန်းကနေ မြောက်ပိုင်းအဖျားထိအောင် တပ်မတော်ကြီးမှာ အချိတ်အဆက် ဖြစ်နေသည်၊ ရန်သူကို ဘာမထီ ချိုတက်နေပြီ'

ဝူကျော့ထန် ဘုရင်မကြီးက ...

'ကောင်းပေ့ ... ကောင်းပေ့ ... ဒီအချက်တွေကတော့ သူတို့ရဲ့ တပ်မတော်ကြီးကို ချီးကျူးထားတာ၊ ဒါပေမယ့် ... ဝမ်းအေရေ ... စာဆိုတော်ကြီးတွေရဲ့ စကားဟာ မလွန်လွန်းဘူးလားကွယ်'

'ဟုတ်ပါတယ် ... ဒါနဲ့ ဒီအတောအတွင်းမှာ စစ်သတင်းဟာ ဘယ်လိုနေပါသလဲ'

'ဘယ်လိုနေရမလဲ ... ငါတို့ဘက်က ဗိုလ်ချုပ်ကြီး လီရှောင်အိရဲ့ ဘပ်မတော်ကြီးဟာ ချီကျင်ယေရဲ့ တော်လှန်ရေးတပ်အားလုံးကို ဝိုင်းမိကြပြီတဲ့၊ ဆယ်ရက်အတောအတွင်းမှာ သူပုန်ရန် အေးသွားမှာပါတဲ့'

မင်းသား လီအီမှာ သက်ပြင်းတစ်ချက် ချလိုက်သည်။

သူသည် ရှန်စွမ်း၏ ရယ်သံကို ကြားလိုက်ရသည်။

'ဘယ့်နှယ်ရှင် .... ချီကျင်ယေဟာ နာမည်ကျော် စမ်သူကြီး တစ်ယောက် မဟုတ်လား၊ ဒါလောက်တောင်ပဲ အသုံးမကျရသလား'



လီအီမှာ ဤသတင်းကြောင့် စိတ်ဓါတ်ကျဆင်းသွား၏။

ဘုရင်မကြီးက ဆက်၍ မိန့်ကြားလေ၏။ သူမ မိန့်ကြားပုံမှာ အိမ်သားများနှင့် စကားပြောပုံမျိုးသာ ဖြစ်သည်။

'ခုမှန်စင်စစ် ... သူတို့ရဲ့ အစီအစဉ်ဟာ ပိရိသေသပ်ပါတယ်၊ နန်းတွင်းက နန်းရင်းဝန် ဖိရန်ရဲ့ အထောက်အကူလည်း ရတဲ့အပြင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်က စစ်ဗိုလ်ချုပ်ကြီး ချင်မူထင်နဲ့လည်း အဆက်အသွယ်ရထားပြီးပြီ၊ ချင်မူထင်ရဲ့တပ်တွေက ငါ့တပ်တွေကို ပြန်တိုက်ဖို့ အစီအစဉ်ပဲ၊ အတော်ကြောက်စရာကောင်းတဲ့ အကြံပဲ၊ ဒါပေမယ့် သူတို့ရဲ့ လျှို့ဝှက်ချက်တွေကို မမျှော်လင့်ဘဲ ငါသိလိုက်ရတယ် .. အိမ်ရှေ့မင်းသားလေးကို လုပ်ကြံတဲ့သူကို ညည်းမှတ်မိတယ် မဟုတ်လား'

ဤတွင် ရှန်စွမ်းက ကြားဖြတ်၍ ...

'ချင်မူထင်ရဲ့ ညီ ဆိုတဲ့လူ မဟုတ်လား'

ဘုရင်မကြီးက ...

'ဟုတ်ပါတယ် ... သူ့ကိုငါက သဘောထားကြီးကြီးနဲ့ ချမ်းသာခွင့်ပေးလိုက်လို့ သူ့ကို စေခိုင်းတဲ့လူကို ဖော်ထုတ်လိုက်တယ်၊ သူဟာ ချင်မူထင်ရဲ့ ညီဖြစ်တယ်၊ သူ့ရဲ့ အမြင်မှန်ရမှုကြောင့် ငါဟာ ချင်မူထင် တော်လှန်မယ့် လုပ်ကြံမှုကို ဖော်ထုတ်နိုင်ခဲ့တယ်'

ဝူကျော့ထန် ဘုရင်မကြီးသည် ခေတ္တနားပြီး စကားဆက်လိုက်ပြန်သည်။

'သူတို့ဟာ အရေးကြီးတဲ့ အချက်ကို မေ့နေတယ်၊ သူတို့ကို တိုင်းသူပြည်သားတွေက မထောက်ခံလို့ မအောင်မြင်တာ၊ နောက်ပြီး သူတို့ရဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်နိုင်တာကြောင့် သူတို့ မြန်မြန် အရေးနိမ့်သွားတာပဲ၊ ကောင်းပြီ ... ဝမ်းအေ ဆက်ဖတ်လိုက်ပါဦး'

ဝမ်းအေသည် ကြေညာချက်ကို ဆက်ဖတ်သွားသည်။

ကြေညာချက် ပြီးဆုံးသွားသောအခါ ဘုရင်မကြီးက ပြုံးလိုက်လေသည်။

'နိုင်ငံရေးလုပ်မလို့ စ, ရုံပဲ ရှိသေးတယ်၊ သူတို့က နယ်မြေကို အရင်ဝေခြမ်းပြီး ထီးနန်းကို လုနေကြတယ်၊ လက်စသတ်တော့ သူတို့ လုပ်တာက တိုင်းသူပြည်သားတွေအတွက် မဟုတ်ဘဲ ကိုယ့်အတွက် ကိုယ်လုပ်နေကြတာကိုး'

ဘုရင်မကြီးသည် ပြုံး၍ပြောရင်း ညည်းညူလိုက်မိသည်။ သူမသည် အဝေးသို့ငေးကြည့်ရင်း တီးတိုးပြောသည်။ သူမ အသံတိုးသွားသော်လည်း အဆောင်တွင်း၌ တိတ်ဆိတ်နေသည့်အလျောက် သူမအသံကို အားလုံး ပြတ်သားစွာ ကြားကြရသည်။

'သူတို့ ရာထူးလုနေတဲ့ အချက်ကို ဘာဖြစ်လို့ ကြေညာချက်ထဲမှာ ဖော်ပြမထားတာလဲ၊ သူတို့အချင်းချင်း ရာထူးလုနေတယ်ဆိုတာကို ပြည်သူပြည်သားတွေ သိသွားရင် သူတို့ကို မထောက်ခံမှာ စိုးလို့နဲ့ တူတယ်၊ အခုလည်း သူတို့ တကယ်ကွင်းဆင်းကြည့်ကြစမ်းပါ၊ ပြည်သူလူထုက သူတို့ကို ထောက်ခံသလား၊ ငါ့ကို ထောက်ခံ



သလားဆိုတာ ... သူတို့ဟာ မြင်းစီးပြီး ကိုယ့်မြင်းဟာ အထီးလား၊ အမလားဆိုတာ မသိတဲ့လူတွေလိုပါပဲ၊ ကဲ၊ ကဲ၊ ဒီကြေညာစာတမ်းကို ငါနားထောင်ပြီးပြီ၊ ငါ့သဘောထား ဘယ်လိုရှိမယ်ဆိုတာ ညည်းတို့ မှန်းဆကြည့်ကြစမ်း ...'

ရှန်စွမ်းက ဦးစွာ လျှောက်တင်လေ၏။

'ဘုရင်မကြီးရဲ့ စဉ်းစားတွေးခေါ်ဉာဏ်ကို ကျွန်မတို့ မမီဘူး'

'ငါ ဒီကြေညာစာတမ်းကို နားထောင်ပြီး စဉ်းစားမိတာက နန်းရင်းဝန်ကို အပြစ်တင်ရမယ်၊ ဒီလို အရေးအသားကောင်းတဲ့လူ ရှိပါလျက် ဘယ်အတွက်ကြောင့် ချီကျင်ယေရဲ့ ခုတုံးလုပ်တာကို ခံရတာလဲ'

ဤအတွေးအခေါ်များကို ဝမ်းအေတို့ စဉ်းစား၍ မရသည်သာမက မင်းသား လီအိပင် ပို၍ ထိတ်လန့်သွားသည်။ စိတ်ထဲ၌ ...

'လိုပင်ဝမ်းက သူ့ကို ခွေးပြော ဝက်ပြော ပြောနေတာတောင် စိတ်မဆိုးဘဲ နန်းရင်းဝန်လုပ်သူကို လူတော်လူကောင်း အသုံးမချတတ်ဘူးလို့ အပြစ်တင်နေသေးတယ်၊ ဒီလို စိတ်သဘောထားကြီးတာမျိုးကို သာမန်လူတို့ မထားနိုင်ဘူး၊ ငါတို့ဟာ သူနဲ့ယှဉ်ပြိုင်ပြီး အနိုင်ယူလို့ မရမှာ သေချာတယ်'

ဝမ်းအေက ...

'စောစောပိုင်းက ဘုရင်မ ပြောသွားတဲ့ အချက်အလက်တွေကို အခြေခံပြီး ပြန်လည်ချေပ စာတမ်းကို ကျွန်မ ရေးရမလား'

'ဘာဖြစ်လို့ အလုပ်ပိုတွေ လုပ်မှာလဲ'

ဘုရင်မကြီးက ခပ်ပြတ်ပြတ်ပင် ပြောလိုက်၏။

ဝမ်းအေက သဘောမပေါက်၍ ပြန်မေးလိုက်သည်။

'ဘုရင်မကြီးအနေနဲ့ ဒီစာတမ်းဟာ နောင်လာနောက်သားတွေအတွက် သမိုင်းတွင် ကျန်နေနိုင်တယ်လို့ မထင်ဘူးလား'

'ဒါလောက်ကောင်းတဲ့ စာတမ်းမျိုးဟာ သမိုင်းတွင်ကျန်ခဲ့နိုင်တယ်၊ ဒါပေမယ့် ... ပြည်သူလူထုက ကြည့်တတ်မှာ မဟုတ်ဘူး၊ စာပေသမားလောက်သာ အရသာခံတတ်မှာ ...'

'ကျွန်မလည်း ဒါကို စဉ်းစားပြီး ဘုရင်မကြီးအတွက် စိုးရိမ်လို့ ပြောတာပါ ...'

ဘုရင်မကြီးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး ...

'ဟား .... ဟား .... ဟား .... ညည်းဆိုလိုတဲ့ အဓိပ္ပါယ်ကို ငါသိပါတယ်၊ လိုပင်ဝမ်း ရေးသားထားတဲ့ ဒီကြေညာစာတမ်းဟာ ရာဇဝင်မှာ တွင်ကျန်ခဲ့ရင် ထာဝစဉ် ငါနာမည်ပျက်မယ်၊ နောင်လာနောက်သားတွေက ငါ့ကို မိန်းမယုတ်လို့ ပြောမှာကို ညည်းစိုးရိမ်တယ် မဟုတ်လား'

ဝမ်းအေက ဘုရင်မကြီး တည့်တိုး ပြောဆိုလိမ့်မည်ဟု မထင်မိသောကြောင့် ပြန်မပြောနိုင်ဘဲ ဝန်ခံသည့်သဘောဖြင့် တိတ်တိတ်ကလေး နေလိုက်သည်။ ဝူကျောထန် ဘုရင်မကြီးက ပြုံးလိုက်ပြီးနောက် လေအေးကလေးနှင့် ...



'ငါဟာ သမိုင်းတစ်လျှောက်မှာ အရင်က မရှိခဲ့ဖူးတဲ့ ဘုရင်မလုပ်ခဲ့တယ်၊ တကယ်လို့ မိန်းမက ယုတ်ပြီး ယောကျ်ားက မြတ်တယ်ဆိုတဲ့ အစွဲအလမ်း မပြောင်းဘဲ ရှိနေသမျှကာလပတ်လုံး ငါ့ကို ဆဲဆိုအပြစ်ပြောနေကြမှာပဲ ဆိုတာ စဉ်းစားမိပါတယ်၊ ဒါပေမယ့် ညည်းကသိပ်ပြီး စိတ်ပူမနေစမ်းပါနဲ့၊ တစ်နေ့ကျရင် တရားမျှတတဲ့ သမိုင်းရေးဆရာ ပေါ်ပေါက်လာပါလိမ့်မယ်၊ သူက ငါ့ကိုယ်စား ဆောင်ရွက်ပေးမှာပါ၊ နှစ်ပေါင်းတစ်ထောင်၊ နှစ်ပေါင်းတစ်သောင်းလောက်ဆိုရင် ဒီလို သမိုင်းရေးဆရာတွေ ပေါ်လာမှာပါ'

ဝမ်းအေမှာ စိတ်ထဲတွင် ဘဝင်မကျသလို ရှိနေသောကြောင့် စကားမပြောဘဲ တိတ်ဆိတ်နေသည်။

ဝူကျောထန်က ...

'ဝမ်းအေ ... ငါ့ကိုယ်စား စာချွန်တော်တစ်စောင် ရေးပေးစေချင်တယ်၊ ဒီစာချွန်တော်ကို ခြေမြန်တော်နဲ့ ဗိုလ်ချုပ်ကြီး လီရှောင်အိထံပို့ပေးပြီး လိုပင်ဝမ်းကို လက်မလွှတ်မိဖို့ တားမြစ်လိုက်ပါ'

မင်းသား လီအိမှာ ထိုစကားကိုကြားလျှင် မျက်စိ မှိတ်ခဲ့နဲ့ဖြစ်သွားသည်။ စိတ်ထဲမှလည်း ...

'ယောကျ်ားတွေထက် စိတ်ဓါတ်ခိုင်မာပြီး စိတ်သဘောထားပြည့်ဝတဲ့ မိန်းမပဲ'

မင်းသား လီအိ၏ စိတ်၌ သူမကို သူကိုယ်တိုင်ပင် ယှဉ်ပြိုင်နိုင်စွမ်းမရှိဟု ဝန်ခံချင်သလို ဖြစ်သွားမိသည်။

လီအီသည် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်နှင့် ခေါင်မိုးပေါ်တွင် ထိုင်ပြီး အရပ်လေးမျက်နှာကို လှမ်းကြည့်လိုက်သည်။

ထိုအခါ... ခပ်လှမ်းလှမ်းတွင် ရဲမက်နှင့်တူသည့် လူရိပ်တစ်ခုကို မြင်လိုက်ရသည်။

လီအီ၏ စိတ်ထဲတွင် ...

'ဒီနေ့ညအဖို့တော့ ငါ လုပ်ကြံလို့ ဖြစ်မှာ မဟုတ်တော့ဘူး၊ ဒီမှာ ကြာကြာနေလို့လည်း အကြောင်းထူးမှာ မဟုတ်ဘူး'

တွေးရင်း ... စိတ်ပျက်လက်ပျက် ဖြစ်နေလေ၏။

ခေါင်မိုးပေါ်မှ အောက်ကို လှမ်းကြည့်လိုက်သောအခါတွင် သာယာသော ရှုမျှော်ခင်းကို တွေ့ရသည်။ ငယ်စဉ်က ကစားခဲ့သော နေရာဟောင်း ဖြစ်သည်။

ယနေ့ညလုပ်ကြံမှု မအောင်မြင်ပါက နောက်နောင် နန်းတွင်းသို့ ဝင်လာရန် အခွင့်အလမ်း မရှိတော့သည့်အတွက် ဝမ်းနည်းသလို ဖြစ်လာသည်။ သူသည် သုံးလေးကြိမ် ထွက်ခွာမည့်ဟန်ပြင်ပြီးမှ သူ့နေရာဟောင်းကို မခွာရက်ဖြစ်နေပြန်သည်။

ထို့အပြင် ...

မင်းသား လီအီသည် မိမိနှင့် စိတ်သဘောချင်းတူသော ခန်းမဆောင်ထဲက ဝမ်းနုအေကို သနားကြင်နာမိသည်။

'သြော်၊ သူကလေးဟာ ဒီကနေ့ည ငါလာတာကိုများ သိပါရဲ့လား၊ သူကလေးဟာ ငါ့ကို အိပ်မက်ထဲမှာကော မက်ပါ့မလား ...



'ရှန်စွမ်းလည်း ရှိသေးတယ် ... သူကတော့ ငါ့ကို ကျေးဇူးပြုဖူးတယ်၊ နောက်ပြီး သူကလေးဟာ ဒီနေ့ည နန်းတွင်းဆောင်မှာ ရှိနေတဲ့အတွက် မလုပ်ကြံနိုင်အောင် တားမြစ်သလို ရှိနေတယ်၊ သူ့ကို ကျေးဇူးတင်သင့်သလား၊ မတင်သင့်ဘူးလားလို့ မဝေခွဲနိုင်အောင် ဖြစ်နေတယ်၊ ဒီနေ့ နောက်ပိုင်း သူကလေးနဲ့ ထပ်တွေ့နိုင်တော့မှာ မဟုတ်ဘူး၊ သူကလေးဟာ ငါ့ကိုများ သတိရပါ့မလား'

သူ၏ စိတ်ထဲတွင် ထပ်မံ၍ စဉ်းစားပြန်သည်။

'ဒါတော့ ... ငါ မသိဘူး၊ ငါသိတာကတော့ သူကလေးဟာ ငါ့ရန်သူ ဖြစ်နေပေမယ့် ငါ့အသက်ကို ကယ်ခဲ့ဖူးတဲ့ ကျေးဇူးရှင် ဖြစ်တဲ့အတွက် ... ငါကတော့ သတိရနေမှာပဲ'

ထိုစဉ် ...

ဝမ်းအေ၏ ကောက်ကာငင်ကာ ပြောလိုက်သော စကားကို ကြားလိုက်ရပြန်သည်။

'စာချွန်တော်ကို ရေးပြီးပါပြီ ... ဘုရင်မကြီး ဖတ်ကြည့်ဦးမှာလား'

'ဖတ်ကြည့်ဖို့ မလိုပါဘူး၊ ဝမ်းအေ၊ အခုတလော ညည်း ကဗျာစပ်သေးသလား၊ ငါ့ကို ညည်း လုပ်ကြံသတ်ဖြတ်တဲ့ညက အကြောင်းကို စဉ်းစားမိလို့ ညည်းစပ်တဲ့ ကဗျာကလေးကို မှတ်မိသေးတယ်'

ဝမ်းအေက ...

'ဟိုတုန်းက အမှန်တကယ် နားမလည်ခဲ့လို့ပါ'

'ငါ စောစောကလေးကပဲ ညည်းမေးခွန်းကို အဖြေပေးတဲ့ ကဗျာတစ်ပုဒ် စပ်ပြီးတယ်၊ ပန်းပုဆိုတာ လူလုပ်တာပါ။ အမှန်စင်စစ် လောကမှာရှိတဲ့ ရေးသားချက်အားလုံးဟာ ဘယ်ဟာကို လူရေးထားတာ မဟုတ်ဘူးလို့ ပြောနိုင်သလဲ၊ ငါရေးထားတဲ့ ကဗျာကတော့ 'မေမန်းချို'တဲ့၊ ငါ ... ညည်းကို ဖတ်ပြမယ်၊ လိုတာရှိရင် ပြင်ပေးစမ်း'

ဤလို ဘုရင်မမျိုးကား ရှားပါးလှ၏။ မိမိ၏ အခြေအရံကိုပင် ဆရာတင်သော ဘုရင်မျိုးသည် ဤလောက၌ များများစားစား ရှိနိုင်ပါမည်လား ...

ဝူကျေထန်သည် သူမကိုယ်သူမ ဒေါင်းစကြာဘွဲ့ကို ခံယူထားသည်။ သူမ၏ ကဗျာသည် ... သဘာဝကို လူတို့က အနိုင်ယူရမည် ဆိုသော သဘောထားအပေါ် အခြေခံ၍ ရေးသားထားသည်။

ဤကဗျာသည် ... သူမ၏ သဘောထားအာဘော်ပင် ဖြစ်ပေတော့သည်။

'အင်း ... အတော်ကြီးကျယ်တဲ့ အာဘော်ပဲ'

မင်းသား လိအီက စိတ်ထဲမှ ကောက်ချက်ချလိုက်သည်။

ဝမ်အေကမူ စည်းချက်လိုက်ပြီး ဖတ်၏။ ထို့နောက် ...

'ကောင်းတယ် ... ကောင်းတယ် ... စာသားနဲ့ ကာရန်အပြင် အဓိပ္ပါယ်အာဘော်ပါ အားလုံးကောင်းတာပဲ၊ ဒီလို ကဗျာမျိုးကို ကျွန်မ စပ်လို့ရမှာ မဟုတ်ဘူး'

ဟု ပြောလိုက်သည်။



ထိုစဉ် ... ရှန်စွမ်းက ပြုံးလျက် ဝင်ပြောလိုက်၏။

'ဒီကနေ့ည ... ဘာဖြစ်လို့ ဒီကဗျာကို ဒါလောက်စိတ်ဝင်စားနေရတာလဲ၊ လုပ်ကြံတဲ့ တရားခံကို ခေါ်ယူစစ်ဆေးမယ်ဆိုတဲ့ ကိစ္စကို မေ့နေသလား'

သူတို့၏ ဆက်ဆံရေးမှာ မိသားတစ်စု ဆက်ဆံသကဲ့သို့ ဖြစ်နေသည်။ နွေးထွေးသည်။

ထိုအခါ ... ဝမ်အေက ပြောလိုက်၏။

'ဟုတ်သားပဲ .... နန်းတွင်းခန်းမဆောင် အုပ်ချုပ်ရေးမှူးကြီးလည်း တရားခံ လာမပို့သေးပါလား'

လိအီ စိတ်ထဲတွင် တစ်ချက်တုန်လှုပ်သွားသည်။

တစ်ဆက်တည်းပင် အသိဉာဏ်ဝင်လာတော့၏။

'ဒီမှာ ဆက်နေလို့ မဖြစ်တော့ဘူး ..... သူတို့ သိကုန်ကြတော့မယ်၊ ဒီနေရာက အမြန်သွားမှ'

ထိုအချိန်တွင် မည်းမည်းလူရိပ်တစ်ခု ပြေးလာ၏။

ထိုသူသည် ခေါင်မိုးပေါ်သို့ တက်လိုက်မိသည်နှင့် လက်ထဲမှ ဓားနှစ်လက်ကို အခန်းထဲ ပစ်သွင်းလိုက်၏။

ထိုသူ၏ လျှင်မြန်ဖျတ်လတ် ပေါ့ပါးမှုသည် နှိုင်းယှဉ်၍ မရအောင်ပင် လျှင်မြန်လှ၏။ သို့သော် ... သူ့လက်ထဲမှ ဓားကိုပစ်ပေါက်လိုက်သောအခါ ... ထိုသူသည် မည်သူမည်ဝါဖြစ်ကြောင်းကို သိရတော့သည်။

အစောပိုင်းက ... သူ့ကို ပိုင်ယွမ်ဝှါဟု ထင်လိုက်သည်။

အကြောင်းမှာ လီအိသည် ပိုင်ယွမ်ဝှါကို အစောင့်ထားခဲ့ရာမှ အချိန်ကြာသွားသဖြင့် ပိုင်ယွမ်ဝှါကစိတ်မရှည်ဘဲ လိုက်လာပြီးနောက် သူကိုယ်တိုင် လုပ်ကြံလိုက်သည်ဟု ထင်လိုက်မိသည်။

သို့သော် ... သေသေချာချာ ကြည့်မိတော့မှ လီအိမှာ အံ့အားသင့်သွားရသည်။ ထိုလူသည် ပိုင်ယွမ်ဝှါ မဟုတ်ဘဲ သူနှင့် စခန်းမှာ အတူနေသည့် နန်ကုန်ရှန် ဖြစ်နေသောကြောင့်ပင်။

ခန်းမဆောင်အတွင်းမှ ရယ်သံ ပေါ်ထွက်လာသည်။

ဝမ်းအေသည် ဓားတစ်လက်ကို ဖမ်းယူလိုက်၏။

သူမသည် ဓားဖမ်းအတတ်ကို သူမတူအောင် ထူးချွန်ခဲ့၏။

သူမသည် မူလက ဓားနှစ်လက်စလုံးကို ဖမ်းယူရန် ရည်ရွယ်ခဲ့သော်လည်း ရှန်စွမ်းက သူမထက် လက်မြန်ခဲ့သည်။ ရှန်စွမ်းသည် ပစ်လာသော ဓားကို ရုတ်ခြည်းပင် ပြန်၍ ပစ်လွှတ်နိုင်ခဲ့သည်။

'ဒေါက် ...'

အသံနှင့် တစ်ပါတည်း တံစက်မြိတ်သို့ လာစိုက်နေ၏။

ရှန်စွမ်းက ...

'ဟော့ ... ဒီလူဟာ သူ မဟုတ်ဘူး'

နန်ကုန်ရှန်သည် အလွန်လျင်မြန်ပါးနပ်သည်။ သူပစ်လိုက်သောဓား မထိမှန်ခြင်းကြောင့် ခန်းမဆောင်အတွင်း၌ စွမ်းရည်ထက်မြက်သည့်လူ ရှိနေသည်ကို သိလိုက်လေ၏။



ထို့ကြောင့် ... သူသည် ချက်ချင်းပင် ခေါင်မိုးပေါ်မှ ခုန်ဆင်းလိုက်၏။

ထိုအချိန်အတွင်းမှာပင် ဝင်းလက်သွားသည့် ဓားရောင်ကို မင်းသား လီအိ မြင်လိုက်ရပြန်သည်။

'ခြွမ် ..'

ခေါင်မိုးပေါ်မှ ခုန်ဆင်းသွားသော လုပ်ကြံသူ နန်ကုန်ရှန်ကို ရဲမက်တစ်ဦးက ဓားဖြင့် တိုက်ခိုက်ခြင်း ဖြစ်သည်။

ဤဖြစ်ရပ်မှာ မင်းသား လီအိ ခန့်မှန်း၍ မရနိုင်သည့် ဖြစ်ရပ်ပင် ဖြစ်သည်။

နန်ကုန်ရှန်ကို တိုက်ခိုက်နေသူမှာ ပိုင်ယွမ်ဝှါပင် ဖြစ်သည်။ သူ၏ လက်ထဲ၌လည်း ဓားတစ်လက် ပါလာသည်။

သူတို့နှစ်ယောက်သည် တစ်ခဏအတွင်းမှာပင် ဓားချက်လေးငါးချက်စီ အသုံးပြုပြီး ဖြစ်နေကြသည်။

တစ်ချိန်တည်းမှာပင် ပိုင်ယွမ်ဝှါက အော်လိုက်၏။

'ခေါင်မိုးပေါ်မှာ မင်းသား လီအိ ကျန်သေးတယ်၊ ထန်မင်းရဲ့ မြေးတော်တဲ့'

ထိုအခါမှပင် လီအိသည် ထောင်ချောက်ထဲ မိနေကြောင်း သိလိုက်ရ၏။

လွန်ခဲ့သောနှစ်ရက်ခန့်က ပိုင်ယွမ်ဝှါသည် လီမင်ကိုလုပ်ကြံဟန် ပြုခဲ့သေးသည်။

မင်းသား လီအိ၏ ဇစ်မြစ်ကို သိလိုသောကြောင့် လုပ်ဇာ
ခင်းခဲ့ခြင်းပင်ဖြစ်ကြောင်း လီအိ သဘောပေါက်သွား၏။ လီအိသည်
အောက်ကို ခုန်ချလိုက်သည်။

နန်ကုန်ရှန်က ဓားတိုတစ်လက်နှင့် ပိုင်ယွမ်ဝှါကို ခုခံရင်း

'ပြေး၊ ပြေး ... မြန်မြန်ပြေး၊ ခင်ဗျားပြေးနေတုန်း ကျွန်တော်
ခုခံနေမယ်'

သို့သော် ... လီအိသည် ဓိမိဓားကိုထုတ်၍ နန်ကုန်ရှန်ကို တိုက်
ခိုက်နေသော ပိုင်ယွမ်ဝှါအား ဝင်ရောက် တိုက်ခိုက်လိုက်သည်။

'ခြွမ် ... ခြွမ်း ...'

ပိုင်ယွမ်ဝှါ၏ ဓားမှာ ထက်ပိုင်းကျိုးသွားသည်။ သို့သော် သူ
သိုင်းပညာ ...း အားမှာ အလွန်ထက်မြက်သည့်အတွက် ကိုယ်ကို
ရှောင်တိမ်းပေးလိုက်သောကြောင့် လီအိ၏ ဓားချက်မှ လွတ်သွား
သည်။ သူသည် လက်ထဲရှိ ဓားတစ်ပိုင်းနှင့်ပင် နန်ကုန်ရှန်၏ ဓားချက်
ကိုလည်း ပြန်လည်ခုခံနေသည်။

မင်းသား လီအိမှာ တိုက်ခိုက်ဖို့ စိတ်မရှိသောကြောင့် နန်ကုန်
ရှန်၏ အင်္ကျီကို ဆွဲလိုက်ပြီး ...

'ငါတို့ ပြေးကြမယ်'

'ဟား ... ဟား ... ဟား ... အိပ်မက် မက်မနေကြနဲ့၊ အစောင့်
တွေအားလုံး ဝိုင်းထားပြီးပြီ၊ ပြေးလို့ မလွတ်တော့ဘူး။ အေးအေး
ဆေးဆေး အဖမ်းခံလိုက်ရင် သက်သာမယ်'



ပိုင်ယွမ်ဝှါက ပြောပြောဆိုဆိုနှင့် ဓားချက်ကို သွင်းလိုက်ရာ
လီအိက ထိုဓားချက်ကို ဓိမိဓားဖြင့် ရိုက်ဖယ်လိုက်ပြီးနောက် ...

'ငါ့ကိုတားရင် အသေပဲ ... မြန်မြန်လမ်းဖယ်ပေးရင် ချမ်းသာ
ပေးမယ်'

ရှေ့သို့ ခြေလှမ်းနှစ်လှမ်း လှမ်းရုံရှိသေးသည်။ လူတစ်ယောက်
၏ ရယ်သံ ပေါ်ထွက်လာသည်။

'ဟဲ ... ဟဲ ... ဟဲ ... သိပ်ပြီး အပြောမကြီးနဲ့၊ ငါက မင်းကို
တားရလိမ့်မယ်'

အသံလည်းကြား၊ လူကလည်း ရှေ့သို့ ရောက်လာသည်။ လေ
တိုက်ခတ်သော အသံကိုလည်း ကြားလိုက်သည်။ လီအိသည် ရှောင်
ပေးလိုက်ရင်း သေသေချာချာ ကြည့်လိုက်သောအခါ သူ့အား ဟန့်တား
တိုက်ခိုက်သူမှာ စွမ်းရည်ပြပွဲတွင် လက်စွမ်းပြသူ သုံးယောက်အနက်
မှ 'ကျင်စန်း'ဆိုသူဖြစ်ကြောင်း သိလိုက်ရသည်။

သူ၏လက်နက်မှာ အလွန်ဆန်းကျယ်သည်။ လက်နက်မှာ
တစ်ဆယ့်သုံးပေခန့် ရှည်သည့် အလံ ဖြစ်သည်။ အလံတိုင်ကို ကြေးဝါ
ဖြင့် ပြုလုပ်ထားပြီး လက်နက်ကဲ့သို့လည်း အသုံးပြုနိုင်သည်။ အလံ
၏ အရွက်ကို ရွှေဖြူနှင့် ချည်မျှင် ရောစပ်ပြီး ရက်လုပ်ထားသည်။
ဓားကို အမှုမထားဘဲ တဝီဝီနှင့် ရိုက်ခတ်လေ၏။

မင်းသား လီအိသည် ကိုယ်ကို ရှောင်ပေးလိုက်ပြီး ဓားဦးကို
လည်ပင်းဆီသို့ ထိုးသွင်းလိုက်ကာ အော်ငေါက်လိုက်သည်။

'ဘော ဖယ်လိုက်စမ်း ...'

ကျင်စန်း၏ သိုင်းပညာစွမ်းအားမှာ ထူးထူးခြားခြား ရှိသည်။ ထိုစဉ် ... ၎င်း၏ အောစက်စက် ရယ်သံနှင့်အတူ ဟန့်တားသံကိုပါ ကြားလိုက်ရသည်။

'ရပ်စမ်း ... မပြေးနဲ့ ...'

မင်းသား လီအီ၏ ဓားချက်မှာ ဖြန်ဆန်သည်။ ဓားဦးမှာ လည်ဇချောင်းရှိရာသို့ လှစ်ခနဲ တိုးဝင်သွားသည်။ သို့သော် ကျင်စန်းသည် အလံကို ရိုက်ခတ်လိုက်ခြင်းကြောင့် မင်းသား လီအီ၏ ဓားမှာ ချော်ထွက်သွားသည်။

ဤအခါ ... မင်းသား လီအီသည် စိုးရိမ်သွားပြီး ဓားချက်ကို ဆက်တိုက်သွင်းပြန်သည်။ ကျင်စန်းကလည်း အလံကို ဝှေ့ရမ်းကာ လီအီ၏ဓားသုံးချက်ကို ခံလိုက်သည်။ မင်းသား လီအီသည် သူ့ဓားနှင့် အလံကိုကပ်မိရုံနှင့် ကျင်စန်းက ခွာထွက်သွားခြင်းကြောင့် အတွင်းအားသုံး၍ မရဘဲ ဖြစ်နေသည်။

သို့သော် ... မင်းသား လီအီ၏ ဓားချက်တို့မှာ အလွန် အကွက်စေသည်။ ကျင်စန်းကလည်း သူ့အလံရွက်နှင့် လီအီ၏ ဓားကိုင်လက်ကို ရစ်ပတ်ရန် ကြံရွယ်သည်။

နှစ်ဦးနှစ်ဘက်မှာ စွမ်းရည်အပြည့်နှင့် တိုက်ခိုက်နေကြသည်။ တစ်ဘက်နှင့် တစ်ဘက် အလျှော့မပေးဘဲ ခဏအတွင်းမှာပင် တစ်ဦးလျှင် အချက်နှစ်ဆယ်ခန့် ထိုးခုတ်ကြပြီး ဖြစ်သည်။



လီအီ သဲသဲမဲမဲ တိုက်ခိုက်နေသောအချိန်မှာ နန်ကုန်ရှန်လည်း အခြားသိုင်းသမားတစ်ယောက်နှင့် တိုက်ခိုက်နေပြန်သည်။ ထိုသူ၏ အမည်မှာ ကျန်ထင် ဖြစ်၍ သူ၏ လက်နက်မှာ ကြေးတုတ် ဖြစ်သည်။ သူသည် တဝိုးဝိုးနှင့် ဘယ်ညာလှည့်ပြီး ရိုက်လာသည်။ နန်ကုန်ရှန်မှာ ဓားရေးကျွမ်းကျင်သော်လည်း အသာစီးမရဘဲ ဖြစ်နေ၏။

ခဏအကြာတွင် နန်ကုန်ရှန်၏ အော်သံတစ်ချက်ကို ကြားလိုက်ရသည်။

'အား ...'

နန်ကုန်ရှန်၏ ညို့တကျည်းကို ကြေးတုတ်ထိသွား၍ ယိုင်လဲလုမတတ် ဖြစ်သွားသည်။ ကျန်ထင်က ....

'ဟေ့ ... ဝိုင်ယွမ်ဝူ၊ ဒီလုပ်ကြံသူကို မင်းလက်အပ်ခဲ့ပြီ၊ မင်းထိန်းထားလိုက် ...'

ပြောပြောဆိုဆိုနှင့် ကျင်စန်းဘက်သို့ ကူးလာပြီး နှစ်ယောက်ပေါင်း၍ မင်းသား လီအီကို တိုက်ကြသည်။

မင်းသား လီအီသည် .... ကျင်စန်းတစ်ယောက်တည်းကိုပင် အသာစီးရနိုင်ရန် မနည်းကြိုးပမ်း၍ တိုက်နေရသည့်အထဲ ကျန်ထင်တစ်ယောက် ပိုလာပြန်ခြင်းကြောင့် တိုက်စစ်မဆင်နိုင်တော့ဘဲ ခံစစ်အသွင်ဖြင့်သာ ခုခံနေရလေတော့သည်။

နန်ကုန်ရှန်မှာ ဝိုင်ယွမ်ဝူ၏ ဓားချက်တစ်ချက်ကို အမိခံလိုက်ရသည်နှင့် သူ့လက်ထဲမှ ဓားဖြင့် ဝိုင်ယွမ်ဝူကို ပစ်လွှတ်လိုက်ရသည်။

'အင့် ...'

ပိုင်ယွမ်ဂွါ၏ ပခုံးတွင် ဓားချက်မိသွား၏။ တစ်ချိန်တည်းမှာပင် ... နန်ကုန်ရှန်သည် အလွန်ပေါ့ပါး ဖျတ်လတ်စွာဖြင့် ပေါင်းပင်များအကြားသို့ ပြေးဝင်သွားသည်။ ပိုင်ယွမ်ဂွါကလည်း ပြေးဝင်လိုက်သွားသည်။

ကျန်ထင်၏ စိတ်ထဲတွင် ပိုင်ယွမ်ဂွါကို ကူညီပြီး လုပ်ကြံသူကို လိုက်လျှင် ကောင်းမလား၊ ကျင်စန်းနှင့်ကူပြီး လိအိကို တိုက်လျှင် ကောင်းမလားဟု ချီတုံချတုံနှင့် မဆုံးဖြတ်တတ်ဘဲ တွေဝေသွားလေသည်။

မင်းသား လိအိမှာ အလွန်ပါးနပ်သူ ဖြစ်သည်။ သူသည် အခွင့်ကောင်းကို လက်မလွှတ်တမ်း အသုံးချပြီး ကျန်ထင်ကို ဖိတိုက်လိုက်တော့သည်။

ကျန်ထင်မှာ လိအိ ၏ဓားချက်တစ်ချက် အထိခံလိုက်ရသည်။ သို့ရာတွင် ... လိအိ ထွက်ပြေးမည်အပြုတွင် ကျန်စန်း၏ အလံရိုးက ပြေးဝင်လာပြန်သည်။

'ဗြိ ... ဗြိ ... ဗြိ ...'

မင်းသား လိအိ အကျီမှာ စုတ်ပြဲသွားသည်။

ကျင်စန်းက အော်ဟစ်ပြီး ပြောလိုက်၏။

'ထွက်ပြေးသွားတဲ့ကောင်ကို ဂရုစိုက်မနေနဲ့ ... ဒီကောင်က ပိုအရေးကြီးတယ်'



ကျန်ထင်မှာ ဓားချက်အထိခံလိုက်ရသဖြင့် ဒေါသထွက်နေသည်။ ကျင်စန်းက သတိမပေးလျှင်လည်း လိအိကို လွှတ်မြောက်ရန် အခွင့်အရေးပေးမည် မဟုတ်ပေ။ သူသည် ဓားချက်ထိပြီးနောက်ပိုင်းပြီး သတိရှိစွာဖြင့် တိုက်ခိုက်လာ၏။ သူ၏ ကြေးတုတ်ကြီးကို တဝိုးဝိုးရမ်းပြီး တိုက်ခိုက်လာခြင်းကြောင့် လိအိမှာ မတ်တပ်မရပ်နိုင်အောင်ပင် အခြေအနေ ဆိုးလှသည်။

လိအိသည် သူ၏အစွမ်းကို အားကုန်ထုတ်ပြီး အသုံးပြုနေသော်လည်း မည်သို့မျှ ခုခံ၍ မရနိုင်အောင်ပင် ဖြစ်လာလေသည်။ သူ၏ စိတ်ထဲတွင်လည်း အချိန်ကြာလာသည်နှင့်အမျှ အခက်အခဲနှင့် ရင်ဆိုင်ရလိမ့်မည်ဟု သူက နားလည်ထားသည်။

ထို့ကြောင့် သူသည် အံကြိတ်ကာ ဓားချက်ကို အတင်းသွင်းလိုက်၏။ ကျင်စန်းက အော်ငေါက်ပြီး အလံရွက်နှင့် ဌေ့ရမ်းကာကွယ်လိုက်သည်။

ကျင်ထင်မှာမူ လျင်မြန်ဖြတ်လတ်ရာမှ အားပျော့နှေးကွေးလာသဖြင့် မင်းသား လိအိ၏ ဓားချက်ကို မခံနိုင်တော့ဘဲ နောက်သို့ ဆုတ်ပေးရလေသည်။

'ရွမ်း ....'

ဓားသံတစ်ချက် ကြားလိုက်ရခြင်းနှင့်အတူ လိအိ ဓားချက်က ကျန်ထင်၏ ခြေသလုံးကို ထိသွားသဖြင့် ကျန်ထင်သည် ကျွမ်းထိုးမှောက်ခုံဖြစ်သွားပြီး လဲကျသွားလေတော့သည်။

သို့သော် ...

ကျန်ထင်မှာ နန်းတွင်းရဲမက် အကျော်အမော် ဖြစ်သည့်နှင့်အညီ ဓားချက်အထိခံလိုက်ရသော်လည်း သေရေးရှင်ရေးအချိန်မျိုး ဖြစ်သည့်အတွက် သူ၏ ကြေးတုတ်ကြီးကို ဝှေ့ရမ်းပြီး ပြန်လည်တိုက်ခိုက်လာပြန်သည်။

ထိုစဉ် ... မင်းသားလိအိမှာ ကျင်စန်း၏အလံရှိုးကို ရှောင်တိမ်းရန် အပေါ်သို့ ခုန်လိုက်သည်။ လိအိ မြေပေါ်သို့ ပြန်မကျမီအချိန်တွင် ကျန်ထင်၏ ကြေးတုတ်ကြီးက ဝင်ရောက်လာသည်ကို ရှောင်မရနိုင်ဘဲ ဖြစ်နေ၏။ ထို့ကြောင့် ကြေးတုတ်ကို ခြေထောက်ဖြင့် လှမ်းကန်လိုက်ရသည်။

ကျန်ထင်၏ အတွင်းအားမှာ ... အလွန်ကောင်းသဖြင့် လိအိ ခြေဖနောင့်မှာ အလွန်ပင် နာကျင်သွားလေတော့သည်။

ထိုအချိန်အတွင်းမှာပင် ... ကျင်စန်း၏အလံသည် တစ်ဖန်ပြန်လည် ရိုက်ခတ်လာပြန်၏။

၎င်းအလံရှိုးသည် သူ၏ ဝမ်းဗိုက်ကို ထိုးမိတော့မည့်အချိန်တွင် လူတစ်ယောက်၏ အော်ပြောလိုက်သော အသံကို ကြားလိုက်ရလေတော့သည်။

'အားလုံး ... ရပ်လိုက်ကြ'

ကျင်စန်းရော ကျန်တင်ပါ တိုက်ခိုက်မှုကို ချက်ချင်းရပ်ဆိုင်းလိုက်ကြ၏။



မင်းသား လိအိမှာ ခြေဖနောင့် ထောက်နိုင်သေးသော်လည်း လွန်စွာ မောပန်းလျက် ရှိသည်။ သူ လှမ်းပြီးကြည့်လိုက်သောအခါ မိန်းမပျိုနှစ်ယောက်ကို တွေ့ရသည်။

'ရပ်လိုက်ကြ' ဟု အော်လိုက်သောအသံမှာ ဝမ်းအေ၏ အသံဖြစ်သည်။ သူမ၏ နူးညံ့သော အသံကလေးကို အဝေးမှပင် ကြားလိုက်ရသည်။

ကျန်မိန်းမပျိုတစ်ယောက်မှာကား ရှန်စွမ်း ဖြစ်လေ၏။

သူမသည် လေအဟုန်ကဲ့သို့ လျင်မြန်ဖျတ်လတ်ခြင်းနှင့်အတူ မင်းသား လိအိနှင့် ပေသုံးဆယ်အကွာသို့ ရုတ်ချည်း ရောက်လာလေတော့သည်။

❖❖❖❖❖

သို့သော် ... လီအီ ဤကဲ့သို့ ပြုလုပ်လိမ့်မည်ဟု ရှန်စွမ်းက ကြိုတင် တွက်ဆထားသဖြင့် သူမက ကြေးပြားကို အလျင်အမြန် ပစ်ပေါက်လိုက်သည်။

'ဒင် ...'

ထို့ကြောင့် မင်းသား လီအီ ဓားဦးမှာ ဘေးသို့ ချော်ထွက်သွားခဲ့လေသည်။

'ယောကျ်ားကြီးတစ်ယောက် လုပ်နေပြီးတော့ ဒါလောက်ပဲ သတ္တိကြောင်ရသလား'

ရှန်စွမ်းက ကရုဏာဒေါသောဖြင့် ပြောလိုက်သည်။

ဝမ်းအေကလည်း ခြေလှမ်းနှစ်လှမ်း လှမ်းလိုက်ပြီး လေသံပျော့ကလေးနှင့် ပြောလိုက်ပြန်၏။

'အစ်ကို ... ညီမတို့နဲ့ ပြန်လိုက်ခဲ့ပါ'

မင်းသား လီအီသည် အံကြိတ်လိုက်ပြီး အသံမာမာဖြင့် ပြန်ပြောလိုက်သည်။

'မင်းတို့ ... ရှေ့ကိုတိုးလာရင် ငါ့ကိုယ်ငါ သတ်သေလိုက်မယ် သိလား၊ တစ်ခါတည်း သေမသွားတာတောင် ငါ့စိတ်ကတော့ သေနေပါပြီ၊ မင်းတို့က ငါ့ရဲ့ ဇိဝိန်ချွေမယ့်ကိစ္စကို တားထားလို့ မရပါဘူး'

ဝမ်းအေမှာ လီအီ စကားကို ကြားလိုက်ရသောအခါ မျက်နှာ ပျက်သွားပြီးနောက် မျက်ရည်များလည်း စီးကျလာလေ၏။

ငင်းနောက် ...

## အခန်း (၂၁)
## စိတ်ဓါတ်ကျသူ၏ ဆုံးဖြတ်ချက်

ရှန်စွမ်းသည် ရယ်သံနှော၍ ပြောလိုက်လေ၏။

'မင်းသား လီအီ ... ရှင့်ကို ကျွန်မတို့ စောင့်နေတာ အတော်ကြာနေပြီရှင့်'

လီအီမှာ ကြက်သေ သေသွားသည်။

ထောက်ချောက် ...

ထောက်ချောက်ထဲသို့ သူ တိုးဝင်မိပါပကော ...

သူ၏ဓါးသည် လက်ခနဲ မြောက်တက်သွားလေ၏။ ထိပ်တန်းသိုင်းပညာရှင်များမှာ စိတ်ရော ကိုယ်ပါ အလွန်လျင်မြန်ကြသည်။ မင်းသား လီအီသည် ဓါးဖြင့် ကိုယ့်လည်ပင်းကိုယ် လှီးဖြတ်လိုက်ခြင်း ဖြစ်ပေသည်။

သူမသည် တိုးညှင်းစွာဖြင့် ပြောလိုက်သည်။

'အစ်ကိုရယ် ... ဘာဖြစ်လို့များ အသက်ကို ရန်ရှာရတာလဲ၊ အင်း ... အစ်ကို့ရဲ့ အတွင်းစိတ်ကို ညီမ နားလည်ပါတယ်၊ ညီမရဲ့ စကားကို အစ်ကို နားထောင်မယ် မဟုတ်လား'

လွန်ခဲ့သောရက်များက မင်းသား လီအိမှာ ဝမ်းအေနှင့် တွေ့ရန် မျှော်လင့်တောင့်တခဲ့သည်။

စကားပြောဆိုဖို့ အားခဲလာသည်။ သို့သော် ... သည်အချိန်၊ သည်နေရာတွင် သူကလေးကို တွေ့လိုက်ရပြီးနောက် ဝမ်းအေမှာ သူစိမ်းကဲ့သို့ ဝေးကွာသွားပြီဟု ထင်မှတ်လိုက်သည်။ ယခုအချိန်တွင် ပြောစရာ ဆိုစရာ စကားလုံးများ သောင်းခြောက်ထောင်မက ရှိနေသော်လည်း လည်ချောင်းတွင် တစ်ဆို့ပြီး တစ်လုံးမျှ ပြောမထွက်ဘဲ ဖြစ်နေသည်။

ဝမ်းအေက ....

'အစ်ကိုရယ် .... အစ်ကို့အပေါ်မှာ ဘုရင်မကြီးက စိတ်ကောင်းထားပါတယ်'

မင်းသား လီအိသည် မျက်လုံးများ လည်တက်လာပြီး အော်ပြောလိုက်သည်။

'မပြောနဲ့ ... မပြောနဲ့ ... မင်းဟာမင်း ပြန်သွားပြီး အမျိုးသမီးအရာရှိသွားလုပ်၊ ငါ့အတွက်မပူနဲ့၊ မင်း ... ငါ့ရှေ့လာပြီး လောကွတ်ချော်နေတာကိုလည်း ငါ မကြည့်ချင်ဘူး ... သွား ... သွား'



ဝမ်းအေမှာ မျက်နှာတစ်ခုလုံး သွေးရောင်ပျောက်သွားသည်။ နှုတ်ခမ်းကို ဖိကိုက်ထားပြီး မျက်စိနှစ်လုံးတို့မှာ ကလယ်ကလယ် ဖြစ်နေသည်။

အတော်ကြာသွားသည့်တိုင်အောင် စကားတစ်လုံး တစ်လေမျှ ပြောမထွက်ဘဲ ရှိနေသည်။

ထိုအခါ ရှန်စွမ်းကပင် ...

'ရှင်နေပြည်တော်ကို ရောက်လာပြီ မဟုတ်လား ... ဒီကအခြေအနေတွေကို မျက်မြင်ကိုယ်တွေ့ ဖြစ်နေတာတောင် မကျေမနပ် ဖြစ်နေသေးသလား'

လီအိမှာ အသည်းကို ဓားနှင့်အမွှမ်းခံရသလို နာကျင်နေ၏။ တစ်ချက်လှမ်းပြီး ကြည့်လိုက်သည်။ ဝမ်းအေနှင့် ရှန်စွမ်းတို့ကလည်း သူ့ကို စိုက်ကြည့်နေကြသည်။ သူ့ သဘောထားကို စောင့်မျှော်နေကြသည်။

လီအိသည် စိတ်ထိခိုက်မှုကို ကြိတ်၍ ခံစားပြီး မျက်နှာကို လွှဲပစ်လိုက်သည်။

'ငါဟာ မင်းတို့ရဲ့ လက်ထဲမှာပါ၊ ကောင်းပြီ ... လာခဲ့ပါ၊ ငါ့ကို ခေါ်ပြီး ဝူကျေထန်ဘုရင်မကြီးနဲ့ တွေ့ဖို့ မဟုတ်လား'

ဝမ်းအေမှာ သက်ပြင်းတစ်ချက် ချလိုက်သည်။

'အင်း ... အစ်ကို ဒီမှာမနေချင်လည်း သွားပါတော့၊ ဒါပေမယ့် နောက်နောင်ကို ညီမတို့ တွေ့နိုင်ကြဦးမယ်လို့ မျှော်လင့်ပါတယ် ...'

ထိုစဉ် ... ရှန်စွမ်းက လက်ယပ်ပြလိုက်သောကြောင့် ကျင်စန်း နှင့် ကျန်ထင်တို့သည် နောက်သို့ ဆုတ်ပေးလိုက်ပြီး လမ်းဖယ်ပေး လိုက်ကြသည်။

လီအီသည် လှုပ်ရှားနေသည့်စိတ်ကို အတော်ထိန်းထားလိုက် ပြီးနောက် ...

'ရှန်စွမ်း ... ကျူပ်ကို တစ်ခါထပ်ပြီး အသက်ချမ်းသာပေး တာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ... ကျူပ်မှာ ကျေးဇူးပြန် မဆပ်နိုင် သေးဘူး။ ဝမ်းအေ ... မင်းကို တွေ့ပြီးမှပဲ ငါ နောင်တရလိုက်တယ် ငါ့ကို လောကမှာ မရှိတော့တဲ့ လူတစ်ယောက်အနေနဲ့ သဘောထား လိုက်တော့ ... ငါလည်း မင်းကို သေပြီလို့ သဘော ထားလိုက်မယ် ဒီတစ်သက် ဒီဘဝမှာ မင်းနဲ့ငါဟာ လမ်းခွဲသွားပြီ၊ ငါ့ကို ပြန်တွေ့ရ မင်းလည်း မပျော်လင့်နဲ့တော့ ...'

ထိုအခါ ဝမ်းအေသည် ကျောခိုင်းလိုက်ပြီး ငိုချလေတော့၏။

'ဟင့် ...'

တဟင့်ဟင့်နှင့် ငိုသံကလေး ခပ်အုပ်အုပ် ပေါ်ထွက်လာ လေတော့သည်။

သူနှင့် တစ်ပါတည်း လိုက်လိုက လိုက်သွားမှ၊ မလိုက်လျှင် နောင် ... သူနှင့် တွေ့ရတော့မည်မဟုတ်ဟု ဝမ်းအေ နားလည်လိုက် သည်။ ခဏအတွင်း သူမ၏ စိတ်တွင်း၌ အမျိုးမျိုး စဉ်းစားလိုက်၏ နောက်ဆုံး ... သူမ နေရစ်ခဲ့ဖို့ ဆုံးဖြတ်လိုက်တော့သည်။



သူမ နောက်ကျောဘက်သို့ လှည့်ကြည့်လိုက်သောအခါတွင် လီအီမှာ ထွက်ခွာသွားပြီ ဖြစ်ပါသည်။

ခပ်လှမ်းလှမ်းရှိ မိုးကောင်းကင်မှ အပြာရောင် မီးရိပ်တစ်ခု လက်ခနဲ ဖြစ်သွားသည်။ ရှန်စွမ်းမှာ တစ်ချက်တွေဝေသွားပြီးနောက် ဓားရိုးကို လက်ဖြင့် စမ်းလိုက်သည်။ ကျင်စန်းနှင့် ကျန်ထင်တို့မှာ မီးရောင်လာရာ တောင်ခြေသို့ စောစောကပင် ပြေးလွှားသွားနှင့် ကြပြီ ဖြစ်၏။

ရှန်စွမ်းက ...

'ဝမ်းအေ ... ညည်းအရင်ပြန်သွားပြီး အနားယူပါ၊ ငါ ... အခုပဲ ပြန်လာခဲ့မယ်'

ထိုမီးရောင်မှာ ဝင်းခနဲ ဖြစ်ပြီး ချက်ချင်း ပြန်ငြိမ်းသွားသည်။

ဝမ်းအေက မီးရောင်ကို သတိထား မကြည့်မိသောကြောင့် ရှန်စွမ်းဓားဆွဲပြီး လိုက်ရန် ဟန်ပြင်သည်ကို မြင်ရလျှင် အင်္ကျီစကို ချက်ချင်းဆွဲထားပြီး ...

'မမ ... ဘုရင်မကြီးက သူ့ သွားချင်ရာသွား၊ နေချင်ရာ နေ၊ သူ့ကို အတင်းအဓမ္မ မလုပ်ရဘူးလို့ မှာထားတယ် မဟုတ်လား၊ ကျွန်မ သူ့စိတ်ဓါတ်ကို သိပါတယ် ... သူ့ အသက်တစ်ချောင်းကိုတော့ လွှတ်ထားပေးလိုက်ပါ'

ရှန်စွမ်းက တစ်ချက် ရယ်မောလိုက်ပြီး အင်္ကျီစကို ပြန်ဆွဲယူ လိုက်သည်။

'သူ့ကို ငါ သတ်ဖို့မဟုတ်ပါဘူး။ သူ့ကို ခရီးတစ်ထောက်စောင့်ကြပ်ပြီး လိုက်ပို့မလို့ပါအေ့၊ ညည်းပြန်သွားပါ'

ဝမ်းအေက ရှန်စွမ်း၏ မျက်နှာကို ကြည့်လိုက်သည်။ ထူးဆန်းသည့် အရိပ်အယောင် ပေါ်နေသည်ဟု ထင်မိသည်။

သူမ၏ ရယ်ပုံမှာ မရယ်ချင် ရယ်ချင် ဖြစ်နေပြီး ရယ်ပုံက စိုးရိမ်ကြောင့်ကြသလို ဖြစ်နေသည်။ ဝမ်းအေ၏ ရင်ထဲမှာ ဒိတ်ခနဲ ဖြစ်သွားသည်။

သို့သော် ... ရှန်စွမ်းမှာ ခြေမြန်လက်မြန်နှင့် ကျုန်ထင်တို့ကို မီသွားပြီးလျှင် နောက်ကျောဘက်တွင် ရှိသည့် တောင်ဘက်သို့ အတူ သွားနေကြသည်ကို မြင်လိုက်ရလေတော့သည်။

❖❖❖❖❖



နန်းတော်၏ အနောက်ဘက်မှာ လူရှန်တောင် ရှိသည်။

ကျင်စီဝမ် ဘုရင်လက်ထက်က ၎င်းတောင်ပေါ်မှာ အာပုန်းကုန်း (ဆောင်ကြာမြိုင်) တည်ဆောက်ခဲ့သည်။ မိုင်နှစ်ရာခန့် ရှည်လျားသည်။ စိမ့်စမ်းမြိုင် ကောင်းသည်။ နောက်ပိုင်း ဟန်ယွီမင်းက မီးရှို့ပြီး ဖျက်ဆီးပစ်လိုက်သည်။ ထန်မင်းလက်ထက်တွင် ချန်အန်မြို့တည်၍ လူရှန်တောင်ပေါ်ရှိ အဆောင်အချို့ကိုလည်း ပြန်လည်မွမ်းမံသည်။ သို့သော် အာပုန်းကုန်း (ဆောင်ကြာမြိုင်)ကဲ့သို့ ခမ်းနားထည်ဝါခြင်း မရှိတော့ပေ။

ထိုအချိန်တွင် လီအီသည် လူရှန်တောင်ပေါ်သို့ ရောက်နေလေပြီ။ စိတ်ထဲမှာ အတော့်ကို ထိခိုက်နေသည်။ အရပ်လေးမျက်နှာကိုမျှော်ကြည့်လိုက်၏။ သုံးရက်လ ကွေးကွေးကလေးကို မြင်ရသည်။

ထိန်လင်းနေသော နန်းတော်ကြီးမှာလည်း ... သူ့နောက်တွင် ကျန်ရစ်ခဲ့သည်။ ကြည့်၍ မမြင်နိုင်အောင်ပင် ဝေးကွာသွားခဲ့ပေပြီ။

လီအီသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး တောင်အောက်သို့ တဖြည်းဖြည်း ဆင်းလာခဲ့၏။ ထိုအချိန်တွင် ခုတ်သံထစ်သံတို့ကို ရုတ်တရက် ကြားလိုက်ရခြင်းကြောင့် လီအီမှာ တစ်ချက် ထိတ်လန့်သွားသည်။

ထို့နောက် ... အဝေးမှ လူရိပ်နှစ်ရိပ်မှာ သူ့တည့်တည့်သို့ အလျှင်အမြန် ပြေးလာနေကြသည်ကို တွေ့ရသည်။

ရှေ့မှ ပြေးလာနေသောသူမှာ ... ကိုယ်ခန္ဓာတောင့်တင်းပြီး လက်ထဲမှ ကျားပွတ်ရှည်တစ်ချောင်းကို ဝှေ့ရမ်းနေသည်။ သူနှင့် ပေ တစ်ရာငါးဆယ်လောက်ကပင် သူ ဝှေ့ရမ်းနေသော ကျားပွတ်သံကို ကြားရ၏။ အံ့အားသင့်စရာကောင်းသော အချက်မှာ သူ့တွင် ဒဏ်ရာ ဒဏ်ချက် ပြင်းပြင်းထန်ထန် ရလာဟန်တူ၏။ သူသည် လက်ထဲမှ ကျားပွတ်ကို ဝှေ့ရမ်းနေရင်း အသည်းထိတ်စရာကောင်းလောက်အောင် စူးစူးဝါးဝါး အော်ဟစ်နေသည်။

လီအီသည် ... ထိုသူကို ဂရုတစိုက် ကြည့်နေ၏။ ထိုသူသည် စွမ်းရည်စစ်ပွဲတွင် ပါဝင်လက်စွမ်းပြခြင်း မရှိခဲ့သော်လည်း ကျင်စန်းနှင့် ကျန်ထင်တို့ထက် လက်ရည်သာကြောင်း ကြားသိခဲ့ရသည်။

ထိုသူ၏အမည်မှာ 'စီဝင်ပါ' ဖြစ်သည်။ ၎င်းသည် နန်းတွင်းမှ ရဲမက်တစ်ယောက် ဖြစ်ပြီး ကျင်စန်းနှင့် ကျန်ထင်တို့သည် သူ၏ လက်အောက်မှ ငယ်သားများ ဖြစ်ကြသည်။ ထိုသူ၏ လက်ရည်မှာ ကျင်စန်းနှင့် ကျန်ထင်တို့ နှစ်ယောက်ပေါင်းထက်ပင် သာလွန်သည်၊



ကျင်စန်း တစ်ယောက်တည်းကပင် လီအီကို လက်ရည်တူ တိုက်ခိုက်နိုင်သည်ဖြစ်ရာ စီဝင်ပါ၏ လက်ရည် မည်မျှထက်မည်ကို ခန့်မှန်းနိုင်သည်။ လီအီ စိတ်ထဲတွင် တစ်ချက် အေးခနဲ ဖြစ်သွား၏။

'လက်စသတ်တော့ သူတို့ဟာ အနေနည်းနဲ့ ဖမ်းတာ ဖြစ်မယ်၊ ဒီမှာ ထိပ်တန်းသိုင်းသမားတွေကို ကင်းပုန်းချထားပြီး ဖမ်းဖို့ လုပ်တယ်၊ ဟင်း ... ဟင်း ... ဝူကျော့ထန် ဘုရင်မကြီးရဲ့ ဉာဏ်စွမ်းဟာ ငါ ယုံကြည်စိတ်ချခဲ့ရတဲ့ ဝမ်းအေကိုတောင် လှည့်စားပစ်နိုင်ခဲ့တယ်၊ အခု အစီအစဉ်ဟာ ဝမ်းအေကို သူ့ဆီမှာ ဆက်ပြီး အလုပ်အကျွေးပြုစေဖို့ လှည့်ကွက်ကလေးပဲ၊ ဝမ်းအေကို စိတ်မထိခိုက်ရအောင် သူကလေးရဲ့ ရှေ့မှာ အလိမ္မာနဲ့ ငါ့ကို ရန်မပြုဘဲ လွှတ်ပေးလိုက်တဲ့ သဘောမျိုး လှည့်စားလိုက်တာပဲ'

လီအီသည် သံသယများ ဝင်လာ၏။ သူ့ကိုယ်သူ ပြန်လည် သုံးသပ်ကြည့်ပြန်တော့လည်း သူသည် အသက်စွန့်ပြီး တိုက်ခိုက်ရမည့်သူဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ... စိတ်ကိုတင်းပြီး ရင်ဆိုင်မည်ဟု ဆုံးဖြတ်လိုက်သည်။ ရှေ့သို့ တိုးထွက်သွားသည်။

ထိုအချိန်တွင် အော်ပြောလိုက်သံတစ်ခုကို ကြားလိုက်ရသည်။

'မင်းသား လီအီ .... အမြန်ပြန်လာခဲ့ပါ'

အော်ခေါ်သည့်အသံမှာ ရှန့်စွမ်း၏အသံဖြစ်ပြီး အလွန်စိုးရိမ်ကြောင့်ကြသော အသံဖြစ်နေသည့်အတွက် တစ်ချက် တုန်လှုပ်သွားသည်။ ချက်ချင်း စိတ်ထဲတွင် အတွေးနယ်ချဲ့လိုက်သည်။

'သူတို့ဟာ အနုနည်း၊ အကြမ်းနည်းတို့ကို တွဲဖက်သုံးထားတဲ့ပဲ၊ အခု ငါ့ကို အတင်းအဓမ္မ ပြန်ခေါ်သွားဖို့ လုပ်နေကြတာ၊ ငါဟာ ယောကျ်ား၊ ရန်သူ့ရှေ့မှာ ဒူးထောက်ပြီး အစော်ကားမခံဘူး'

အတွေးနယ်ချဲ့၍ မဆုံးမီ … ရှန်စွမ်း၏ ခြေသံမှာ သူ့အနားသို့ ရောက်လာ၏။ စီဝင်ပါလည်း ကျားပွတ်ရှည်ကြီး တရမ်းရမ်းနှင့် သူ့ရှေ့သို့ ရောက်လာပြီး တိုက်ခိုက်ရန် ပြင်လိုက်သည်။

လီအီသည် … ကျောက်တုံးပေါ်တွင် မတ်တပ်ရပ်နေသည်၊ ရှန်စွမ်းက စီဝင်ပါကို တစ်ချက် အော်ငေါက်၍ ဟန့်တားလိုက်၏။

'မတိုက်နဲ့ … ရပ်လိုက်'

ထိုအချိန်တွင် လီအီသည် ပေတစ်ထောင်ခန့်မြင့်သော တောင်ချောက်ကမ်းပါးအောက်သို့ ခုန်ချသွားလေတော့သည်။ ရှန်စွမ်းသည် လီအီ ထိုသို့ လုပ်သွားလိမ့်မည်ဟု မထင်ခဲ့ပေ။ ဖြစ်ရပ်ကို သိသောအခါ ကယ်ဆောင်ရန် အချိန်နှောင်းသွားလေပြီ။ တစ်ခဏအတွင်းမှာပင် ရှန်စွမ်းသည် ချာချာလည်ပြီး ချောက်ကမ်းပါးအောက်သို့ ကျတော့မတတ် ဖြစ်သွားသည်။ ထိုအခိုက်မှာပင် …

လူရိပ်တစ်ရိပ်သည် စီဝင်ပါ၏ ရှေ့သို့ ရောက်လာသည်။ လက်နက်မည်းမည်းကြီး တစ်ခုနှင့် စီဝင်ပါ၏ ဦးခေါင်းပေါ်ကို မိုးပြီး ရိုက်လာသည်။ စီဝင်ပါသည် ကျားပွတ်ရှည်နှင့် ခုခံရင်း အော်ပြောလိုက်သည်။

'မမရှန်စွမ်း … ကျွန်တော့်ကို အမြန်လာကူပါ'



ရှန်စွမ်းက … တစ်ချက် ကြည့်လိုက်သည်။ လိုက်လာသူမှာ အဆင့်မြင့် သိုင်းပညာရှင်တစ်ဦး ဖြစ်ကြောင်း သိရ၏။ လက်ထဲမှ သားမြီးယပ်ကို ဝှေ့ရမ်းနေသည်။ တစ်ချက်ဝှေ့ရမ်းရုံမျှဖြင့် စီဝင်ပါ၏ ကျားပွတ်ရှည်ကို ဖယ်ပစ်နိုင်သည်။ အထက်မှအောက်သို့ ရိုက်ချလိုက်လျှင် ကျယ်လောင်သောအသံမြည်၏။ သားမြီးယပ်မှာ ဓားလက်နက်လို ထက်၏။ သိုင်းပညာလေ့လာသူတို့၏ အဓိကပညာ ဖြစ်သည်။ ရှန်စွမ်းသည် စိတ်ထိခိုက်သည့်ကြားမှပင် ယင်းသိုင်းဆရာကြီး၏ ရိုက်ချက်ကို ကြားဝင် ကာကွယ်ပေးလိုက်ရ၏။

ထိုသိုင်းဆရာကြီးက …

'ဟား … ဟား … ဟား … နင်ဟာ ရှန်စွမ်းဆိုတဲ့ ကောင်မ မဟုတ်လား၊ နင့်ကို ငါ လိုက်ရှာနေတယ်၊ နင့်မှာ ဘာပညာတွေရှိလို့ ငါ့တပည့်တွေကို ထိခိုက်ဒဏ်ရာရအောင် လုပ်လိုက်ရတာလဲ'

ထိုသိုင်းဆရာကြီးမှာ အဆိပ်ဝိဇ္ဇာ 'ယုကမ်း'ပင် ဖြစ်သည်။ ထိုလူသည် အပ်စိုက်ဆရာကြီး ဟိုကျန်နှင့် အစွမ်းပြိုင်ရာတွင် ရှုံးနိမ့်ခဲ့ပြီးနောက် ခွန်လွန်သို့ ပြန်ပြီး စွမ်းရည်ကို ပြန်လည်လေ့ကျင့်ရန် မူလက ရည်ရွယ်ခဲ့သည်။ သို့သော် …. သူ၏တပည့်နှစ်ယောက် ဖြစ်သည့် ကွမ်ရင်နှင့် ရှင်ကျေက နားပူနားဆာ လုပ်သောကြောင့် ချန်အန်နေပြည်တော်သို့ လိုက်လာခဲ့သည်။ အကြောင်းတစ်ရပ်မှာ နန်းရင်းဝန် ဖိရန်ကို ထောင်ထဲမှ ကယ်ထုတ်ရန် ဖြစ်၏။ နောက်အကြောင်းတစ်ရပ်မှာ သူ့တပည့်များကို အနိုင်ကျင့်သည်ဆိုသော

ရှန်စွမ်းအား ရှာဖွေပြီး နှိမ်နင်းဆုံးမရန် ဖြစ်သည်။

အဆိပ်ဝိဇ္ဇာ ယုကမ်းသည် လူရှန်တောင်ပေါ်သို့ မြောက်ဘက်မှ တက်လာသည်။ တောင်ဘက်မှ ဆင်းပြီး .... နန်းတော်အတွင်းသို့ ဝင်ရန် ရည်ရွယ်ထားသည်။ ထို့နောက် ထောင်အတွင်းသို့ ဝင်ပြီး နန်းရင်းဝန် ဖိရန်အား ကယ်ထုတ်ရန်ဖြစ်သည်။

ရဲမက် စီဝင်ပါသည် ထိုတောင်ပေါ်တွင် အစောင့်ကျနေသူ ဖြစ်သည်။ အဆိပ်ဝိဇ္ဇာ ယုကမ်းနှင့် တွေ့ကြပြီး တိုက်ခိုက်ကြသည်၊ စီဝင်ပါသည် ယုကမ်းနှင့် မယှဉ်နိုင်ခြင်းကြောင့် မီးကျည်ဖြင့် အချက်ပြပြီး အကူအညီတောင်းခြင်း ဖြစ်၏။ မိုးကောင်းကင်တွင် လင်းခနဲဖြစ်သွားသော မီးရောင်မှာ စီဝင်ပါ အချက်မှေးလိုက်သည့် မီးရောင်ပင် ဖြစ်သည်။

ရှန်စွမ်းသည် ထိုမီးကျည်ရောင်ကို တွေ့သည်နှင့် လာပြီးအကူအညီပေးခြင်း ဖြစ်သည်။ သို့သော် လီအီ စိတ်ထဲတွင်မူ သူ့ကို ဖမ်းဆီးခေါ်ဆောင်ခဲ့ရန် ဝူကျောထန်ဘုရင်မကြီးက တာဝန်ပေးလိုက်သည့်အတွက် ရှန်စွမ်း လာရောက်ခြင်းဖြစ်သည်ဟု အထင်မှားခဲ့သည်။

အဆိပ်ဝိဇ္ဇာ ယုကမ်းမှာ .... အနက်ရောင် သိုင်းလောကတွင် အစွမ်းအထက်မြက်ဆုံး ဖြစ်သည်။ ရှန်စွမ်းသည် သူ့ကို မမြင်ဖူးသော်လည်း သူမ ဆရာ၏ ပြောသံ ဆိုသံတို့ကို ကြားဖူးထားသည်။ သို့ဖြစ်၍ သိုင်းကွက်လေးငါးကွက် နင်းလိုက်ပြီးနောက်တွင် မည်သူမည်ဝါဖြစ်ကြောင်း သိလိုက်ရသည်။



လီအီသည် ချောက်ကမ်းပါးအောက်သို့ ခုန်ချသွားခဲ့သည်။ ရှန်စွမ်းမှာ မူလက လီအီ သေသည်၊ ရှင်သည်ကို သိရအောင် လိုက်ပြီး ခုန်ဆင်းရန် ဖြစ်သည်။

သို့သော် ... အဆိပ်ဝိဇ္ဇာ ယုကမ်းက သွားလမ်းကို တားထားသောကြောင့် တိုက်ခိုက်နေရ၏။ မတတ်သာသည့်အဆုံး အာရုံစိုက်ပြီး အပြင်းအထန် တိုက်ခိုက်နေရသည်။

စီဝင်ပါသည်လည်း ကျာပွတ်ရှည်ကြီးနှင့် ကူညီတိုက်ပေးနေသည်။ ယုကမ်းက .....

'ဟား ..... ဟား ..... ဟား .... ဟေ့ကောင်၊ မင်းက ငါ့ရဲ့ အရိုးကြေ လက်ဝါးဒဏ် ထိထားတယ်၊ မင်းရဲ့ ကာယစွမ်းအားနဲ့ အမြန်ပြန်ပြီး ဆေးကုမယ်ဆိုရင်တော့ အသက်ချမ်းသာဖို့ အကြောင်းရှိသေးတယ်၊ မင်းက သေချင်လို့ မပြေးဘဲ နေတာလား'

စီဝင်ပါသည် သိုင်းလောကထဲသို့ ဝင်ရောက်လာကတည်းက တစ်ကြိမ်တစ်ခါမျှ အရေးမနိမ့်ခဲ့ဖူးချေ။ သို့သော် ယခုအချိန်တွင် အဆိပ် လက်ဝါးတစ်ချက် အရိုက်ခံလိုက်ရသည်။ သူသည် အတွင်းအားကို အသုံးပြုပြီး တစ်နာရီအတွင်း အဆိပ်မတက်နိုင်အောင် ထိန်းထားနိုင်၏။ ထို့ကြောင့် .... လေကို ဝအောင် ရှူလိုက်ပြီး လက်ဝါးတစ်ချက် အရိုက်ခံရသည်ကို ကလဲ့စားချေနိုင်ရန် ကြိုးစားတော့၏။

သို့သော် အဆိပ်ဝိဇ္ဇာ ယုကမ်းသည် သိုင်းပညာ ထက်မြက်သော လူနှစ်ယောက် ဝိုင်းတိုက်ခြင်းကိုပင် မမှုဘဲ ပြန်လည်တိုက်စစ်

ဆင်နိုင်သည်။ စီဝင်ပါ၏ ကျာပွတ်ရှည်မှာ သူ့ထံသို့ မရောက်လာမီ လက်နှစ်ဘက်ကို ဝှေ့ရမ်းလိုက်သည်။ ကိုယ်ကို လေပွေမွှေ့သကဲ့သို့ လည်ပြီး ကျာပွတ်ဖျား လွင့်ပါသွားသည်။ စီဝင်ပါ၏ ကျာပွတ်သည် ဆယ်ပေကျော် ရှည်သော်လည်း ယုကမ်း၏ အင်္ကျီဖျားကိုပင် မထိဘဲ ဖြစ်နေသည်။

လွဲချော်သွားသော ကျာပွတ်သံကို ဝှီးခနဲ ကြားလိုက်ရသည်။ အဆိပ်ဝိဇ္ဇာယုကမ်းသည် ကျာပွတ်နှင့် ဓားလက်နက်တို့အကြားမှ ကိုယ့်ကို လှည့်လိုက်ပြီး သားမြီးယပ်တောင်အရိုးနှင့် ရှန်စွမ်း၏ အာရုံကြောကို ထောက်လိုက်သည်။

ရှန်စွမ်းသည် ကိုယ်ကို တိမ်းလိုက်ပြီး ဓားနှင့် ဝိုင်းလိုက်သည်။ ဓားဦးမှာလည်း ယုကမ်း၏ ချိုင်းအောက်မှ အာရုံကြောကွက်ကို ထောက်ရမည် ဖြစ်သည်။

သို့သော် ယုကမ်းသည် မည်သို့သော သိုင်းကွက်ဖြင့် ရှောင်တိမ်းလိုက်သည် မသိ၊ ဓားချက်မှာ လွဲချော်သွားသည်။

တစ်ချိန်တည်းမှာပင် အဆိပ်ဝိဇ္ဇာ ယုကမ်းသည် ရှန်စွမ်း၏ ဓားကို သားမြီးယပ်နှင့် ရိုက်ပြီး ရစ်ပတ်ထားသည်။ ရှန်စွမ်းမှာ တစ်ချက်ထိတ်သွားပြီး အတွင်းအားကို သွင်းယူလိုက်၏။ ထိုအခိုက် စီဝင်ပါကလည်း ကျာပွတ်ရှည်ကြီးနှင့် သုံးချက်ဆင့် ရိုက်ပြီး တိုက်ခိုက်လာသည်။

'ဖျန်း ... ဖျန်း ... ဖျန်း '



စီဝင်ပါက ကျာပွတ်နှင့် သုံးချက်ဆက်တိုက် ရိုက်နေသည့်အကြားမှ အဆိပ်ဝိဇ္ဇာ ယုကမ်းသည် ရှန်စွမ်း၏ ဓားကို လုယူရန် ကြိုးစားလိုက်သေး၏။ သို့သော် ယုကမ်းသည် ကျာပွတ်ရိုက်ချက် အထိခံရမည် စိုးသောကြောင့် ရှန်စွမ်း၏ဓားအား ရစ်ပတ်ထားသည့် သားမြီးယပ်ကို ပြန်သိမ်းလိုက်ပြီး အမြင့်သို့ ခုန်တက်လိုက်သည်။ ပြီးမှ သားမြီးယပ်ဖြင့် ရှန်စွမ်း၏ဓားနှင့် စီဝင်ပါ၏ ကျာပွတ်လက်နက်တို့ကို ရိုက်ဖယ်လိုက်သည်။

၎င်းတို့သည် ပြင်းထန်သည့် သိုင်းကွက်တို့ကို သုံးလေးကွက်စီ ထုတ်သုံးလိုက်ကြပြီးနောက် ... နှစ်ဘက်စလုံး ထိတ်လန့်လာကြသည်။ အဆိပ်ဝိဇ္ဇာ ယုကမ်းမှာ ရှန်စွမ်းထက်ပိုပြီး ထိတ်လန့်နေပုံရသည်။

ရှန်စွမ်းကို ကြည့်ရသည်မှာ အသက်အရွယ်အားဖြင့် နှစ်ဆယ်ဝန်းကျင်တွင်သာ ရှိသေးသော်လည်း စွမ်းရည်မှာ ယုကမ်း မခန့်မှန်းနိုင်လောက်အောင် အစွမ်းထက်နေသည်။ ထို့ကြောင့် အဆိပ်ဝိဇ္ဇာ ယုကမ်းသည် ထိတ်လန့်နေ၏။ ရှန်စွမ်း၏ ဓားရေး ဓားခင်းတို့မှာ သိုင်းလောကမှ ပုဂ္ဂိုလ်ထူးက သင်ကြားပေးသည့်အစွမ်းဟု ထင်မှတ်ရပေသည်။

အဆိပ်ဝိဇ္ဇာ ယုကမ်းသည် မိုးနတ်မင်းကိုပင် မကြောက်သော လူမျိုး ဖြစ်သည်။ သူသည် သိုင်းလောကမှ ပုဂ္ဂိုလ်တစ်ဦးကိုသာ ကြောက်ရွံ့သည်။

တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် တိုက်ခိုက်နေချိန်တွင် ချောက်ကမ်းပါးအောက်မှ ငယ်သံပါအောင် အော်လိုက်သော အသံတစ်သံကို ကြားလိုက်ရသည်။ လိအိ သေဘေးနှင့်တွေ့၍ အော်သောအသံဟု ထင်မှတ်ပြီး ရှန်စွမ်းမှာ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားလေတော့သည်။

အဆိပ်ဝိဇ္ဇာ ယုကမ်းမှာလည်း စိုးရိမ်ထိတ်လန့်ပုံ ရသည်။ သားမြီးယပ်ကို ထောင်လိုက်ပြီး ရင်ဝကို ကာထားလိုက်သည်။ သူက အခွင့်ကောင်းယူပြီး မတိုက်ခိုက်သည့်အပြင် သူ့ကို ရှန်စွမ်း တိုက်ခိုက်လာမည်ကိုပင် စိုးရိမ်နေသည်။ ရှန်စွမ်း၏ ဓားချက် နှေးသွားသည်နှင့် ထွက်ပြေးဖို့ကိုသာ စိတ်ကူးထားသည်။

ရှန်စွမ်းမှာ ပျံ့လွင့်သွားသော စိတ်ကို သတိဖြင့် ပြန်လည်စုစည်းနိုင်ခဲ့သည်။ လိအိ ချောက်ကမ်းပါးအောက်သို့ ခုန်ဆင်းသွားသည်မှာ အချိန်အတော်ကြာသွားပေပြီ။ အကယ်၍ .. လိအိ မသေဘဲ ဒဏ်ရာရရှိလျှင်လည်း ယခုအချိန်ရောက်မှ အော်စရာ အကြောင်း မရှိနိုင်ဟု စဉ်းစားမိပြီး စိတ်အနည်းငယ် အေးသွားရသည်။

အဆိပ်ဝိဇ္ဇာ ယုကမ်းကမူ သူ့တပည့် ရှင်ကျေ၏ အော်သံမှန်း သိရှိလိုက်သည်။ ရှင်ကျေနှင့် ကွမ်ရင်တို့သည် သူ့အတွက် တောင်အောက်မှ ကာကွယ်စောင့်ကြပ်နေခဲ့ကြသည်။ အဆိပ်ဝိဇ္ဇာ ယုကမ်းမှာ စိတ်ထွေလာသည်။

စိတ်တွင်းမှ ...



'ငါ့တပည့်တွေ ... အစွမ်းထက်တဲ့ ရန်သူနဲ့ တွေ့နေကြပြီထင်တယ်'

အမှန်စင်စစ် ... အဆိပ်ဝိဇ္ဇာ ယုကမ်း၏ သိုင်းပညာမှာ ရှန်စွမ်းနှင့် စီဝင်ပါတို့ထက် ထက်မြက်သည်။ သို့သော် .... ယခုအချိန်တွင် အာရုံပျံ့လွင့်နေခြင်းကြောင့် ရှန်စွမ်း၏ ဓားချက်များကို ဆက်တိုက် အသွင်းခံလိုက်ရသည်။ အခြေအနေမှာ ချက်ချင်းပြောင်းလဲသွားသည်။ ထိုအချိန်တွင် အစွမ်းထက်သော နန်းတွင်းရဲမက်များဖြစ်သည့် ကျင်စန်းနှင့် ကျန်ထင်တို့လည်း ရောက်လာကြသည်။

ကျန်ထင်သည် ဆင်ကန်းတောတိုး လုပ်တတ်သည်။ ယခုလည်း ရှေ့သို့တက်ပြီး သိုင်းချက်ကို သွင်းလိုက်သည်။

'ဘယ်က ရောက်လာတဲ့ သိုင်းဆရာစုတ်လဲ ... ဘာဖြစ်လို့ ဒီတောင်ပေါ်လာပြီး အနှောင့်အယှက် ပေးရသလဲ'

ပြောပြောဆိုဆို ကြေးတုတ်နှင့် ... အဆိပ်ဝိဇ္ဇာ ယုကမ်း၏ ရင်ဘတ်ကို ဆောင့်ထိုးလိုက်သည်။ အဆိပ်ဝိဇ္ဇာ ယုကမ်းသည် ... ညာဘက်လက်နှင့် တစ်ဖက်မှလာသည့် ဓားချက်ကို ဖယ်လိုက်ပြီး ဘယ်ဘက်လက်နှင့် ကြေးတုတ်အဖျားကို ဖမ်းဆွဲထားလိုက်သည်။ ကျန်ထင်မှာ အားကုန် ပြန်လုသော်လည်း မရချေ။ အဆိပ်ဝိဇ္ဇာ ယုကမ်း၏ ရယ်သံကို ကြားရသည်။ ကြေးတုတ်ကြီးမှာ ကွေးပြီး ကျသွားသည်။ စီဝင်ပါကလည်း ကျားပွတ်နှင့် အတင်းဝင်ပြီး ရိုက်လာပြန်သည်။ အဆိပ်ဝိဇ္ဇာ ယုကမ်းက ...

'ကောင်းပြီ ... ရိုက်ကွာ ... ရိုက်'

'ဘုန်း'

အသံတစ်ချက် ကြားလိုက်ရသည်။ ကျွဲကိုယ်လုံးလောက်ရှိသော ကျန်ထင်မှာ လေထုထဲသို့ မြောက်တက်သွားပြီး စိဝင်ပါ ဆီသို့ ရောက်လာသည်။ စိဝင်ပါသည် သူ၏ ကျာပွတ်ကြီးကို ရုပ်လိုက်ပြီး ကျန်ထင်ကို ဖမ်းလိုက်၏။ သို့သော် .... ကျန်ထင်သည် ကျောက်တုံးနှင့် ထိမိပြီး ဦးခွံနှစ်ခြမ်းကွဲသွားသည်။ အသက်ရှင်ရန် အကြောင်းမရှိတော့သော အခြေသို့ ရောက်သွားသည်။

ရှန်စွမ်းသည် ဒေါသလည်းဖြစ်၊ ကြောက်လည်းကြောက်နှင့် ဓားနှစ်ချက်ကို ဆက်တိုက်သွင်းလိုက်၏။ အထက်ဓားချက်ဖြင့် မျက်စိကို ထိုးသည်။ အောက်ဓားချက်ဖြင့် ရင်ဝကို ထိုးသည်။ ဓားချက်တို့မှာ အလွန်ပြင်းထန်၏။ စိဝင်ပါ၏ ကျာပွတ်ကလည်း လေမုန်တိုင်းတိုက်ခတ်သလို အရှိန်ပြင်းထန်လာသည်။ တစ်ဖက်က အစွမ်းကုန်တိုက်ခိုက်လာသည်ကို ယုစွမ်း မြင်လျှင် ပေါ့ပေါ့ဆဆ တိုက်ခိုက်မနေရဲတော့ဘဲ သားမြီးယပ်နှင့် ဝှေ့ရမ်း ကာကွယ်ထားရသည်။

ထိုအချိန်တွင် အလ်စွက် ဝှေ့ယမ်းလာသည်ကို မြင်လိုက်ရပြီးလေလည်း တိုက်ခတ်လာသည်။ သူ၏ သားမြီးယပ်မှာ ဟာကွက်ဖြစ်သွား၏။ ရှန်စွမ်းသည် ထိုဟာကွက်အတွင်းသို့ ဓားချက်ကို သွင်းလိုက်သည်။ အဆိပ်ဝိဇ္ဇာ ယုကမ်းမှာ အရှောင်အတိမ်းမြန်လွန်းသည့်အတွက် အကျီလက်တစ်ပိုင်း ပြတ်ကျသွားသည်။



အမှန်မှာ .... ကျင်စန်း၏ သိုင်းပညာအဆင့်မှာ စိဝင်ပါထက်နိမ့်သည်၊ ကျန်ထင်နှင့် အဆင့်တူမျှသာဖြစ်၏။ သို့သော် ... ကျင်စန်းသည် ကျန်ထင်ကဲ့သို့ တစ်ဖွတ်ထိုးမလုပ်ဘဲ ပါးနပ်လိမ္မာ၏။ သူသည် အဆိပ်ဝိဇ္ဇာ ယုကမ်း တစ်ဘက်သို့ အာရုံစိုက် တိုက်ခိုက်နေစဉ် အခြားတစ်ဘက်မှ ဝင်တိုက်ခြင်း ... ဖြစ်သည်။ သူ၏ အလ်စွက်မှာလည်း လက်နက်တစ်မျိုး ဖြစ်သည်။ သူတို့သုံးယောက် တက်ညီလက်ညီဖြင့် တစ်ပြိုင်တည်း တိုက်ခိုက်ခြင်းကြောင့် အသာစီးရလာသည်။

သိုင်းပညာထက်မြက်သော လူသုံးဦးက ဝိုင်းတိုက်ကြခြင်းဖြစ်သည်။ အလ်စွက်ရိုက်သံ၊ ကျာပွတ်ရိုက်သံနှင့် ဓားချက်ထိသံတို့သည် တောင်တစ်ခုလုံး ဟိန်းသွား၏။ ကျောက်ခဲ၊ သဲတို့မှာ အလိပ်လိုက် အလိပ်လိုက် ထနေသည်။ အဆိပ်ဝိဇ္ဇာ ယုကမ်း၏ သားမြီးယပ်မှာလည်း ဝိုင်းဝိုင်းလည်အောင် လှည့်နေရသည်။ တဖြည်းဖြည်းနှင့် လက်ပန်းကျလာသည့်အချိန်တွင် လူရိပ်တစ်ရိပ် အလျင်အမြန်ပြေးလာသည်ကို တွေ့ရပြီး အဝေးမှ အော်ခေါ်သံကို ကြားလိုက်ရ၏။

'မမ ရှန်စွမ်း .... ဘယ်သူတွေနဲ့ တိုက်ခိုက်နေတာလဲ'

စိုးရိမ်တကြီးနှင့် ပြောလိုက်သောကြောင့် အသံမှာ တုန်နေသည်။ ထိုအသံရှင်မှာ ဝမ်းအေ ဖြစ်သည်။

ယုကမ်းမှာ သူ့တပည့်များ တောင်ပေါ်သို့ တက်မလာနိုင်သည့်အတွက် သံသယဝင်ပြီး စိုးရိမ်ကြောင့်ကြ ဖြစ်နေသည်။ စိတ်ထဲမှလည်း ...

'နန်းတော်အတွင်းမှာ ဒီလို အစွမ်းထက်တဲ့ ပုဂ္ဂိုလ်တွေရှိမှာကို မစဉ်းစားမိဘူး။ ငါ မပြေးဘဲ ဆက်တိုက်နေဦးမယ်ဆိုရင် အသက်အန္တရာယ်အတွက် စိုးရိမ်ရတယ်'

အဆိပ်ဝိဇ္ဇာ ယုကမ်းသည် သားမြီးယပ်ကို တစ်ချက်ရိုက်လိုက်၏။ ရှန်စွမ်းက ကိုယ်ကိုတိမ်းပြီး ဓားနှင့် ပြန်ခံလိုက်သည်။ သို့သော် ယုကမ်းမှာ ဟန်ဆောင်တိုက်ပြီး ပြေးပေါက်ရှာခြင်းသာ ဖြစ်သည်။ ရှန်စွမ်း ရှောင်တိမ်းလိုက်ချိန်တွင် ယုကမ်းသည် ကျင်စန်း၏ ဘေးသို့ ကပ်လိုက်ပြီး သားမြီးယပ်နှင့် အာရုံကြောအား ထောက်လိုက်သည်။ သို့သော် ... ကျင်စန်းက ရှောင်ပေးလိုက်ပြီး အလံစွက်နှင့် ပြန်ရိုက်လိုက်သည်။ ယုကမ်းက အထက်သို့ ခုန်ပေးလိုက်သည့်အတွက် အလံမှာ သူ့ခြေထောက်အောက်မှ ဖြတ်ကျော်သွားသည်။ ယုကမ်းသည် အောက်သို့ ပြန်အကျတွင် သားမြီးယပ်နှင့် စီဝင်ပါကို ရိုက်ချလိုက်သည်။ စီဝင်ပါက ရှောင်တိမ်းပြီး ကျာပွတ်နှင့် တန်ပြန် ရိုက်လိုက်ရာ ယုကမ်းကို ထိသွားသည်။ သို့သော် ... လဲကျမသွားချေ။

'ဝုန်း ....'

အဆိပ်ဝိဇ္ဇာ ယုကမ်း အောက်သို့ ပြန်ကျလာသည်။ ယုကမ်းသည် ထိပ်တန်းသိုင်းသမား သုံးယောက်ကို သုံးချက်ဆက်တိုက် တိုက်ခိုက်ပြီး ဖောက်ထွင်းကာ ထွက်ပြေးသွားနိုင်သော သူ၏ သိုင်းပညာစွမ်းရည်မှာ အမှန်ပင် အံ့အားသင့်လောက်အောင် အစွမ်းထက်လှပေသည်။



စီဝင်ပါက ...

'ဟဲ ... ဟဲ ... ငါလက်တစ်ဖက် ဆုံးရှုံးလိုက်ရပေမယ့် မင်းကို ငါ့ကျာပွတ်နဲ့ တစ်ချက် ရိုက်လိုက်နိုင်သေးတယ်ကွ'

သူ၏ရယ်သံမှာ မချိမဆန့် ရယ်သံမျိုး ဖြစ်ခြင်းကြောင့် ရှန်စွမ်းမှာ တုန်လှုပ်ချောက်ချားသွားသည်။ သူ့ကို လှမ်းကြည့်လိုက်သောအခါ တတောင်ဆစ် အောက်ပိုင်းတစ်ခုလုံးသည် မည်းနေ၏။ စီဝင်ပါသည် ရှန်စွမ်း သူ့ထံသို့ မရောက်လာမီမှာပင် ဓားနှင့် သူ့လက်ကို သူ ဖြတ်ပစ်လိုက်သည်။ 'ရွမ်း ... ဘုတ်'

ဓားသံနှင့်အတူ လက်ပြတ်ကြီးမှာ မြေပြင်သို့ ကျသွားသည်။

အမှန်စင်စစ် ... စီဝင်ပါမှာ အဆိပ်ဝိဇ္ဇာ ယုကမ်း၏ အဆိပ်လက်ဝါးတစ်ချက်ကို အထိခံရသည်။ သူ၏ အတွင်းအားကို အသုံးပြုကာ ဘယ်ဘက်လက်ဝါးဆီသို့ အဆိပ်တို့ကို ပြောင်းရွှေ့ထားသည်။ သို့ရာတွင် အကြိတ်အနယ် တိုက်ခိုက်ရခြင်းကြောင့် အားအင်များ ကုန်ခမ်းပြီး အဆိပ်တက်လာခြင်း ဖြစ်သည်။ အကြိတ်အနယ် တိုက်ခိုက်နေစဉ်တွင် သူသည် အတွင်းအားကို ပြန်လည်စုစည်း၍ မရသောကြောင့် လက်တစ်ဘက်ကို အဆုံးခံပြီး အသက်ကို လုယူထားလိုက်ခြင်း ဖြစ်ပါသည်။

ထိုအချိန်တွင် ဝမ်းအေ ရောက်လာသည်။ မြင်ကွင်းမှာ ထိတ်လန့်စရာ ကောင်းနေ၏။ စီဝင်ပါသည် ကျန်ထင်၏ အလောင်းကို ထမ်းပြီး ရှန်စွမ်းအား လေးနက်စွာ ပြောလိုက်လေ၏။

'မမရှန်စွမ်း ... ကျွန်တော်တို့ ညီအစ်ကိုအတွက် ရန်ကြွေးကို မမရှန်စွမ်းကပဲ ကလဲ့စားချေပေးရမှာပဲ ...

'ကျင်စန်း ... မမရှန်စွမ်းနဲ့ လိုက်သွားပြီး တောင်အောက်မှာ စစ်ဆေးကြည့် ... ကြားလား'

'ရှင်ပြန်သွားပြီး စိတ်ချလက်ချ ဆေးကုပါ၊ ဒီရန်ကြွေးကို ကျွန်မက ကလဲ့စား မချေနိုင်ရင်တောင်မှ ကလဲ့စားချေပေးမယ့်လူ ရှိပါလိမ့်မယ်၊ ဒီတာဝန်ကို ကျွန်မ သေတာတောင် မမေ့ပါဘူး'

'မမ ရှန်စွမ်းရဲ့ ဆရာ ထွက်လာမယ်ဆိုရင် စိတ်မချနိုင်စရာ အကြောင်းမရှိပါဘူး'

စီဝင်ပါသည် ကျန်ထင်၏ အလောင်းကိုထမ်းပြီး ပြန်သွားသည်။ ဝမ်းအေမှာ ကြက်သေသေကာ စီဝင်ပါ၏ နောက်ကျောကို ငေးပြီး ကြည့်နေမိလေ၏။

ထို့နောက် ရှန်စွမ်းက လေသံတိုးတိုးဖြင့် ....

'သူ ... သွားပြီ၊ ကျန်ထင်ကို သူသတ်သွားတာ မဟုတ်ဘူး'

ထိုစကားကြားမှ ဝမ်းအေမှာ အသက်ရှူချောင်သွားပြီးနောက် ချက်ချင်း ကောက်မေးလိုက်သည်။

'သူ သွားပြီလား၊ မမ မမိလိုက်ဘူးလား၊ သူ ဘာများ ပြောခဲ့သေးသလဲ'

'သူ ဝေးဝေးရောက်ဦးမှာ မဟုတ်သေးဘူး၊ ငါတို့ တောင်အောက်ဆင်းကြည့်ရအောင်'



ရှန်စွမ်းသည် ဝမ်းအေ စိတ်ထိခိုက်သွားမှာ စိုးရိမ်ခြင်းကြောင့် လီအီ တောင်စောင်းအောက်သို့ ခုန်ဆင်းသွားသည့်အကြောင်းကို မပြောဘဲ ထားသည်။

သို့သော် ဝမ်းအေမှာ အလွန်ပါးနပ်၏။ ရှန်စွမ်း၏ မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်မိသည်။ ထို့ကြောင့် ရှန်စွမ်းနောက်မှ စကားမပြောဘဲ လိုက်ပါလာသည်။

ထို့နောက် ....

သူတို့သုံးယောက်သည် တောင်စောင်းအောက်သို့ ဆင်းသွားကြလေတော့သည်။

❖❖❖❖❖

## အခန်း (၂၂)

## နောက်ဆုံး အမှာစကား

တောင်စောင်းတို့မှာ ရေညှိများဖြင့် အလွန်ချောနေသည်၊ ဝမ်းအေက အလျှင်စလို သွားသောကြောင့် လေးငါးကြိမ်ခန့် ချော်လဲမတတ် ဖြစ်သွားသည်။ ရှန်စွမ်းက လက်နှင့် လှမ်းဆွဲထားလိုက်ပြီး တိုးတိုးတိတ်တိတ် ပြောလိုက်သည်။

'ညီမလေး ဝမ်းအေ ... နည်းနည်းတော့ သတိထားဦး'

ဝမ်းအေ၏ ကိုယ်လက်ပေါ့ပါးမှုမှာ ပင်ကိုယ်က ညံ့လှသည် မဟုတ်၊ သို့ရာတွင် .... စိတ်ထွေပြားနေပြီး အာရုံပျံ့လွင့်နေခြင်းကြောင့် ခြေလှမ်းမနိုင်ဘဲ ဖြစ်နေသည်။

ခဏကြာမျှ လျှောက်မိသောအခါ သွေးစိမ်းအနံ့များ နှာခေါင်းထဲသို့ စူးဝင်လာသည်။



ကျင်စန်းက ...

'ဒီမှာ အလောင်းတစ်လောင်း'

ဝမ်းအေမှာ ငယ်ထိပ် မိုးကြိုးပစ်ခံလိုက်ရသကဲ့သို့ ထိတ်ခနဲ ဖြစ်သွားသည်။ အသည်းနှလုံးတို့ ပြောင်းဆန်သွားသည်။ ထိုစဉ် ကျင်စန်းထံမှ ထပ်အော်လိုက်သော အသံကို ကြားလိုက်ရသည်။

'ဟော့ ... ဦးခေါင်းစုတ်ဖွား'

ဝမ်းအေမှာ စိတ်ငြိမ်သွားသည်။ ကျင်စန်းသည် မီးတုတ်ကို ထွန်းညှိလိုက်သည်။ ရှင်စွမ်းက သေသေချာချာ ကြည့်လိုက်သည်။

'အမယ်လေး ... ရှင်ကျော့ကြီးပါလား'

ရှန်စွမ်းသည် ရှင်ကျော့ကို စစ်ဆေးကြည့်ရှုသောအခါ ရှင်ကျော့၏ ကိုယ်ပေါ်တွင် ဒဏ်ရာ လေးငါးခြောက်ချက်ရှိသည်။ အားလုံး အရေးမကြီးသော ဒဏ်ရာများ ဖြစ်၏။ ပခုံးပေါ်တွင် ထိသော ဒဏ်ရာတစ်ချက်သာ အနည်းငယ်နက်သည်။ သို့သော် ဓားဒဏ်ရာ မဟုတ်ဘဲ လူကိုက်ထားသည့် ဒဏ်ရာ ဖြစ်နေ၏။

ရှန်စွမ်းမှာ အံ့သြနေသည်။

စိတ်ထဲမှ ...

'စွမ်းရည်ထက်တဲ့လူချင်း ယှဉ်ပြိုင်ကြလို့ရှိရင် ပါးစပ်နဲ့လူကို ကိုက်ဖို့ အကြောင်းမရှိဘူး၊ ဒါဖြင့် ရှင်ကျော့ကို ဘယ်သူသတ်သွားတာ ဖြစ်မလဲ'

ဝမ်းအေက ...

'ဒီကို ရှင်ကျေးနဲ့ ကွမ်ရင်တို့ အတူတူ လာကြတယ်၊ ဒီတော့ မသေသေးဘဲ ဒဏ်ရာရပြီး ကျန်နေသေးတဲ့ ကွမ်ရင်ကို သတိထား ရမယ်၊ သူက 'သည်းပေါက်ဒေဝါ' အပ်နဲ့ ပစ်ချင်ပစ်နေမယ်'

ကျင်စန်းသည် အလံရွက်နှင့် အကာအကွယ် လုပ်ထားသည့် သတိကြီးစွာဖြင့် ဆက်လက်ရှာဖွေကြသည်။ နောက်ထပ် အလောင်း တစ်လောင်းကို တွေ့ရပြန်သည်။

ထိုစဥ် ကျင်စန်းက ...

'ဒီမှာ နောက်ထပ် ယောကျ်ားတစ်လောင်း၊ ဒီအလောင်းက တုတ်တုတ်ခိုင်ခိုင်နဲ့ လူငယ်တစ်ယောက်ရဲ့ အလောင်းပဲ'

ဝမ်းအေက စဥ်းစားလိုက်သည်။ လီအီသည် ပိန်ပိန်ပါးပါးနှင့် စာပေသမားဖြစ်ပြီး ကိုယ်လက် တုတ်တုတ်ခိုင်ခိုင်မဟုတ်၍ အသက် ရှူချောင်သွားသည်။

ရှန်စွမ်းက လှမ်းခေါ်ပြီး ...

'ဟေ့ ... ညီမလေး ဝမ်းအေ၊ ဒီကို မြန်မြန် လာကြည့်စမ်းပါဦး သူ ... သူဟာ စွန်ထိုင်ဆိုတဲ့ လူငယ် မဟုတ်လား'

ဝမ်းအေသည် အလောင်းကို ကြည့်လိုက်ရာ လိပ်ပြာလွင့် မတတ် ထိတ်လန့်သွား၏။ သေသူသည် သူမနှင့်အတူ ကစားဖော် ကစားဖက် အတူနေလာပြီး မောင်နှမလို ရင်းနှီးခဲ့သော စွန်ထိုင်ပင် ဖြစ်သည်။ ဝမ်းအေမှာ လန့်အော်လိုက်ပြီး အချိန်အတော် ကြာအောင် မငိုနိုင်ဘဲ ဖြစ်နေသည်။



ကျင်စန်းသည် ထိုသူငယ်ကို မ ထူလိုက်လေသည်။ ရှန်စွမ်းက သွေးတိုးစမ်းကြည့်၏။

'သွေးတိုးနေသေးတယ်၊ မသေသေးဘူး'

ပြောပြောဆိုဆိုနှင့် အပေါ်အင်္ကျီကို လှပ်လိုက်ပြီး စစ်ဆေး ကြည့်လိုက်ရာ ...

သည်းပေါက်ဒေဝါ အပ်ဒဏ်ရာ နှစ်ချက်နှင့် လက်ဝါးဒဏ်ရာ တစ်ချက် ထိထားကြောင်း တွေ့ရှိရသည်။

ရှန်စွမ်းသည် ဓားကိုယူလိုက်ပြီး အရေပြားကိုခွဲ၍ အပ်ကို ထုတ်ယူလိုက်လေသည်။ စွန်ထိုင်မှာမူ ဘာမျှ မသိသလို တစ်ချက်မျှ ညည်းညူခြင်း၊ လှုပ်ရှားခြင်းများ မရှိချေ။

ဝမ်းအေက အသံများတုန်လျက်နှင့် ...

'မမ ... ကယ်လို့ ရပါဦးမလား'

ရှန်စွမ်းက စွန်ထိုင်၏ ခါးကို လက်ဝါးစောင်းနှင့် ပြင်းပြင်း တစ်ချက်ခုတ်ပြီး အာရုံကြောကို ထောက်ထားလိုက်သည်။ သူမ ထောက်ထားသည့် အာရုံကြောမှာ အချုပ်လမ်းကြောင်းနှင့် အထိန်း လမ်းကြောင်းဆုံရာ အာရုံကြောဖြစ်သည်။ အကယ်၍ အတွင်းဒဏ် ထိထားသည့်တိုင်အောင် သွေးများ မခဲအောင် ဟန့်တားထားခြင်း ဖြစ်သည်။ စွန်ထိုင်၏ လည်ချောင်းအတွင်းမှ ဂလောက် ဂလောက် မြည်လာသည်။

'ဝေါ့ ...'

သွေးခဲများ၊ သလိပ်များ အန်ထုတ်လိုက်သည်။

ထို့နောက် ... မျက်စိနှစ်လုံး ဖွင့်ကြည့်လိုက်ရာ ဝမ်းအေကို တွေ့ရသဖြင့် စိတ်အေးသွားဟန်ဖြင့် မျက်စိ ပြန်မှိတ်သွားသည်။

ရှန်စွမ်းက ...

'ကျင်စန်း ... သူ့ကို နန်းတွင်းခေါ်သွား ... နန်းတွင်းသမားတော်နဲ့ အမြန်ကုသလိုက် ... ကြားလား'

စွန်ထိုင်၏ အတွင်းအားမှာ မင်းသား လီအီထက် ညံ့သည်။

မင်းသား လီအီ သည်းပေါက်ဒေဝါ အပ်ဒဏ်ရာ ရခဲ့စဉ်က ရှန်စွမ်းသည် ဆရာကြီး ဟိုကျန်ထံ ခေါ်သွားပြီး ကုသပေးခဲ့သည်။ စွန်ထိုင်မှာမူ အဆိပ်ကို ခံနိုင်စွမ်းမရှိဘဲ ဆရာကြီးထံသွားရန်လည်း ခရီးဝေးသည်။ ကွမ်ရင်၏ ဒေဝါအပ်အစွမ်းကို ဝမ်းအေလည်း သိထားသည်။ နန်းတွင်းသမားတော်နှင့် ကုသခြင်းမှာ အဆိုးဆုံးထဲမှ အကောင်းဆုံးနည်းလမ်းကို ရှာဖွေခြင်းဖြစ်သည်။ ကုသိုလ်ကံတရားပဲဟု သဘောထားလိုက်ရသည်။

ကျင်စန်းသည် စွန်ထိုင်ကို သယ်ယူပြီး တောင်စောင်းကို တက်သွားသည်။ ဝမ်းအေလည်း လူရိပ်ပျောက်သွားသည်အထိ လိုက်ကြည့်နေမိလေ၏။ သူမ စိတ်ထိခိုက်နေပေပြီ။

ရှန်စွမ်းနှင့် ဝမ်းအေတို့သည် ဆက်လက်ရှာသည်။ နေထန်းတစ်ဖျားရောက်သည်အထိ ရှာဖွေရာ လီအီ၏ အရိပ်အယောင်ကိုမျှ မတွေ့ရဘဲ ရှိသည်။



ရှန်စွမ်းက စိတ်ပျက်ပျက်နှင့် ...

'ရှာလို့ မတွေ့တော့ဘူး၊ ငါတို့ ပြန်ကြပါစို့'

'သူဘာမှ မဖြစ်ဘူး မဟုတ်လား ... မမက ဘာဖြစ်လို့ သူ့ကို ဒီတောင်စောက်ထဲမှာ လိုက်ရှာရတာလဲ၊ မနေ့ညက သူပြောတဲ့ လေသံကတော့ ဝေးရာအရပ်ကို သွားမယ်၊ ပြန်မလာတော့ဘူးလို့ ပြောသွားတယ်'

'သူ ဝေးနိုင်သမျှ ဝေးဝေး သွားပါစေလို့ ဆုတောင်းပါတယ်'

ရှန်စွမ်းသည် သူမ၏ စိတ်ထိခိုက်မှုကို ချုပ်တီးထားသည်။ ဝမ်းအေ၏ စိတ်ထိခိုက်သွားမည်ကို စိုးရိမ်၍ မင်းသား လီအီ တောင်စောင်းသို့ ခုန်ချသွားသည့်အကြောင်းကို မပြောဘဲ ဖုံးကွယ်ထားသည်။ သူမမှာ မျှော်လင့်ချက်တစ်ခုသာ ရှိသည်။ လီအီကို တစ်စုံတစ်ယောက်သောသူက ကယ်တင်သွားခြင်းကို မျှော်လင့်ခြင်းသာ ဖြစ်သည်။

သို့သော် ပေတစ်ထောင်ကျော်မျှ နက်သော တောင်စောက်ကို ခုန်ချသည့်အတွက် အသက်မသေသည့်တိုင် ဒဏ်ရာ ပြင်းထန်စွာ ရရှိသွားနိုင်သည်။ ထို့အပြင် .... ကယ်တင်မည့်သူကကော အဆင်သင့် ရောက်လာနိုင်ပါ့မည်လားဟု စိတ်ပူမိသည်။

❖❖❖❖❖

သို့ရာတွင် အဆင့်သင့်ဖြစ်လာသည့် တကယ့်အကြောင်းရင်းကို ရှန်စွမ်း တွေးမိမည် မဟုတ်ပေ။ သေကံမရောက် သက်မပျောက် ဆိုသကဲ့သို့ လီအီ တောင်စောက်သို့ ခုန်ချလိုက်စဉ် ... ကယ်မည့်သူ ရောက်လာခြင်းမဟုတ်၊ တောင်ကမ္ဘားယံစောင်းတွင် ပေါက်နေသော ထင်းရှူးကိုင်းက ခံလိုက်ခြင်းကြောင့် ဖြစ်သည်။

သိုင်းပညာလိုက်စားသူသည် ဘေးအန္တရာယ်နှင့် ရုတ်ခြည်းရင်ဆိုင်ရသည့်အခါတွင် ရုန်းကန်မှုသည် သူတို့စွမ်းရည်ဖြစ်သည်။ သူသည် ထင်းရှူးကိုင်းနှင့် ထိလိုက်သောအခါတွင် အတွင်းအားများ ထွက်ပေါ်လာသည်။ လေထဲတွင်ကျွမ်းပစ်နိုင်၏။ တောင်ထိပ်ပေါ်မှ ကျလာသော အရှိန်ကို လျော့သွားစေသည်။

သို့သော် တောင်အောက်သို့ ရောက်သွားသည့်အခါ လေဟပ်သောကြောင့် မူးမေ့သွားတော့သည်။



မင်းသား လီအီသည် သတိလစ်နေသည်။ အိပ်မက်မက်သလိုဖြစ်နေသည်။ သူ့အနီးအပါးမှာ သက်ပြင်းချသံကို ကြားရသည်။ အာရုံကို စုစည်းပြီး သတိထားမိသောအခါ လှည်းသွားနေသံကို ကြားရသည်။ သူ့ကိုယ်မှာလည်း လှည်းပေါ်မှာ လိုက်ပါသလို ရှိနေလေ၏။

ယခင်က ရှန်စွမ်း သူ့ကို ကယ်စဉ်က အကြောင်းကို စိတ်ထဲ၌ ပြန်ပေါ်လာသည်။ လှည်းပေါ်တွင်လည်း မိန်းမပျို၏ ကိုယ်ရိပ်ကို မြင်ရသည်။ မင်းသား လီအီမှာ လုံးလုံးလျားလျား သတိမရသေးသောကြောင့် ယောင်ယမ်းခေါ်လိုက်သည်။

'ရှန်စွမ်း ... ရှန်စွမ်း'

ခဏအတွင်းမှာပင် ထိုမိန်းမပျို၏ ကိုယ်ရိပ်မှာ ရှန်စွမ်းနှင့် မတူခြင်းကြောင့် နာမည်ပြောင်းပြီး ...

'ဝမ်းအေ ... ဝမ်းအေ'

လီအီ စိတ်ထဲတွင် သူ့ကို ကယ်တင်သောသူမှာ ရှန်စွမ်း မဟုတ်ပါက ဝမ်းအေ ဖြစ်မည်ဟု ကိန်းသေ ယူဆထားလေသည်။ ထိုအချိန်တွင် သူ့မျက်နှာပေါ်သို့ အေးစက်သော မျက်ရည်ပေါက်များ ကျလာသည်ကို သိလိုက်သည်။ လီအီသည် တစ်ချက်တွေသွားသည်။

မျက်လုံးကို ပွတ်သပ်ကြည့်လိုက်သည်။ ထိုအခါမှ မိန်းမပျိုမှာ ရှန်စွမ်းလည်းမဟုတ်၊ ဝမ်းအေလည်းမဟုတ်၊ စွန့်ပိ ဖြစ်နေကြောင်း သိရသည်။ စွန့်ပိ၏ မကြည်မသာ ဖြစ်နေသော မျက်နှာနှင့် အသံကို ကြားလိုက်ရသည်။

'အစ်ကို ... အစ်ကိုက သူတို့ကို သတိရနေတုန်းပဲလား'

ချက်ချင်း ပျော့ပျောင်းသော လက်ကလေးနှင့် သူ၏လက်ကို ဆုပ်ကိုင်လိုက်သည်။

'မျက်စိ ဖွင့်ကြည့်လိုက်ပါဦး၊ ရတဲ့ဒဏ်ရာက သိပ်မပြင်းထန်လို့ တော်ပါသေးတယ်'

မင်းသား လီအိမှာ ဝမ်းသာသွားသည်။ ရှက်သလိုလို ကြောက်သလိုလိုနှင့် ထထိုင်လိုက်သည်။

'ညီမလေးတို့ ... ဘယ်လို ရောက်လာတာလဲ'

မင်းသား လီအိက သူမကို တစ်ချက်လှမ်းကြည့်လိုက်သည်။ စွန်ပီ၏ ပူပန်နေသော မျက်နှာပေါ်တွင် မျက်ရည်များ စွဲစိုနေသည်ကို ကြည့်ခြင်းအားဖြင့် သူမသည် သူ့အတွက် အလွန်ပူပန်သောက ရောက်ခဲ့ကြောင်း သိလိုက်ရသည်။ သို့အတွက် လွန်စွာ စိတ်မကောင်း ဖြစ်သွားရသည်။

စွန်ပီသည် လှည်းပေါ်မှ နေကာ ယင်းကို ဖယ်လိုက်သည်။ မျက်ရည်ကို သုတ်လိုက်ပြီး ...

'ဖေဖေနဲ့ ကျွန်မတို့ လာခဲ့တယ်'

လှည်း၏ နေကာယင်း အရှေ့မှာ ထိုင်နေသော အဘိုးအိုက နောက်ကျောဘက်သို့ လှည့်လိုက်ပြီး ပြုံးကာ ...

'ကိုယ်တော်လေး ... ကျွန်တော်မျိုးကို မှတ်မိရဲ့လား'

ထိုအဘိုးအိုမှာ စွန်ပီအဖေ ချန်စွန် ပင်တည်း။



'ဘဘကြီးကို တွေ့ရလိမ့်မယ်လို့ ကျွန်တော် မမျှော်လင့်မိဘူး၊ ကျွန်တော့်အသက်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ... လှည်းပေါ်မှာ မကာနဲ့တော့နိုင်တာကို ခွင့်လွှတ်ပါ'

လီအိသည် အသက်မသေဘဲ ပြန်လည်ကျန်းမာလာပြီးနောက် ပထမဆုံး ထန်မင်းတို့အပေါ် သစ္စာစောင့်သည့် အမတ်ဟောင်းနှင့် တွေ့ရ၏။ဆွေမျိုးသားချင်းကို တွေ့ရသည်ထက် ဝမ်းသာသွားသည်။ ထို့နောက် ဟိုကျန်ထံမှ ချန်စွန် ဆေးကုသခံခဲ့သည့်အကြောင်းကို သွားသတိရသည်။

ချန်စွန်သည် သိုင်းစွမ်းအား ပြန်လည်မပြည့်ဝသေးဘဲ အဘယ်ကြောင့် အရဲစွန့်ပြီး နေပြည်တော်ကို လာရသနည်း၊ ထို့နောက် ... သူ့ကို မည်သို့ လာကယ်ကြသနည်း စသည်တို့ကို မေးမည်အပြုတွင် ချန်စွန်က တုန်တုန်ယင်ယင်အသံနှင့် မေးလေ၏။

'ကိုယ်တော်ကလေး ... ဝမ်းအေကို တွေ့ခဲ့သလား'

'တွေ့ခဲ့ပါတယ် ...'

'သူ ... နန်းတွင်းမှာ ဘာတွေ လုပ်နေသလဲ'

'သူက နန်းတွင်းမှာ ဂူကျေထန် ဘုရင်မကြီးရဲ့ ကိုယ်စား အမိန့်စာ၊ ကြေညာစာတမ်း၊ မှတ်တမ်းစာတွေကို ရေးပေးရတယ်၊ ဘုရင်မနဲ့ အဖော်လုပ်ပြီး ကဗျာရေး၊ ပုံဆွဲတာတွေကို လုပ်နေတယ်၊ အလုပ်ကို ရှုပ်နေတာပဲ ...'

သူ့စကားဦ ဝမ်းအေအပေါ် မကျေနပ်သံ ရောစွက်နေ၏။

'ဒီလိုဆိုရင် ဝမ်းအေဟာ ဝူကျောထန် ဘုရင်မကြီးရဲ့ အမျိုးသမီးအရာရှိ လုပ်နေပြီလား၊ သူ့ရဲ့ အဘိုး၊ သူ့ရဲ့အဖေ၊ သူ့ရဲ့မွေးမေမေတို့ကိုပါ မေ့ကုန်ပြီလား'

'သူ့ကို ကြည့်ရတာ အားလုံး မေ့ကုန်ပြီနဲ့ တူပါတယ်'

'သူ့ကို မင်းတွေ့တဲ့အချိန်မှာ ဘာလုပ်နေသလဲ'

'လိုပင်ဝမ်းရဲ့ ဝူကျောထန် ဘုရင်မကြီးကို တော်လှန်ပုန်ကန်တဲ့ ကြေညာချက်ကို ဖတ်ပြနေတယ် ...'

'ဘယ်သူ့ကို ဖတ်ပြနေတာလဲ'

'ဝူကျောထန် ဘုရင်မကြီးကို ဖတ်ပြနေတာ ...'

'အောင်မာ ...'

ချန်စွန်က ယင်းသို့ ပြောလိုက်သောအခါ လိအိက ...

'ဝူကျောထန် ဘုရင်မကြီးက ဖတ်ခိုင်းလို့ ဖတ်နေတာပါ'

ချန်စွန်သည် ကောက်ကာငင်ကာ တဟားဟားနှင့် ရယ်လိုက်သည်။ ရင်ထဲမှာ တအုံနွေးနွေးဖြစ်နေသည်မှာ ပေ့ါသွားသလို ဖြစ်သွားသည်။ ရယ်မောရင်းမှ ...

'ကောင်းတယ် ... ကောင်းတယ် ... သူက သတ္တိရှိရှိနဲ့ ဖတ်ပြဝံ့တယ်၊ ဝူကျောထန်ကလည်း သတ္တိရှိရှိနဲ့ နားထောင်ဝံ့တယ်၊ ဝူကျောထန်က နားထောင်ပြီးတော့ ဘယ်လိုနေသလဲ'

'ဝူကျောထန်ဘုရင်မကြီးက နားထောင်ပြီးတော့ ဘာမှမဖြစ်သလို နေတယ် ...'



'ဘယ်လိုမှ ဖြစ်မသွားဘူးလား၊ သူ ဘာမှ မပြောဘူးလား'

လိုပင်ဝမ်း၏ ကြေညာစာတမ်းကို ရေးပြီး ကြေညာစဉ်က အများ၏ ပါးစပ်ဖျားမှ ပြောဆိုနေကြသည်။

ထန်မင်းလက်ထက်မှ မှူးမတ်ဟောင်းတို့နှင့် ဝူကျောထန် ဘုရင်မကြီးကို ဆန့်ကျင်ကြသည့် လူအားလုံးတို့မှာ အလွန်သဘောကျကြသည်။ ချန်စွန်၏ စိတ်ထဲ၌လည်း ဝူကျောထန် ဘုရင်မကြီးသည် ယင်းကြေညာချက်ကို နားထောင်ပြီး အလွန်အမင်း ဒေါသဖြစ်လိမ့်မည်ဟု တွက်ဆထားသည်။

'ဘုရင်မကြီးက ကြေညာချက်ကို နားထောင်ပြီးတဲ့အခါ ပထမဦးဆုံး နန်းရင်းဝန်လုပ်သူဟာ လူတော်လူကောင်းတွေကို အသုံးမချတတ်ဘူးလို့ အပြစ်တင်တယ်'

ချန်စွန် ခေါင်းညိတ်လိုက်သည်။

'အေးကွယ့်၊ လိုပင်ဝမ်းဟာ တကယ့်လူတော်တစ်ယောက်ပဲ၊ သူ ဘာဆက်ပြောသေးသလဲ ... ငါ့ကို အကုန်ပြောပြစမ်း'

'သူက ဒီကြေညာစာတမ်းဟာ အရေးအသားကောင်းပေမယ့် လှုံ့ဆော်အားကောင်းတဲ့ ကြေညာချက် မဟုတ်ဘူးလို့ ပြောတယ်၊ သူက ဒီကြေညာချက်ရဲ့ အားနည်းချက်တွေကို ဝေဖန်ပစ်လိုက်တယ်'

ထို့နောက် လိအိသည် ထိုညက ဘုရင်မကြီးတို့ပြောဆိုနေကြသည့်သတင်းများကို ပြောပြလိုက်၏။ ချန်စွန်သည် နားထောင်နေရင်း ပြုံးနေသော မျက်နှာမှာ တဖြည်းဖြည်း ညိုမည်းလာသည်။

မျက်နှာမှာ တဖြည်းဖြည်း သွေးပျက်လာပုံပေါ်သည်။ မူလက စိတ်ဓာတ်တက်ကြွနေသော်လည်း တစ်ခဏချင်းမှာ မျက်နှာအိုကျသွားသည်။ လိအိ၏ စကားကို ဖြတ်ပြီးမေးလိုက်သည်။

'ချီကျင်ယေတို့ကို ဝိုင်းထားပြီလို့ သူက ပြောသလား၊ လဝက်လောက် မကြာမီမှာ အားလုံး ချေမှုန်းပစ်တော့မယ်တဲ့လား'

'တကယ်ဖြစ်မှာကို စိုးရိမ်ရတယ်'

'ကိုယ်တော်လေးကကော ဘယ်လိုစီစဉ်ထားလဲ၊ နောက်ပိုင်း ဘာဆက်လုပ်ကြမလဲ'

'ကျွန်တော် ဘာလုပ်ရမယ်ဆိုတာကို မသိတော့ဘူး၊ ဘဘကြီးကို လမ်းညွှန်ခိုင်းမယ်လို့ စဉ်းစားနေတယ်'

ချန်စွန်သည် သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒီလိုဆိုရင် ... ဘုရင်မကြီးဟာ သိပ်ပြီးအစွမ်းထက်တဲ့သူပဲ၊ ငါတော့ ဒီတစ်သက်မှာ ထန်မင်းတို့ရဲ့ ထီးနန်းကို ပြန်တွေ့ရတော့မှာ မဟုတ်ဘူး'

ထို့နောက် ကောက်ကာ ငင်ကာ အသံကုန်အော်ဟစ်လိုက်၏။

'ဝမ်းအေ ... ဝမ်းအေ ... မင်းတယ်ကောင်း ... မင်းတယ်ကောင်းတယ် ...

'ဝေါ့ ...'

ပါးစပ်ထဲမှ သွေးအန်လာပြီး လှည်းပေါ်မှ အောက်သို့ လိမ့်ကျသွားသည်။



ချန်စွန်၏ လိုလားတောင့်တချက်မှာ ... ထန်မင်းဆက်တို့ ပြန်လည် ကြီးစိုးသည်ကို မြင်လိုသည်။

သူ၏မျိုးနွယ်အမည်ကို ကျော်ကြားစေချင်သည်။ ယနေ့ သူ၏ မျှော်လင့်ချက်အားလုံး ဆုံးရှုံးသွားပြီးနောက် သူ စိတ်လွန်စွာထိခိုက်သည့်အချက်မှာ သူကျွေးမွေးသုတ်သင်ပညာသင်ပေးခဲ့သော ဝမ်းအေ အတွက် ဖြစ်သည်။

သူကလေးကို သမီးအရင်းထက်ပင် ချစ်ခဲ့သည်။

ဝူကျော်ထန် ဘုရင်မကြီးကို သွားလုပ်ကြံသတ်ဖြတ်ရန် ခိုင်းစေလိုက်၏။ ဝမ်းအေမှာ ဝူကျော်ထန်ဘုရင်မကြီး၏ လူယုံတော် ဖြစ်သွားသည်။ သူသည် နာလန်ထရုံ ရှိသေးသည်။ စိတ်ထိခိုက်သည့် ဒဏ်ကို မခံနိုင်ခြင်းကြောင့် တစ်ချက်ကလေး အသက်ရှူမှားလိုက်သည်နှင့် မြေကြီးပေါ် လဲကျပြီး ပြန်မထနိုင်ဘဲ ဖြစ်သွားရလေသည်။

မင်းသား လိအိသည် အတော်ကလေး စိုးရိမ်ပူပန်သွားကာ ချက်ချင်း လှည်းအောက်ဆင်းပြီး ချန်စွန်ကို ထူလိုက်သည်။

သို့သော် ချန်စွန်၏မျက်နှာမှာ သွေးရောင်မရှိဘဲ ဖြစ်နေသည်။ အသက်ကိုလည်း မျှင်းမျှင်းကလေး ရှူရှိုက်နေရသည်။ ပြတ်တောင်း ပြတ်တောင်း လေသံဖြင့် ...

'ကျုပ်သားတော့ ဆုံးသွားပြီ၊ ဒီသမီးတစ်ယောက်ပဲ ကျန်တော့တယ်၊ ကိုယ်တော်ကလေးရယ်၊ ကျုပ် သေသွားတဲ့နောက်ပိုင်း ကျုပ်ကိုယ်စား သူ့ကို စောင့်ရှောက်ကြည့်ရှုပေးပါလား'

စွန်ပီသည် မျက်ရည်များ ယိုစီးလျက် သူမ ဖခင်၏လက်ကို ဆုပ်ကိုင်ပြီး ...

'ဖေဖေ ... ဖေဖေ ... မသေရဘူး၊ ဖေဖေ မသေနိုင်ဘူး၊ ဖေဖေ့ ရောဂါပျောက်ကင်းတဲ့အခါ အစ်ကို့ကို ထပ်ပြီး သွားရှာမယ်'

ဟု အားပေးစကားပြောလိုက်၏။

ချန်စွန်ကမူ သူ့အခြေအနေ သူသိသကဲ့သို့ မချိပြုံးပြုံးရင်း ...

'ဒါလောက် အချိန်ကြာအောင် ခံပါ့မလားကွယ် သမီးကလေး၊ သမီး ...'

အသံမှာ တိုးလွန်း၍ လေသံလောက်သာ ကြားရ၏။ လိအိသည် လက်ကောက်ဝတ်မှ သွေးကို စမ်းကြည့်သည်။ တိုးတစ်ချက် မတိုးတစ်ချက် ဖြစ်နေ၏။ မင်းသား လိအိသည် သမားတော် မဟုတ်သော်လည်း ယင်းသွေးတိုးနှုန်းမှာ သိကြားမင်းဆင်း၍ ကုသသည့်တိုင်အောင် မပျောက်ကင်းနိုင်ကြောင်း သိသည်။

သမားဟော် ဟိုကျုန်နှင့်လည်း ခရီးအတော်ဝေး၏။ ချန်စွန်မှာ လမ်းခရီးဒဏ်ကို ခံနိုင်စရာ အကြောင်း ရှိပါဦးမည်လော ...

စွန်ပီသည် မျက်နှာညှိုးငယ်စွာနှင့် မင်းသားလိအိကို တစ်ချက် လှမ်းကြည့်လိုက်သည်။ သူ့အပေါ်အားကိုးအားထားပြုဖို့ မျှော်လင့်ထားသည်နှင့် တူသည်။ လိအိသည် ချန်စွန်၏ အာရုံကြောကွက်တို့ကို ထောက်ပြီး ပိတ်လိုက်သည်။ ဒုက္ခမခံစားရအောင်နှင့် အဆိပ်မတက်စေရန် ပြုလုပ်ပေးသည်။ စွန်ပီက ...



'ဒါဘယ်လိုလုပ်ကြမလဲ ... ဒီလိုတောကြီးခေါင်ခေါင်ထဲမှာ ဘယ်ဆရာကို သွားပင့်ရမလဲ'

'တောင်အောက်မှာ ဇရပ်တစ်ခုရှိတယ် ... ဘဘကြီးကို အရင်နေရာထိုင်ခင်း လုပ်ပေးပြီးမှ စဉ်းစားကြတာပေါ့'

စွန်ပီမှာ အခြားနည်းလမ်းကို စဉ်းစားမရနိုင်သောကြောင့် လိအိ ပြောသည့်အတိုင်း လိုက်နာရသည်။ စွန်ပီက သူမ၏ အဖေကို လှည်းပေါ်တွင် ပွေ့ထားပြီး လိအိက လှည်းမောင်းရသည်။ စွန်ပီက လမ်းတစ်လျှောက်လုံး မျက်ရည်စက်လက်နှင့် အကျိုးအကြောင်းစုံကို ပြောပြနေသည်။ သည်တော့မှ လိအိလည်း အဖြစ်အပျက်အစုံကို သိရလေတော့သည်။

သမားတော်ကြီး ဟိုကျုန်အိမ်မှ မင်းသား လိအိ ထွက်ခွာလာပြီးနောက် ရှင်အုံးနှင့် စွန်ထိုင်တို့သည် ချန်စွန်ကို ခေါ်လာခဲ့သည်။ ရှင်အုံးမှာ စိတ်ပါတ်ကျနေသောကြောင့် သူ့မိတ်ဆွေကြီး ချန်စွန်ကို ဟိုကျုန်၏နေအိမ်သို့ ပို့ပြီးသည်နှင့် ထွက်ခွာသွားသည်။ ချန်စွန်မှာ လိအိတစ်ယောက်တည်း နေပြည်တော်သို့ ဆက်သွားသည်ကို ကြားသိရသည့်အတွက် အလွန်အမင်း စိုးရိမ်သွားသည်။

မည်သည့်နည်းနှင့်ဖြစ်ဖြစ်၊ နေပြည်တော်သို့ တက်ရမည်။ နေပြည်တော်တွင် သူ၏ မိတ်ဆွေဟောင်း လုပ်ဖော်ကိုင်ဖက်များ ရှိနေသေးသည်။ အကယ်၍ မတော်တဆ လိအိ အဖမ်းခံရလျှင်လည်း ကြံဖန်၍ ကယ်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

သို့သော် ... သူ့သိုင်းပညာစွမ်းအားမှာ တစ်နှစ်လောက်ကြာမှ ကောင်းမည်ဖြစ်သည်။ သမားတော် ဟိုကျန်ကမူ မလွှတ်ချင်ပေ။ အကြိမ်ကြိမ်ဆွေးနွေးကြရာ မတတ်သာသည့်အဆုံးတွင် ဟိုကျန်က အကြံဉာဏ်တစ်ခု ပေးလိုက်သည်။ စွန်ပိတို့ မောင်နှမ နှစ်ယောက်က လိုက်ပါစောင့်ရှောက်သွားရန် ဖြစ်၏။ တစ်ဘက်တွင် အလွန်အစွမ်းထက်သော ဆေးဝါးတို့ကို ပေးလိုက်သည်။ ထိုဆေးမှာ အားကြွဆေးဖြစ်သည်။ သောက်ပြီးနောက် အင်အားကို ခေတ္တခဏ ပြန်လည်ပြည့်ဝနိုင်သည်။ သို့သော် နောက်ပိုင်းတွင် အန္တရာယ်ကြီးမားသည်။ ဆေးအာနိသင် ပျောက်ကွယ်သွားသည့်အခါ တစ်နှစ်နှင့် မူလကာယစွမ်းအား ပြန်လည်ပြည့်ဝမည့် ရောဂါသည် သုံးနှစ်ကြာမှ ပြန်လည်ပြည့်ဝနိုင်သည်။

ထို့ကြောင့် ချန်စွန်တို့ ထွက်ခွာနီးတွင် ဆေးကို သတိကြီးစွာထား၍ သုံးရန် အကြိမ်ကြိမ် မှာလိုက်သည်။ အကယ်၍ သိုင်းပညာစွမ်းထက်သော ရန်သူနှင့် ရင်ဆိုင်ရပြီး ဆေးကို မသုံးမဖြစ်မှ သုံးစွဲရန် မှာကြားလိုက်သည်။

ချန်စွန် နေပြည်တော်သို့ ရောက်ပြီးနောက်ပိုင်း မမျှော်လင့်ဘဲ လီအိ အကြောင်းကို ကြားသိရ၏။ လီအိနှင့်အတူ ရဲမက် အလုပ်လုပ်သော နန်ကုန်ရှန်မှာ ချန်စွန်၏တူ ဖြစ်သည်။ နန်ကုန်ရှန်၏ဖခင်သည် နန်းတော်အတွင်း၌ အမှုထမ်းဖူးသည်။ နန်ကုန်ရှန်၏ဖခင်မှာ ချန်စွန်၏ စိတ်အချရဆုံး လက်အောက်ငယ်သား ဖြစ်ခဲ့သည်။



ထိုစဉ်မင်းသား လီအိသည် ... ရုပ်ပြောင်းထားပြီး ကျိုချို အဖြစ် အယောင်ဆောင်ထားသော်လည်း သံသယ ဖြစ်နိုင်သောအကြောင်းအချက် ပေါ်နေသဖြင့် နန်ကုန်ရှန်က ရိပ်စားမိသည်။ မင်းသား လီအိက လုပ်ကြံသူကို နန်းတွင်းခန်းမဆောင်သို့ ပို့မည့်နေ့တွင် နန်ကုန်ရှန်က ချန်စွန်နှင့် တွေ့ကြသည်။ စကားစပ်မိ၍ ပြောကြသည့်အခါတွင် ကျိုချိုသည် လီအိဖြစ်ရမည်ဟု ကိန်းသေတွက်ထားသည်။ လီအိသည် နန်းတော်အတွင်းသို့ ဝင်သည်မှာ အရဲစွန့်မည့်အကြောင်း ရှိလိမ့်မည်ဟု တွက်ဆကြသည်။

ယင်းကိစ္စအပေါ် ၎င်းတို့မှာ များစွာစိုးရိမ်သွား၏။ ထို့နောက် ဆွေးနွေးတိုင်ပင်ကြပြီး နန်ကုန်ရှန်ကို နန်းတော်ဝင်ခိုင်းပြီး လုပ်ကြံသတ်ဖြတ်ရန်နှင့် မင်းသားလီအိကို ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ပေးခဲ့သည်။ ချန်စွန်တို့သားအဖ သုံးယောက်က လူရှန်တောင်နောက်မှနေပြီး အထောက်အကူပေးမည် ဖြစ်သည်။

သို့သော် ... မမျှော်လင့်သော အန္တရာယ်များနှင့် ကြုံတွေ့ကြရသည်။ သူတို့ လူရှန်တောင်သို့ ရောက်စဉ် ရှင်ကျေးနှင့် ကွမ်ရင်တို့နှင့် တွေ့ဆုံ တိုက်ခိုက်ကြရ၏။ ချန်စွန်သည် မတတ်သာသည့် အဆုံးတွင် ဟိုကျန်ပေးလိုက်သော ဆေးကို သောက်လိုက်ရ၏။သိုင်းစွမ်းအား ပြန်လည်ပြည့်လာခြင်းကြောင့် ရန်သူများနှင့် ရင်ဆိုင် တိုက်ခိုက်နိုင်ခဲ့သည်။

ထို့နောက် ပြင်းထန်သော တိုက်ခိုက်မှုများ ဖြစ်ခဲ့သည်။

တိုက်နိုက်ကြစဉ် စွန့်ထိုင်မှာ ဒဏ်ရာများ ရထားသည့်အတွက် သူကိုယ်သူ သေမည်ဟု တွက်ဆပြီး၊ ရန်သူကိုလည်း အပါခေါ်သွားရန် ရည်ရွယ်ချက်ဖြင့် ရှင်ကျေကို အတင်းဖက်လုံးကာ ပခုံးစွန်းအရိုးကို သွားဖြင့် ကိုက်ဖြတ်၍ သတ်လိုက်သည်။ ကွမ်ရင်မှာမူ ချန်စွန်၏ ဓားချက် လေးငါးချက် ထိသွားပြီး ထွက်ပြေးလွတ်မြောက်သွားသည်။ ထိုအခါ စွန့်ပီက မင်းသားလိအီကို ကယ်တင်ခဲ့သည်။ ကွမ်ရင် ထွက်သွားပြီး မကြာမီ တောင်ပေါ်က ရန်စွမ်းတို့၏ အသံကို ချန်စွန်တို့ ကြားလိုက်ရသည်။

သူတို့သည် ရှန်စွန်းနှင့် နန်းတွင်းရဲမက်တို့၏ အဖမ်းခံရမည်ကို စိုး၍ သာကြောင့် လိအီကို ကျောပိုးပြီးထွက်ပြေးခဲ့ရသည်။ ထို့ပြင် တိုက်နိုက်နေစဉ်က စွန့်ထိုင်မှာ ရှင်ကျေ၏လက်ဝါးတစ်ချက် မိသွားသည့်အပြင် ကွမ်ရင်၏ သည်းပေါက်ဒေဝါအပ်နှင့် ပစ်လွှတ်ခြင်းကိုလည်း ခံလိုက်ရကြောင်း ချန်စွန်တွေ့ခဲ့ရသည်။

သေဖို့များသည့်အတွက် သူ့စိတ်ထဲတွင် သူ့သားကို သေပြီဟု သဘောထားလိုက်သည်။

စွန့်ပီလည်း ဖြစ်ကြောင်းကုန်စင်ကို ပြတ်တောင်းပြတ်တောင်းနှင့် ပြောပြသည်။ မျက်ရည်များမှာလည်း အကျီပေါ်တွင် စိုရွှဲနေသည်။ လိအီ စိတ်ထဲတွင်လည်း ထိခိုက်နာကျင်နေသည်။ သူ့အတွက်နှင့် ချန်စွန်မှာ သားတစ်ယောက် ဆုံးရှုံးခဲ့ရသည်။ သည်ကျေးဇူးကို မည်သို့ ဆပ်ရမှန်းမသိ ဖြစ်နေသည်။



မကြာမီ လှည်းသည် တောင်ခြေသို့ ရောက်လာသည်။ လိအီက ချန်စွန်ကို ကျောပိုးပြီး ဇရပ်ရှိရာသို့ ယူဆောင်သွား၏။ စွန့်ပီမှာ စကားမပြောဘဲ နောက်မှ တိတ်တိတ်ဆိတ်ဆိတ် လိုက်ပါလာသည်။ မင်းသား လိအီမှာ အတော် ရင်လေးနေမိသည်။ စွန့်ပီ၏ အမေးကို မဖြေနိုင်မည်စိုးသဖြင့် မျက်နှာကိုလွှဲထားလိုက်ရ၏။ မဖြေချင်သူအဖို့ မျက်နှာလွှဲထားခြင်းသည်သာ အကောင်းဆုံး မဟုတ်ပါလော။

ဇရပ်ပေါ်သို့ ရောက်လာသောအခါ ချန်စွန်ကို သင့်တော်သော အခန်းတစ်ခုတွင် ကောင်းမွန်စွာထားပြီး သွေးတိုးစမ်းကြည့်သည်။ စောစောကထက်ပင် သွေးလျော့နေသည်။ မင်းသား လိအီသည် သူ ထိန်းချုပ်ထားသော အာရုံကြောကို ပြန်ဖြေလိုက်ပြီး သွေးအတွင်းအားနှင့် သတိပြန်ရအောင် လုပ်ပေးသည်။ အတန်ကြာသောအခါ ချန်စွန် မျက်လုံးဖွင့်၍ ကြည့်ပြီး လေသံကလေးနှင့် ...

'သမီး ... ဒီကို လာပါဦး၊ ဖေဖေ့ကိုယ်စား ကိုယ်တော်ကလေးကို ဦးချကန်တော့လိုက်စမ်း'

မင်းသား လိအီသည် ရုတ်တရက်မို့ ကြောင်သွားပြီး ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ နောက်မှ ကမန်းကတန်း စွန့်ပီကို ဆွဲထူလိုက်ရသည်။ ထိုအခါ ... ချန်စွန်က ဆက်လက်ပြောပြန်သည်။

'ကျုပ်မှာ .... ဒီသမီးကလေးတစ်ယောက်သာ ကျန်တော့တယ်၊ သူ့ရဲ့ ဘဝတစ်လျှောက်လုံး ဆုံးခန်းတိုင်အောင် စောင့်ရှောက်ပေးဖို့ အပ်ခဲ့ပါမယ်၊ ကိုယ်တော်လေးက တာဝန်ယူမယ် မဟုတ်လား'

ဒုတိယအကြိမ် သမီးဖြစ်သူကို အပ်ပြန်သည်။ မွှင်မွှင်လင်းလင်း လက်ထပ်ယူရန် အပ်ခြင်း ဖြစ်သည်။ လီအိ စိတ်ထဲမှာ ရှုပ်ထွေးသွားသည်။ ခဏအတွင်းမှာ ဝမ်းအေးနှင့် ရှန်စွမ်းတို့၏ မျက်နှာများကို မြင်ယောင်လာမိပြန်သည်။

ဝမ်းအေးမှာ သူနှင့် သဘောထားချင်း အလွန်တိုက်ဆိုင်သူဖြစ်သည်။ ရှန်စွမ်းမှာမူ သူ လေးစားရသူ ဖြစ်၏။ သူတို့နှစ်ယောက်စလုံးမှာ သူ့အပေါ် ကြင်နာသည့်သူများ ဖြစ်ကြသည်။

စွန်ပီမှာလည်း သူ့အပေါ်တွင် ဝမ်းအေးနှင့် ရှန်စွမ်းတို့ထက် ကြင်နာတရား မလျော့နည်းသည့်အပြင် သေမည့်ဆဲဆဲ သူမ ဖခင်၏ ပန်ကြားချက်ကို ငြင်းဆန်ရန် လွန်စွာခဲယဉ်းနေပေသည်။ ထို့အပြင် ချန်စွန်မှာ သူ့အသက်ကို ကယ်လာခဲ့သော ပုဂ္ဂိုလ်လည်းဖြစ်သည့်သာမက သူ့အတွက် ချစ်မြတ်နိုးသော သားရင်းတစ်ယောက်ကိုပင် စွန့်လွှတ်ခဲ့ရသူ ဖြစ်ပေသည်။

လက်ခံရမည်၊ ငြင်းပယ်ရမည်ကို စိတ်ဒွိဟ ဖြစ်နေသည်။ ချန်စွန်က သူ့အဖြေကို စောင့်မျှော်နေသည်။ စွန်ပီက မျက်နှာကိုလွှဲလိုက်၏။ သို့သော် သူမ၏ ရှက်စနိုးအမူအရာကို လီအိ မြင်လိုက်သည်။ သူမက လီအိ၏ မျက်နှာရိပ်ကို မသိမသာ ကြည့်နေရှာသည်။

လီအိသည် တစ်ခဏအတွင်း များစွာစဉ်းစားလိုက်ပြီးနောက် ရုတ်တရက် ချန်စွန်၏ရှေ့တွင် ဒူးထောက်လိုက်ပြီး ဦးချကန်တော့လိုက်သည်။



'ဘဘကြီးက မငြင်းပယ်ဘူးဆိုရင် ... ဘဘကြီးရဲ့ သားအဖြစ် ကျွန်တော် ခံယူပါ့မယ်၊ ညီမလေး စွန်ပီကိုလည်း ညီမလေး အရင်းလို သဘောထားပါ့မယ်'

ချန်စွန်က ခေါင်းကို သွက်သွက်ခါယမ်းလိုက်၏။ မျက်နှာရိပ် မျက်နှာကဲတို့မှာ မျှော်လင့်ချက် ဆုံးပါးသလို ဖြစ်နေသည်။ သေခါနီး မျှော်လင့်တောင့်တချက် ကင်းသွားသည့်ပုံပင်။ ထိုအခါ ... မင်းသား လီအိမှာ မကြည့်ရက်တော့ပေ။ မည်သို့ပင်ဖြစ်စေ ... သေခါနီးဆဲဆဲ လူတစ်ယောက်ကို ယူကျုံးမရဖြစ်အောင် မလုပ်ထိုက်ဟု စိတ်ကို ချက်ချင်းဆုံးဖြတ်လိုက်သည်။ ထို့နောက် ... ချန်စွန်၏ တုံ့ပြန်မှုကို မစောင့်တော့ဘဲ ...

'ကျွန်တော်ကတော့ ... ညီမလေး စွန်ပီကို ညီမလေးအရင်းလို သဘောထားမှာပါပဲ၊ တကယ်လို့ သူက မငြင်းပယ်ဘူးဆိုရင်တော့ လက်ထပ်ယူပါ့မယ်'

ချန်စွန်သည် မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

'ကိုင်း သမီး ... ဘယ်လိုသဘောရသလဲ'

'ကျွန်မကတော့ ... ဖေဖေ့စကားကို နားထောင်ပါ့မယ်'

စွန်ပီက သူမ၏အဖေကို အဖြေပေးလိုက်၏။

'ကောင်းပြီ ... ဒါဖြင့် ငါ့သမီးကို အပ်နှံခဲ့မယ်၊ သူကလေးရဲ့ စိတ်နေစိတ်ထားက ဆိုးနွဲ့တတ်တယ် ... ဒါကို မင်းသည်းခံရမယ်၊ ကြားလား'

'ဟုတ်ကဲ့ပါ ... ဖေဖေ'

ချန်စွန်မှာ သဘောကျပြီး ပြုံးလိုက်သည်။ မျက်လုံးတို့မှာ တဖြည်းဖြည်းမှေးလာတော့သည်။

ထိုအခါ ... စွန်ပီက အော်လိုက်၏။

'အမယ်လေး ... ဖေဖေ ...'

သူမက ချန်စွန်ကို ပွေ့ထားလိုက်သည်။

'မင်းတို့နှစ်ယောက် ဝမ်းအေလေးကို မမုန်းကြနဲ့ ... တစ်ဦးနဲ့ တစ်ဦး ကြင်ကြင်နာနာ၊ ဖေးဖေးမမနဲ့ အိုအောင် မင်းအောင် ပေါင်းသင်းကြ ... ကြားလား'

ထိုစကားမှာ ချန်စွန်နောက်ဆုံးမှာကြားသွားသော စကားပင် ဖြစ်သည်။ သူသည် ဝမ်းအေအပေါ်တွင် အတော်ချစ်ပုံရသည်။ ထို့ပြင် လီအီတို့၏ အိမ်ထောင်ရေးကိုလည်း စိတ်မချပုံပေါ်သည်။ ထိုအခါ မင်းသား လီအီမှာ မျက်ရည်များ လည်လာပြီး ...

'ဟုတ်ကဲ့ဖေဖေ ... မိတ်ချပါ၊ ကျွန်တော် ... ညီမလေး စွန်ပီကို ကောင်းကောင်းမွန်မွန် ကြည့်ရှု စောင့်ရှောက်ပါ့မယ်'

ထိုစကား ကြားပြီးနောက် ချန်စွန်၏ မျက်စိများ မှိတ်သွား၏။ မျက်နှာမှာမူ ပြုံးနေသယောင် ထင်ရသည်။ ခေါင်းထောက် အကြော တစ်ချက် ဆွဲလိုက်ပြီးနောက် အသက်ရှုရပ်သွားလေတော့သည်။

စွန်ပီသည် လီအီ၏ လက်ကို ဆုပ်ကိုင်ထားပြီး တရှိုက်ရှိုက် ဖြင့် ငိုလေတော့၏။



အတော်ကလေး အချိန်ကြာသွားသောအခါ ရှိုက်ငို၍ ပြောရှာလေသည်။

'ကျွန်မ ဖေဖေရဲ့ ရှာပနက်စွကို ဆောင်ရွက်ဖို့ အစ်ကို့ကိုပဲ အားကိုးရမှာပဲ၊ အစ်ကိုဟာ ကျွန်မဖေဖေအပေါ်မှာ ကောင်းခဲ့တာကြောင့် ကျွန်မ တစ်သက်တာမှာ အစ်ကို့ကို ကျေးဇူးတင်နေမှာပါ'

'ဒါတွေ ပြောနေဖို့ မလိုတော့ပါဘူး၊ အစ်ကိုနဲ့ ညီမလေးဟာ လက်ထပ်ပြီးသားလိုပဲ ဖြစ်သွားပါပြီ၊ ညီမလေး ... ဒီလိုစကားတွေ ပြောနေတာ ... အစ်ကို့ကို ဘယ်လိုသဘောထားနေသေးလို့လဲ'

'အစ်ကို ... ကျွန်မကို မလိမ်နဲ့နော်၊ အစ်ကို့ရဲ့ စိတ်သဘောကို ကျွန်မ သိပါတယ်၊ ဖေဖေ အသေကောင်းအောင်လို့ အစ်ကို့ရဲ့ အလိုဆန္ဒကို ဆန့်ကျင်ပြီး ကျွန်မကို ယူမယ်လို့ ပြောလိုက်တာ မဟုတ်လား၊ အစ်ကို စိတ်ချနေပါ၊ ဒီကိစ္စကို ကျွန်မ ဘယ်လိုမှ သဘောမထားပါဘူး၊ ဒါပေမယ့် ... ကျွန်မဖေဖေကို သင်္ဂြိုဟ်ဖို့ အစ်ကို့ကိုပဲ အကူအညီတောင်းခံရမှာပဲ၊ ဒီကိစ္စပြီးတဲ့နောက်ပိုင်းမှာ အစ်ကို့ကို ကျွန်မ ထပ်ပြီး ဒုက္ခမပေးတော့ပါဘူး'

မင်းသား လီအီသည် ... စွန်ပီ၏ လက်နှစ်ဘက်ကို ကျစ်ကျစ် ဆုပ်ကိုင်ထားသည်။ သူမ လက်ဖဝါးကလေးမှာ နွေးနေ၏။ သူမ၏ သွေးတိုးနှုန်းမှာ မမှန်ဘဲဖြစ်နေပြီး ပါးကလေးနှစ်ဘက်မှာ နီရဲနေသည်။ မင်းသား လီအီမှာလည်း စိတ်လှုပ်ရှားနေသည်။ သူကလေး အပေါ်တွင် များစွာ ကရုဏာသက်မိသည်။

ထို့နောက် သူမအား ရင်ခွင်ထဲ ပိုက်ထွေးထားပြီး ...

'ညီမလေး ... ထွေရာလေးပါး လျှောက်တွေးမနေနဲ့တော့၊ ဒီဘဝ ဒီတစ်သက်မှာ အစ်ကိုတို့ဟာ ကျွန်းကိုင်းမှီ ... ကိုင်းကျွန်းမှီပြီး နေကြရမှာ ... မိုးပြိုပြီး မြေလှန်သည့်တိုင် အစ်ကိုတို့ဟာ ခွဲလို့ ရမှာ မဟုတ်ဘူး၊ ညီမလေးရဲ့ ကျန်းမာရေးကိုသာ ဂရုစိုက်ပါနော်'

မင်းသား လီအိ၏ အသည်းထဲမှ ထွက်ပေါ်လာသည့် စကားများ ဖြစ်၏။ စွန်ပိသည် အင်္ကျီလက်ဖြင့် မျက်ရည်တို့ကို သုတ်လိုက်ပြီး သက်ပြင်းချလိုက်သည်။ နောက်ထပ် ဘာမျှမပြောဘဲ နေလိုက်လေတော့သည်။

ဇရပ်အတွင်း၌ အဖိုးအိုတစ်ယောက်နှင့် လူငယ်တစ်ယောက်တို့ နေထိုင်ကြသည်။ လူမမာ ကွယ်လွန်သွားသည်နှင့် လာရောက်သတင်းမေးကြသည်။ တရားစကား လာပြောပြီး နှစ်သိမ့်ကြသည်။ ချစ်စွန်အလောင်းကို သင်္ဂြိုဟ်ခြင်းမပြုရသေးမီပင် စွန်ပိ နာမကျန်းဖြစ်လာသည်။ ဇရပ်ထဲမှ အဖိုးအိုသည် လူမမာအား နေရာထိုင်ခင်းပေးသည်။ မင်းသား လီအိက ပြုစုစောင့်ရှောက်ပေးသည့်အတွက် ငွေသားတစ်ရာ ထုတ်ပေးသော်လည်း အဖိုးအိုက မယူဘဲ ငြင်းသည်။ အတင်းပေးမှ လက်ခံယူတော့သည်။

မင်းသား လီအိသည် လူမမာ အခန်းထဲသို့ ဝင်လာသည်။ စွန်ပိသည် သတိလစ်ပြီး ဂယောင်ဂတန်း ပြောနေသည်။ မင်းသား လီအိသည် သူမ အနီး၌ ထိုင်လိုက်ပြီး သူမကို စောင့်ရှောက်နေ၏။



'ညီမလေး ... အစ်ကို အနားမှာ ရှိပါတယ်၊ စိတ်ချမ်းချမ်းသာသာ နေပါ'

'ဘယ်သူ လာနေတာလဲ'

'အစ်ကိုပါ ...'

'အခန်းအပြင်ဘက်က ဘယ်သူလဲ'

'အစ်ကိုပါ'

စွန်ပိ၏အမေးကို ဖြေလိုက်ရင်း မင်းသား လီအိမှာ တစ်ချက်တွေဝေသွားပြန်သည်။ ထိုစဉ် ဇရပ်မှ လူငယ်သည် ဆေးတစ်ပန်းကန်ကျိုပြီး ယူလာသည်ကို တွေ့လိုက်ရသည်။

အမှန်မှာမူ ... လီအိသည် စွန်ပိကို စိတ်ရောကိုယ်ပါ ပြုစုနေခြင်းကြောင့် အခန်းအပြင်ဘက်မှ လူလာသည့် ခြေသံကို ကြားမိသော်လည်း လူမမာက ကြား၍ မေးလိုက်ခြင်း ဖြစ်၏။

ထိုလူငယ်က ...

'ဒီဆေးဟာ နှလုံးငြိမ်ပြီး အားအင်ပြည့်စေတဲ့ဆေး ဖြစ်တယ်၊ လူမမာသောက်ရင် နှလုံးငြိမ်ပြီး အားပြည့်တယ်၊ လူကောင်းသောက်ရင်တော့ အင်အားပို တောင့်တင်းတယ်၊ ဧည့်သည်တော်နှစ်ယောက် ကျွန်တော်တို့ ဇရပ်ကို ရောက်နေကြတာ ... ဧည့်ခံကျွေးမွေးစရာ ဘာမှမရှိလို့ အတော်စိတ်မကောင်း ဖြစ်မိတယ်၊ ကျွန်တော့်ဆရာက ဒီဆေးကို တိုက်နိုင်းလိုက်ပါတယ်၊ မနက်ကျမှ သမားတော်ပင့်ပြီး မမရဲ့ ဝေဒနာကို ကုသမယ်လို့ ပြောလိုက်ပါတယ်'

မင်းသား လီအီက ထိုသူငယ်၏ အပြောအဆိုမှာ အဖိုးအိုနှင့် မတူ၊ လောကွတ်လုပ်လွန်းသည်ဟု ထင်မှတ်သည်။

သို့သော်လည်း ... သူ့ပင်ကိုယ်စရိုက်ဖြစ်မည်ဟု ယူဆကာ လီအီက အမှတ်မထင် နေလိုက်သည်။

'မင်းတို့ဆရာတပည့်နှစ်ယောက်ရဲ့ စေတနာကို ကျေးဇူးတင်ပါတယ်'

ပြောပြောဆိုဆိုနှင့် လူငယ်လက်ထဲမှ ဆေးပန်းကန်ကို လှမ်းယူမည်ပြုစဉ် ... အဖိုးအိုမှာ မောကြီးပန်းကြီးနှင့် ပြေးဝင်လာသည်ကို တွေ့ရသည်။

'ခွေးကလေး ... နင်ဒီမှာ ဘာလာလုပ်နေတာလဲ'

အဖိုးအိုသည် ... ပြောပြောဆိုဆိုဖြင့် လူငယ်လက်ထဲမှ ဆေးပန်းကန်ကို ပုတ်ချလိုက်သည်။ ထိုသူငယ်သည် 'ရေသာလေ့တွန်း' သိုင်းကွက်ကို နင်းပြီး အဖိုးအိုကို တွန်းပစ်လိုက်သည်။

တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာသည့်ကိစ္စကြောင့် မင်းသား လီအီမှာ တစ်ချက် ထိတ်လန့်သွားသည်။

၎င်းနောက် ... ထိုလူငယ်မှာ သိုင်းပညာတတ်မြောက်သည်ကို တွေ့၍ ပို၍ အံ့သြသွားမိ၏။ ထိုလူငယ် နင်းလိုက်သော သိုင်းကွက်မှာလည်း ရှန်ပိုင်ကျားနှိမ် ပင်မသိုင်းအဖွဲ့မှ သိုင်းကွက်ဖြစ်သည်။ ကျားနှိမ်ပင်မသိုင်းအဖွဲ့ ခေါင်းဆောင်မှာ အလွန်အစွမ်းထက်သော ဓားပြကြီး ဖြစ်သည်။



ထို့အပြင် ... သူ့သိုင်းပညာကိုလည်း သူ့တပည့်များမှ လွဲ၍ အခြားလူများကို သင်ပေးခြင်း မရှိချေ။

ထို့ကြောင့် ... ထိုလူငယ်မှာ ဓားပြအဖွဲ့ဝင် ဖြစ်လိမ့်မည်ဟု တွေးမိလေ၏။

သံသယ အတော်များများတို့သည် လီအီ ဦးနှောက်ထဲတွင် ဖြတ်သန်းသွားကြသည်။

လူငယ်သည် အဖိုးအို၏ ရင်ဝကို လက်နှစ်ဘက်နှင့် တွန်းလိုက်သောကြောင့် လီအီသည် အစွမ်းထက်သူပီပီ အဖိုးအိုကို မထိခိုက်စေရန် ဝင်၍ ကာကွယ်ပေးလိုက်ရသည်။

ထိုအခါ ... လူငယ်မှာ ကျွမ်းပြန်ပြီး အခန်းအပြင်ဘက်သို့ လွင့်ထွက်သွားသည်။ ထို့နောက် ... ထွက်ပြေးသွားလေတော့သည်။

မင်းသား လီအီသည် စွမ်းအားကို တစ်ဝက်ခန့် အသုံးပြုလိုက်ခြင်း ဖြစ်သော်လည်း တော်ရုံတန်ရုံသိုင်းသမားမှာ သူ၏ သိုင်းချက်ကို ခံနိုင်မည် မဟုတ်ပေ။

သို့ရာတွင် ... ထိုလူငယ်မှာ ထိခိုက်ဒဏ်ရာရခြင်းမရှိဘဲ ထပြေးနိုင်ခြင်းကြောင့် ထိုလူငယ်၏ သိုင်းပညာမှာ နယ်နယ်ရရ မဟုတ်ကြောင်း ခန့်မှန်း၍ ရသည်။

'ခွေးကလေး ... ခွေးကလေး'

အဖိုးအိုသည် ထိုလူငယ်ကို နှစ်ခွန်းဆဲပြီးနောက် ... မင်းသား လီအီကို ပြောလိုက်သည်။

'မောင်ရင်တို့ ... ဒီက မြန်မြန် ထွက်ခွာသွားပေတော့၊ ဒီကောင် အကျင့်မပျောက်သေးဘူး၊ မောင်ရင်တို့ဆီကို ပြန်လာပြီး ဒုက္ခပေးမှာ စိုးရိမ်ရတယ်'

'ဟုတ်လား ... ဘယ်လိုဖြစ်လို့လဲ ဘဘကြီးရဲ့'

'ဒီလိုကွယ့်၊ လွန်ခဲ့တဲ့ငါးနှစ်လောက်က ဇရပ်ရှေ့မှာ ညည်းသံကြားလို့ ထွက်ကြည့်ခဲ့တယ်၊ ဒီခွေးကောင်ကို ဒဏ်ရာနဲ့ လဲနေတာ တွေ့ရတယ်၊ သနားတာနဲ့ ကယ်ပြီး ဆေးကုပေးခဲ့တယ်၊ သူက မိဘမဲ့ ခိုကိုးရာမရှိဘူးလို့ ပြောတာနဲ့ တပည့်အဖြစ် ခေါ်မွေးထားခဲ့တယ်၊ သူ့နောက်ကြောင်းကို စုံစမ်းကြည့်တော့ ဓားပြအဖွဲ့ဝင်တစ်ယောက် ဖြစ်ကြောင်း သိခဲ့ရတယ်၊ ဖြစ်ပုံကတော့ ... သူတို့အဖွဲ့က ငွေချေးပို့ သမားတစ်ဦးကို လုယက်တိုက်ခိုက်ကြတယ်၊ ချောပို့သမားက သူတို့ ထက် အစွမ်းထက်တဲ့လူတွေကို ငှါးပြီး သူတို့ကို ပြန်တိုက်တယ်၊ ဒီတော့၊ သူတို့အဖွဲ့သားအားလုံးလိုလို အသတ်ခံရတယ်၊ သူကတော့ အပြေးမြန်လို့ မသေဘဲ ကျန်ခဲ့တယ်၊ နောက်ပြီးတော့ သူကလည်း ဒုစရိုက်အမှုကို နောက်နောင် မလုပ်တော့ပါဘူးလို့ ကတိပြုတာနဲ့ ခေါ်ထားလိုက်မိတယ် ...

'မကြာခင်မှာပဲ သူဟာ အရင်အကျင့်ဟောင်းကို မဖျောက် သေးဘဲ ပြန်လုပ်လာတယ်၊ ကျုပ် အသိစောလို့ ... နို့မဟုတ်ရင် မောင်ရင်တို့ကို ဒုက္ခပေးပြီးပြီ၊ အခုလည်း ... မောင်ရင်တို့ အချိန်ရမှာ မဟုတ်ဘူး၊ မြန်မြန်ပြေးကြတော့'



လီအိကမူ အေးဆေးစွာဖြင့် ...

'ဘဘကြီးတပည့်နဲ့ ကျွန်တော်တို့မှာလည်း ရန်ငြိုးမရှိခဲ့ပါဘူး၊ သူက ဘယ်အတွက်ကြောင့် ကျွန်တော်တို့ကို ဒုက္ခပေးချင်ရတာလဲ၊ တကယ်တော့ ... သူပြန်လာရင်လည်း ကောင်းတာပဲ၊ ကျွန်တော် အကျိုးအကြောင်း မေးချင်တယ်'

အဖိုးအိုသည် ပြဿနာဖြစ်မည်ကို အလွန်စိုးရိမ်နေလေသည်။ ထို့ကြောင့် လီအိတို့ကို သူ့ဇရပ်မှာ ဆက်ပြီးမနေစေလိုခြင်း ဖြစ်၏။ အဖိုးအိုသည် အကြောင်းရင်းကို လီအိအား ပြောပြလိုက်သည်။

'အခု ကွယ်လွန်သွားတာ မောင်ရင့် ယောက္ခမ မဟုတ်လား'

'ဟုတ်ပါတယ်'

အဘိုးအိုက ...

'မောင်ရင့်ရဲ့ ယောက္ခမကြီး ဆုံးသွားတုန်းက ... မောင်ရင်ရဲ့ ယောက္ခမ နာမည်ကို သူကြားသွားတယ်၊ သူက အမတ်ကြီး ဖြစ်ခဲ့တဲ့ ချန်စွန် မဟုတ်လားလို့ မေးတယ်၊ ကျုပ်က မသိဘူးလို့ ပြော်လိုက် တယ်၊ သူ့ပါးစပ်က တတွတ်တွတ်နဲ့ ရွတ်ပြီး မြို့ကိုတက်သွားတာ မိုးချုပ်မှ ပြန်လာတယ်၊ သူ့စိတ်ထဲမှာ အမတ်ကြီးလုပ်ဖူးတဲ့လူဟာ ပစ္စည်းအမြောက်အမြား ကျန်ရစ်မယ်လို့ ထင်တဲ့အတွက် လူသတ်ပြီး ပစ္စည်းလုဖို့ ကြံစည်တာပဲ၊ သူ့အဖွဲ့သားတွေနဲ့ စုပေါင်းပြီး ပြန်လာမှာ စိုးရိမ်ရတယ်၊ မောင်ရင်တို့ ကြိုထွက်ပြေးကြရင် ကောင်းလိမ့်မယ် ထင်တယ်'

လိအိ တွေးသည်။

'လူသတ်ပြီး ပစ္စည်းလုတာကို မမှုပေမယ့် ယောက္ခမကြီးရဲ့ ကိုယ်ရေးရာဇဝင်ကို သူ သိသွားပြီး အစိုးရဆီ အကြောင်းကြားရင် အခက်ကြုံနိုင်တယ်'

ထိုစဉ် စွန်ပိသည် လှူးလဲထလိုက်ပြီး လေသံကလေးနှင့် ...

'အစ်ကို၊ ဘဘကြီးကို မထိခိုက်ရအောင် ကျွန်မတို့ ထွက်သွားကြတာ ကောင်းပါတယ်'

'မောင်ရင်တို့က ဒီကောင်ပြန်လာပြီး ကျုပ်ကို ဒုက္ခပေးမှာ စိုးလို့လား၊ ကျုပ်က သူ့အပေါ် ကျေးဇူးပြုထားတော့ အသက်ရန်ရှာတဲ့အထိ ဒုက္ခမပေးဘူးလို့ ထင်တာပဲ၊ ဒါပေမယ့် ... ကျုပ်မှာ အင်အားမရှိလို့ မောင်ရင်တို့ကိုတော့ အကာအကွယ် မပေးနိုင်ဘူး၊ ဒါ့ကြောင့် မောင်ရင်တို့ကို ထွက်ခွာသွားဖို့ ပြောရတာ အားတော့ နာပါတယ်'

လိအိသည် အမျိုးမျိုးစဉ်းစားပြီး အဖိုးအို၏ တိုက်တွန်းချက်ကို လက်ခံလိုက်၏။ ယောက္ခမကြီးအလောင်းကို လှည်းပေါ်တင်ပြီးနောက် အဖိုးအိုကို နှုတ်ဆက်ပြီး ထွက်ခွာလာခဲ့ကြလေသည်။

စွန်ပိ ရောဂါမှာ ပိုမို ပြင်းထန်လာသည်။ တစ်လမ်းလုံး ညည်းတွားပြီး လိုက်ပါလာ၏။ သူမ၏ ကိုယ်ကို စမ်းကြည့်သောအခါ ခြစ်ခြစ်တောက် ပူနေသည်။ လှူမမာက တစ်ယောက်၊ လူသေအလောင်းက တစ်လောင်းနှင့် ဘာမျှ မတတ်နိုင်ဘဲ ဖြစ်နေသည်။ သူ့တစ်သက်တာတွင် ဤကဲ့သို့ အဖြစ်ဆိုးကို မတွေ့ကြုံခဲ့ဖူးပေ။



လမ်းခရီးကလည်း အလွန်ကြမ်းသည်။ စွန်ပိက ...

'အစ်ကို ... ကျွန်မအတွက် အတော်ပင်ပန်းနေပြီလား'

'အစ်ကိုနဲ့ ညီမတို့ဟာ ဘဝကြွင်းဖော်တွေပဲ၊ သေအတူ ရှင်မကွာပေါ့၊ ဘာမှ တွေးပြီး ပူမနေပါနဲ့'

စွန်ပိမှာ အဖေလည်းဆုံး၊ အစ်ကိုလည်း ဆုံးရသည့်အပြင် ရောဂါဝေဒနာ စွဲကပ်နေသည့်အကြားမှ သူ့အတွက် ပူပန်နေသည့်အတွက်ကြောင့် လိအိမှာ အတော်ကြင်နာသွားမိသည်။

လိအိသည် မိုး ... မြန်မြန်လင်းပါစေ ဟု ဆုတောင်းမိသည်။ လူမမာကို ရေနွေးပူပူကလေး တစ်ခွက်လောက် တိုက်နိုင်ရန်ကိုသာ စိတ်စောနေမိသည်။

မိုးကလည်း လင်းနိုင်ခဲ့သည်။ ဆယ်မိုင်ခန့် ခရီးရောက်ခဲ့ပြီ။ တောအုပ်ကလေးတစ်ခုအနီးသို့ ရောက်လာသောအခါ တောအုပ်ထဲမှ လူသုံးယောက် ထွက်ပေါ်လာသည်။ တစ်ယောက်သောသူမှာ ထွက်ပြေးသွားသော သူငယ်ပင် ဖြစ်ပြီး ကျန်နှစ်ယောက်မှာ လူကြီးများ ဖြစ်သည်။

မင်းသား လိအိသည် လူမမာ ထိတ်လန့်သွားမည်ကို စိုးရိမ်၍ သူတို့ အနားသို့မရောက်မီမှာပင် လှည်းပေါ်မှ ခုန်ဆင်းလိုက်သည်။ လူကြီးနှစ်ယောက်၏ ရှေ့သို့ ရောက်သွားသည်။ ထိုသူတို့မှာ လိအိ ကိုယ်လက် ပေါ့ပါးသွက်လက်ခြင်းကို မြင်သောအခါ အနည်းငယ် ထိတ်လန့်သွားသည်။

တုတ်တုတ်နိုင်နိုင် လူတစ်ယောက်က ...

'ချန်ခွန်ဟာ မင်းနဲ့ ဘာတော်သလဲ၊ မင်းက သူ့ရဲ့ သားလား၊ တပည့်လား'

'ခင်ဗျားက ကျားနှိမ် ပင်မသိုင်းအဖွဲ့က ခေါင်းဆောင်ကလေး 'ချင်' မဟုတ်လား၊ ကျုပ်က ကျုပ်ယောက္ခမ အလောင်းကို အိမ်ပြန် သယ်လာတာပဲ၊ ခင်ဗျားတို့အဖွဲ့ကို ဘာများ ကျူးလွန်စော်ကားမိလို့ အခုလို တားဆီးရတာပါလဲ'

တုတ်တုတ်နိုင်နိုင်လူ ကိုင်ဆောင်ထားသော လက်နက်မှာ အကြောကို ထောက်သော လက်နက်ဖြစ်သည်။ 'ကိုင်ဆောင်သော လက်နက်သည် တစ်လက်မတိုလျှင် အန္တရာယ်ပိုများသည်' ဟု အဆိုရှိ၏။ အကြောကို ထောက်တတ်သည့် သိုင်းအကျော်အမော်တို့သည် နှစ်ပေရှစ်လက်မထက် မကျော်သည့် လက်နက်ကိုသာ ကိုင်ဆောင်လေ့ရှိကြသည်။

လက်နက်တိုလေ အကြောထောက်ရာတွင် ပို၍ထိရောက်လေဖြစ်၏။ စွမ်းရည်လည်း ထက်မြက်လေသည်။ သို့သော် ကျားနှိမ်ပင်မသိုင်းအဖွဲ့မှ ကိုင်ဆောင်အသုံးပြုသည့်လက်နက်မှာမူ အလျား သုံးပေ ခြောက်လက်မ ရှိသည်။

လီအီသည် အကြားအမြင် ကြွယ်ဝသူဖြစ်၍ ထိုလူကို မြင်သည်နှင့် ကျားနှိမ်ပင်မသိုင်းအဖွဲ့မှ ထိပ်တန်းသိုင်းသမား တစ်ယောက်ဖြစ်ကြောင်း အကဲခတ်မိလိုက်သည်။



ကျားနှိမ်အဖွဲ့မှ ခေါင်းဆောင်ကလေးလားဟု မေးလိုက်၏။ ကျားနှိမ်အဖွဲ့မှ ခေါင်းဆောင်ကလေး၏ အမည်မှာ 'ချင်ကျန်နန်' ဖြစ်၏။ သူ၏ ကိုယ်ရေးရာဇဝင်ကို တန်းခနဲ ပြောနိုင်သောကြောင့် တစ်ချက် လန့်သွားသည်။

'ဒီလူဟာ ... အတော် အမြင်ကျယ်တယ်၊ သိုင်းလောကထဲ ကျက်စားနေတာ အတော်ကြာပြီ ထင်တယ်'

ဟု စိတ်ထဲမှ ထင်မိပြီး ဂါရဝပြုသည့် သိုင်းကွက်ကို ခင်းလိုက်ပြီးနောက် ...

'လက်စသတ်တော့ အဆွေတော်က ချန်ခွန်ရဲ့ သားသမက်ပါလား၊ လေးစားပါတယ် ... လေးစားပါတယ်'

လီအီက တည်ငြိမ်စွာဖြင့် ...

'ကျုပ်ရဲ့ ယောက္ခမဟာ စောစောပိုင်းက မှူးမတ်ဖြစ်ခဲ့တယ်၊ နောက်ပိုင်း အနားယူခဲ့တယ်၊ သိုင်းလောက က လူတွေနဲ့ အဆက်အသွယ် မရှိခဲ့ဘူး၊ ခင်ဗျားတို့အဖွဲ့နဲ့ ရန်စ မရှိဘူးလို့ ထင်ပါတယ်၊ ခေါင်းဆောင်ကလေးက ဘယ်လို အကြောင်းကြောင့် ကျုပ်ကို တားရတာလဲ'

'မိတ်ဆွေပြောတာ မှန်ပါတယ်၊ ကျုပ်တို့နဲ့ ရန်စ မရှိပါဘူး၊ သူ့ရဲ့အလောင်းကိုလည်း မတားဝံ့ပါဘူး၊ ဒါပေမယ့် ... မိတ်ဆွေဆီက ပစ္စည်းတစ်ခုကို ငှါးချင်ပါတယ်၊ ငှါးခဲ့မယ်ဆိုရင် မိတ်ဆွေရဲ့ ယောက္ခမ အလောင်းကိုတောင် ဦးတိုက်ကန်တော့ပါဦးမယ်'

'ကျုပ်ယောက္ခမကြီးဟာ သာမန်ဆင်းရဲသားတစ်ယောက်ပါ၊ ခင်ဗျားတို့မှာ အရေးတကြီး အသုံးလိုရင် ငွေစ နှစ်ရာ သုံးရာလောက်တော့ ကျုပ် ပေးခဲ့ပါ့မယ်'

ချင်ကျန်နန်က ဟက်ဟက်ပက်ပက် ရယ်လိုက်ရင်း ...

'ဟား ... ဟား ... ဟား ... ကျုပ်တို့က အရင်းမစိုက်တဲ့ လုပ်ငန်းမျိုးကို မလိုချင်ပါဘူး၊ ငွေအသုံးလိုလို့ မိတ်ဆွေဆီလာပြီး အကူအညီတောင်းတာ မဟုတ်ဘူး၊ မိတ်ဆွေက ကျုပ်တို့ကို အတော် အထင်အမြင်သေးတာပဲ'

'ဒါဖြင့်ရင် ... ခေါင်းဆောင်ဂလေးက ဘာကို အလိုရှိလို့ပါလဲ၊ အမိန့်ရှိပါဦး'

'ချန်စွန်ဟာ ဓားရေးအကျော်အမော် ဖြစ်တယ်၊ သူ့မှာ ဓားရေးကျမ်းစာအုပ်ရှိတယ်၊ မိတ်ဆွေဆီမှာလည်း ကိုယ်ခံပညာ ပြည့်ဝနေပြီပြီးတော့ ... သိုင်းလောကမှာ စီးပွားရှာမယ့်လူမျိုး မဟုတ်ဘူးလို့ အကဲခတ်မိတယ်၊ ဒီတော့ ဒီဓားရေးကျမ်းစာအုပ်ဟာ ကျုပ်တို့အတွက် အတော်အသုံးဝင်ပါလိမ့်မယ်'

'ဪ ... အဆွေတော်တို့က ဓားရေးကျမ်းစာအုပ် လိုချင်လို့လား၊ ယောက္ခမကြီး ကွယ်လွန်မီက ဘာမှလည်း ပြောမသွားဘူး၊ ဒီတော့ ... ဓားရေးကျမ်းရှိတာ ကျုပ် မသိဘူး'

'ဒီလိုဆိုရင်တော့ ကျုပ်တို့ကပဲ လှည်းပေါ်တက်ပြီး ရှာယူပါ့မယ် ... ဘယ်လိုသဘောရလဲ'



'ယောက္ခမကြီးအလောင်းဟာ ပူပူနွေးနွေး ရှိပါသေးတယ်၊ ခင်ဗျားတို့က ဟိုလှန်ဒီလှန်လုပ်လို့ ဘယ်ဖြစ်မလဲ၊ ခွင့်မပြုနိုင်ပါဘူး'

'ကောင်းပြီ ... ခင်ဗျားက ခွင့်မပြုပေမယ့်လည်း ကျုပ်တို့ကတော့ အတင်းယူရမှာပဲ၊ ကျုပ်တို့ကို စော်ကားတယ်လို့တော့ မထင်လိုက်နဲ့နော် ...'

ချင်ကျန်နန် (ခေါ်) ချင်ကျန်သည် အာရုံကြောကွက်ထောက်သည့် လက်နက်ကို ဘယ်ညာ ခွဲပြီး မင်းသား လီအီကို ထောက်လိုက်သည်။ လီအီကလည်း ဓားကိုဆွဲထုတ်ပြီး ခုခံလိုက်သည်။ လီအီသည် သုံးယောက်နှင့်တစ်ယောက် သတ်ထားတိုက်ခိုက်နေရ၏။ ဓားပြဗိုလ် နှစ်ယောက်က လီအီကို တိုက်ခိုက်နေစဉ် ဖရော်မှ ထွက်ပြေးလာသည့် သူငယ်က ဓားကျမ်းစာအုပ်ကို ရှာရန် လှည်းအနားသို့ ချဉ်းကပ်သွားလေတော့သည်။

မင်းသား လီအီက ...

'သူခိုးကလေး ... လှည်းပေါ်က လူမမာကို ထိတ်လန့်သွားအောင် လုပ်ရင်တော့ ... မင်းအသက်ကို ငါ ချမ်းသာပေးမှာ မဟုတ်ဘူး သိရဲ့လား'

'ဟား ... ဟား ... ဟား ... မောင့်ရင့်အသက်ဟာ ငါတို့လက်ထဲမှာပါ ... မင်းက စကားကြီးစကားကျယ် ပြောနေတာလား၊ ဟေ့ ရန်ကျန် ... သူ့ကို ကြောက်မနေနဲ့၊ လှည်းပေါ် အမြန်တက်ပြီး ရှာမှာသာ ရှာစမ်း'

ရန်ကျန်သည် လှည်းပေါ်သို့ ခြေထောက်တစ်ဖက် လှမ်းတက်လိုက်၏။ လီအိက ဓားပြဗိုလ်နှစ်ယောက်၏တိုက်ခိုက်မှုကို ရှောင်ဖယ်ပြီး လှည်းဆီသို့ နီးကပ်လာရန် ကြိုးစားသည်။ သို့သော် နှစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်နေရခြင်းကြောင့် လှည်းနားသို့ မရောက်သည့်အပြင် လှည်းနှင့် တဖြည်းဖြည်း ဝေးသည်ထက် ဝေးသွားသည်။

ရန်ကျန်သည် လှည်းပေါ်သို့ တက်လိုက်၏။ စိတ်ထဲမှ ...

'ငါ ဒီဓားကျမ်းကို ရပြီး ယူနိုင်ခဲ့ရင် ... ငါတို့အဖွဲ့ထဲမှာ အဆင့်တိုးပြီး ခေါင်းဆောင်ငယ်တစ်ဦး ဖြစ်လာမှာပဲ'

သူသည် အားတက်သရောဖြင့် လှည်း၏ နေကာယင်းလိပ်ကို ဆွဲလှန်လိုက်သည်နှင့် တစ်ပြိုင်နက် ...

'ဒေါက် ...'

မြားငယ်တစ်စင်းသည် သူ၏ လက်ကောက်ဝတ်ကို လာစိုက်သဖြင့် လှည်းပေါ်မှ ကျွမ်းပြန်ပြီး မြေပေါ်သို့ ကျသွားတော့သည်။

လီအိသည် စိတ်ဓောနေသည်။ အသက်စွန့်ကာ ... ရန်သူကို တိုက်ခိုက်သည်။ ချန်ကျင်၏ပခုံးကို ဓားချက်တစ်ချက် သွင်းလိုက်နိုင်သော်လည်း သူ့ခြေသလုံးကိုလည်း အခြားတစ်ယောက်က ကျာပွတ်နှင့် ရိုက်ဆွဲခြင်းကို ခံလိုက်ရသည်။ ထိုအချိန်မှာပင် လူဆိုး ရန်ကျန်မှာ လှည်းပေါ်မှ ကျွမ်းပြန်ကျလာသည်။

လီအိက လှမ်းကြည့်လိုက်ရာ မိန်းမပျိုတစ်ဦး ပြေးလာသည်ကို တွေ့ရ၏။



ထိုအခိုက်တွင် လီအိသည် ဝမ်းလည်းသာသကဲ့သို့ ထိတ်လန့်ခြင်းလည်း ဖြစ်မိသည်။

အိပ်မက် မြင်မက်သလိုဖြစ်ပြီး ရန်သူနှင့် တိုက်ခိုက်နေရခြင်းကို မေ့သွားမတတ် ဖြစ်သွားမိသည်။

ထိုမိန်းမပျိုမှာ အခြားသူမဟုတ် ... ရှန်စွမ်း၏ တပည့်မ လူအိဖြစ်သည်။ အာဇာနည် ဗိုလ်ရွေးပွဲကို ရှန်စွမ်း လာဖျက်စဉ်က သူမလည်း လိုက်ပါလာခဲ့သည်။

ချင်ကျန်က ... လူအိအား အရေးမစိုက်ဘဲ နေလိုက်သည်။ သူသည် လီအိ ဓားချက်နှေးသွားသည်ကို အခွင့်ကောင်းယူ၍ လီအိ၏ အကြောကို ထောက်လိုက်သည်။

ထိုအချိန်မှာ ... လူအိ၏ ဓားချက်က ချင်ကျန်၏ ကျောပေါ်ရှိ အကြောကို ထောက်မိသွားသည်။ ချင်ကျန်သည် အကြောပိတ်သိုင်းသမားဖြစ်ခြင်းကြောင့် စွမ်းရည်ထက်ကြောင်းသိပြီး လန့်အော်လိုက်သည်။

'ကောင်မကလေးက ဒီလောက်ပဲ အစွမ်းထက်နေသလား'

ချင်ကျန်သည် အကြောပိတ်လက်နက်တစ်ချောင်းကို ဆွဲ၍ လူအိကို ခုခံသည်။ လီအိမှာ ရန်သူ ဖိအားလျော့သွားသည်နှင့် ဓားကို ဝှေ့ရမ်းပြီး ရန်သူနှစ်ယောက်တို့၏ လက်နက်ကို ဖယ်ပစ်နိုင်သည်။

လီအိသည် နှစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်နေခဲ့ရသော်လည်း လက်ရည်မျှနေသည်။ မင်းသား လီအိဘက်မှ လူအိက

ဝင်ရောက်တိုက်ခိုက်လာခြင်းကြောင့် လိအိ အသာစီးရလာသည်။ ရန်သူတို့မှာ ကြောက်လန့်ပြီး ထွက်ပြေးသွားကြတော့၏။

ရန်ကျန်မှာ အလွန်ပါးနပ်သည်။ မြားတစ်ချက်ထိပြီးသည်နှင့် အခြေအနေ မဟန်မှန်း ရိပ်စားမိပြီး ဦးစွာ ထွက်ပြေးသွားနှင့်လေပြီ။

ရန်သူများအားလုံး ထွက်ပြေးသွားသည့်တိုင်အောင် လိအိမှာ စောစောကထက်ပို၍ ရင်တုန်နေသေးသည်။

အချိန်မှာ နံနက်စောစော၊ နှင်းရည်ကလေးများက မခြောက်သေး၊ နေထွက်စကလေးပင် ရှိသေးသည်။

လူအိသည် လမ်းဘေးတွင် ရပ်နေသည်။ တိုက်ပွဲဝင်လိုက်ရသည့်အတွက် သွေးပူနေ၍လားမသိ၊ မျက်နှာမှာ နီမြန်းနေသည်။ အသက်ရှူသံ ပြင်းနေ၏။ မျက်နှာရိပ် မျက်နှာကဲတို့မှာ အပြစ်တင်သလို ရှိနေသည်။ သူမ၏ သခင်မအတွက် မကျေမချမ်း ဖြစ်နေဟန်တူသည်။

အတန်ကြာသောအခါ ... မိန်းမပျိုကလေး၏ ပြောသံကို ကြားရပေသည်။

'မင်းသားကလေး ... ရှင် အလောသုံးဆယ်နဲ့ နေပြည်တော်က ထွက်ခွာသွားတာ ပစ္စည်းတစ်ခု မေ့ကျန်ခဲ့တယ် မဟုတ်လား၊ အဲဒါကို မမက လိုက်အပို့ခိုင်းလိုက်တယ်'

လိအိ လှမ်းကြည့်လိုက်ရာ ... လူအိ၏ လက်ထဲတွင် စောင်းကလေးတစ်လက် ကိုင်ထားသည်ကို တွေ့ရ၏။



လိအိ၏ စိတ်ထဲတွင် ...

'ဩော် ... ရှန်စွမ်း ... ရှန်စွမ်း ... ဘာဖြစ်လို့ ဒီစောင်းကို လိုက်ပို့နေရတာလဲ'

လိအိမှာ လူအိ လက်ထဲမှ စောင်းကိုကြည့်ရင်း ဝမ်းနည်းသလို ဖြစ်လာပြန်သည်။

လိအိမှာ ရှေ့ဖြစ်နောက်ဖြစ်များကို စဉ်းစားမိပြီး ဘဝင်မကျဖြစ်နေသည်။

လိအိ မော့ကြည့်လိုက်သောအခါတွင် ... လူအိမျက်လုံးထဲတွင် မျက်ရည်ကလေး လည်နေသည်။

လေသံကလေးနှင့် ...

'ကိုယ်တော်ကလေး ... ဒီစောင်းကို ယူထားလိုက်ပါ၊ မမကို ကျွန်မ ပြန်ပြီး သတင်းပို့ရဦးမယ်'

မင်းသား လိအိလည်း ကျလာမည့်မျက်ရည်ကို ဆည်ထားလိုက်ပြီး အသံတိုးတိုးနှင့် ...

'ကျေးဇူးတင်ပါတယ်'

ပြောပြောဆိုဆိုနှင့် စောင်းကို လှမ်းယူလိုက်၏။ စောင်းကြိုးတို့အကြားတွင် လက်ကိုင်ပဝါကလေး တစ်ထည်ကို တွေ့ရသည်။ ပြန်ကြည့်လိုက်သောအခါ လက်ကိုင်ပဝါ၏ ထောင့်တွင် အဖော်ကွဲနေသည့် ဟင်္သာရုပ်တစ်ရုပ်ကို တွေ့ရသည်။ ထို့ပြင် လက်ကိုင်ပဝါ၏ အောက်ပိုင်းတွင် ကဗျာတစ်ပုဒ် ရေးထားသည်ကို တွေ့ရပြန်၏။

ကဗျာ၏ အဓိပ္ပါယ်မှာ အလွန်လေးနက်ပေသည်။ သဘောမှာ ချိုယွမ်နှင့်မတူရန် တိုက်တွန်းထားခြင်းပင် ဖြစ်သည်။ ရှေးခေတ်နှင့် ယခုခေတ် မတူတော့ပေ။ ရှေးခေတ်က ဘုရင်သည် ပျော့ညံ့သည်။ သစ္စာဖောက် မှူးမတ်တို့က ချိုယွမ်ကို သွားပုပ်လေလွင့် ပြောဆို ဝေဖန်ကြသည်။ ချိုယွမ်ကို အရာမသွင်းဘဲ နှင်ထုတ်ထားသည်။ ချိုယွမ်က တိုင်းသူပြည်သားတို့အတွက် ရင်ထုမနာဖြစ်ပြီးလျှင် မင်းတို့ တစ်ပြည်လုံး ရူးချင် ရူးကြ၊ ငါ မရူးနိုင်ဘူး ဆိုပြီး ခြေဦးတည့်ရာ သွားခါနီးမှာ ရေးသားချက်ကို မှီးထားသည်။ သို့သော် ... ယခုခေတ် သည် ချိုယွမ်ခေတ်လို မဟုတ်၍ ခြေဦးတည့်ရာ သွားရန်မသင့်ဟု အဓိပ္ပါယ်ရသည်။

မင်းသား လီအိမှာ ငိုင်သွား၏။

သက်ပြင်းချလိုက်ပြီး ...

'မင်း ... ပြန်သွားပြီး မင်းမကို ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်၊ ကြားလား၊ ဒါပေမယ့် ... ဒီဘဝ ဒီတစ်သက်မှာတော့ ကျေးဇူး ဆပ်နိုင်မယ် မထင်ဘူးလို့လည်း ပြောလိုက်ပါ'

ထို့နောက် ... လူအိ ထွက်သွားလေတော့၏။

ထိုအခါမှ ... လီအိသည် တစ်စုံတစ်ရာကို သတိရပြီး လူအိ နောက်သို့ အပြေးလိုက်သွား၍ လေသံတိုးတိုးဖြင့် မေးလိုက်သည်။

'ခဏနေဦး ... ဝမ်းအေ ... ဘာမှာလိုက်သေးသလဲ'

'ဟင့်အင်း ... ဘာမှ မမှာလိုက်ဘူး'



အနည်းငယ်ကြာမှ လူအိက ထပ်မံ၍ ...

'ဝမ်းအေကလည်း ... မမရှန်စွမ်းနဲ့ တစ်သဘောတည်းပါပဲ၊ မင်းသားလေး ကျန်းမာရေးကို ကောင်းကောင်းဂရုစိုက်ဖို့ပဲ ပြောမှာ ပါ။ ကဲ ... ကျွန်မ သွားတော့မယ်နော် '

လီအိသည် လှည်းဆီသို့ ပြန်သွားပြီး လှည်းပေါ်သို့ တက် လိုက်၏။ နောက်သို့ လှည့်ကြည့်လိုက်သောအခါ လူအိမှာ အဝေးသို့ ရောက်သွားပေပြီ။ ထို့နောက် ... လီအိက လှည်းမှ နေကာယင်းကို လှန်လိုက်ရာ စွန်ပိက ပြုံးလျက် ...

'ဓားပြတွေကို နှိမ်နင်းလိုက်ပြီလား'

လီအိသည် အကြောင်းမှန်ကို ဖွင့်ပြောရမည်ကို လိပ်ပြာမလုံ သောကြောင့် လေသံကလေးဖြင့် ...

'အားလုံး နှိမ်နင်းလိုက်ပါပြီ'

စွန်ပိက ကြည့်လိုက်ရာ ... လီအိ အနီးတွင် စောင်းတစ်လက် ကို တွေ့ရသဖြင့် အံ့အားသင့်ပြီး ထပ်မေးလိုက်သည်။

'ဓားပြတွေထဲမှာ မိန်းမတွေလည်း ပါသလား'

'မပါပါဘူး'

'စောစောက မိန်းကလေးတစ်ယောက်နဲ့ အစ်ကို စကားပြော နေသံ ကြားလိုက်ပါတယ်'

လီအိသည် တစ်ချက် တုန်လှုပ်သွားသည်။ အတန်ကြာအောင် နှုတ်ဆိတ်သွားသည်။

'အစ်ကိုနဲ့ စကားပြောနေတဲ့ မိန်းကလေးဟာ ဘယ်သူလဲ၊ အစ်ကို ကျွန်မကို ပြောပြပါ။ ဘယ်လိုပဲ ဖြစ်ဖြစ်၊ အစ်ကို့ကို ကျွန်မ အပြစ်မတင်ပါဘူး'

မင်းသား လိအီသည် လေသံ မပွင့်တပွင့်နှင့် ...

'ရှန်စွမ်းရဲ့ တပည့်မကလေးပါ၊ စောင်းလာပို့တာပါ'

စွန်ဝိ မျက်နှာပျက်သွားသည်။ အသက်ရှူသံလည်း မြန်လာသည်။ လေသံကလေးဖြင့် ...

'အစ်ကိုရယ် ... စိတ်ထဲရှိတာကို အမှန်အတိုင်း ပြောစမ်းပါ၊ ညီမအတွက် အစ်ကို နောင်တရနေပြီလား'

'ညီမလေးက ဒီအခြေအနေ ရောက်နေတာတောင် အစ်ကို့ကို မယုံသေးဘူးလား၊ အစ်ကို့မှာ ... ညီမလေး ရှိနေတဲ့နောက် ဘာကို နောင်တရဖို့ ရှိဦးမှာလဲ'

စွန်ဝိက စိတ်မဲတတ်ကျသော အမူအရာဖြင့် ...

'မိန်းမအာဇာနည်တွေထဲမှာ ရှန်စွမ်းကို အစ်ကိုအလေးစားဆုံးပဲ မဟုတ်လား၊ ကျွန်မကတော့ သာမန် မိန်းကလေးတစ်ယောက်ပါ။ အင်း ... အစ်ကိုရယ်၊ နောင်တရမယ်ဆိုရင် အခု အချိန်ရှိပါသေးတယ်၊ အစ်ကို့ကို အများဆုံး လေးငါးရက်လောက်ပဲ ဒုက္ခပေးနိုင်မှာပါ၊ ကျွန်မ နေကောင်းသွားရင် ကျွန်မအဖေကို သဂြိုဟ်ဖို့ကိစ္စကို ကျွန်မဘာသာ ဆောင်ရွက်နိုင်မှာပါ၊ အစ်ကို ... အစ်ကိုကတော့ နေပြည်တော်ကို ပြန်သွားပေါ့'



'ညီမလေးရယ် ... ညီမလေးကို အစ်ကို မညာပါဘူး၊ အခုအထိ သူ့ကို အလေးစားဆုံးပဲ၊ ညီမလေးဟာ သူ့ရဲ့ ရန်သူဖြစ်နေပေမယ့် သူ့ရဲ့ လုပ်ရည်ကိုင်ရည်ကို မလေးစားဘဲနေလို့ ဖြစ်ပါ့မလား၊ ဒါပေမယ့် ဒီလိုလေးစားတာနဲ့ ရန်သူမိသားစုအပေါ် ထားရှိတဲ့ ရန်ငြိုး က ဘယ်ပြေနိုင်မှာလဲ ... ညီမလေးနဲ့ အစ်ကိုတို့ရဲ့ ကံကြမ္မာဟာ တစ်လုံးတည်း တစ်စည်းတည်း ဖြစ်နေပါတယ်၊ ဘယ်နည်းနဲ့မှ ခွဲခြားလို့ မရတော့ပါဘူး'

ခဏရပ်ပြီး ... လိအီက စကားကို ဆက်ပြန်သည်။

'အခု အစ်ကိုက ဘာဖြစ်လို့ နေပြည်တော်ကို ပြန်သွားရမှာလဲ၊ ထန်မင်းဆက် ကြီးစိုးပြီး မင်းပြောင်းမင်းလွဲ ဖြစ်မှ ပြန်လို့ဖြစ်မှာ၊ အစ်ကိုရဲ့ ရည်မှန်းချက်တွေဟာ ရေစုန်မျောနေပါပြီ၊ အမှန်အတိုင်း ပြောရမယ်ဆိုရင် အစ်ကို စိတ်ဓါတ်တွေ လုံးလုံးလျားလျား ကျနေပြီ ညီမလေး ...'

လိအီသည် ပြောရင်းမှာပင် အသံတိမ်ဝင်သွားသည်။ သူ၏ မျှော်မှန်းချက်တို့ ပျက်သုဉ်းသွားခြင်းကြောင့် သူ့ရင်မှာ နာကျင်နေ၏။

ခဏရပ်နားပြီးမှ သူက ဆက်ပြောသည်။ သူ့အသံက တိုးညှင်း လွန်းလှ၏။

'ညီမလေး၊ အစ်ကိုတို့ဟာ ဘာကိုမှ မမျှော်မှန်းနိုင်တော့ဘူး၊ အခုအစ်ကိုတို့ ဘယ်လို လက်စားချေရတော့မလဲ၊ အစ်ကိုတို့က ပြိုလဲ နေပြီ၊ သူတို့က ခိုင်မာသည်ထက် ခိုင်မာနေပြီ၊ ညီမလေးရဲ့ ဖေဖေ

အလောင်းကို မြေချပြီးရင် ... အစ်ကိုတို့ ဘေးကင်းရာကို သွားပြီး စာတ်မြုပ်ကြမယ်၊ ညီမလေးနဲ့ အစ်ကိုတို့ ရိုးမြေကျ ပေါင်းသင်းကြမယ်၊ ဒါက အစ်ကို့ဆုံးဖြတ်ချက်ပါ၊ ညီမလေးရဲ့ အဖေဟာ ထန်မင်းလက်ထက်တုံးက သစ္စာရှိ အမတ်ကြီးတစ်ယောက်ပါ ... သူဟာ ထန်မင်းတို့အပေါ် သစ္စာစောင့်သိပြီး ကွယ်လွန်အနိစ္စရောက်ခဲ့ရတဲ့သူပါ၊ အစ်ကိုတို့ လူသူအရောက်အပေါက်နည်းတဲ့ နေရာကို သွားနေမယ်ဆိုရင် သူ့အပေါ်ထားတဲ့ ကတိကို မကျေလို့ ရှက်စရာကောင်းပါလိမ့်မယ်၊ ဒါပေမယ့် ... ဘာတတ်နိုင်မှာလဲ၊ ညီမလေး အစ်ကို့ကို ခွင့်လွှတ်နိုင်မယ် မဟုတ်လား'

မင်းသား လိအိ မျက်လုံးထဲမှ မျက်ရည်များ ကျဆင်းလာလေသည်။ သူ၏ မျက်ရည်များသည် စွန်ပိ၏ ပါးပြင်ပေါ်သို့ တစ်စက်တစ်စက် ကျလာသည်။ စွန်ပိ၏ အသည်းနှလုံးမှာ ကျင်တက်သွား၏။

သို့သော် ... အကျေနပ်ကြီး ကျေနပ်သွားရာသည်။ လိအိက အူလှိုက်သည်းလှိုက် ပြောဆိုလိုက်သည်ကို နားလည်လိုက်မိ၏။ စွန်ပိသည် ရှန်စွမ်းအပေါ် အထင်မှားနေခြင်းမှာ တစ်ခဏချင်း ပြေပျောက်သွားတော့သည်။

မှန်ပါသည်။

ရှန်စွမ်းမှာ ... မည်မျှပင်ချောလှ၍ မည်သို့ပင် သူမတူအောင် အစွမ်းထက်နေသော်လည်း သူမမှာ ဘုရင်မကြီး၏ တူမအရင်း ဖြစ်နေပေသည်။



ဝူကျေထန် ဘုရင်မကြီး၏ ဘက်တော်သား ဖြစ်နေသည်။ လိအိကို မည်သည့်နည်းနှင့်မျှ လုယူ၍ ရနိုင်မည် မဟုတ်ချေ။ လိအိကလည်း ရန်သူ့ဘက်သားကို ရန်သူဟုသာ သတ်မှတ်ရပေမည်။

စွန်ပိသည် တစ်ခဏမျှအသံမထွက်ဘဲ တိတ်ဆိတ်စွာ စဉ်းစားနေပြီးမှ မျက်နှာကို မော့ပြီး ...

'အစ်ကို ... ဘယ်ကို သွားမယ်လို့ စိတ်ကူးသလဲ'

'ထန်စန်းတောင်ခြေမှာရှိတဲ့ အစ်ကို့ဆရာ့ဆီ သွားနေမယ်လို့ စိတ်ကူးတယ်၊ နှစ်ပတ်လည် ဆွမ်းသွတ်ပြီးမှ အစ်ကိုတို့ ထိမ်းမြားမင်္ဂလာပြုဖို့ကို သူ့ စီစဉ်ခိုင်းမယ်၊ ဖေဖေ မသေခင်မှာ ညီမလေးကို သေသေချာချာ အပ်သွားတယ်၊ သူ့သဘောထားကို အစ်ကို နားလည်လိုက်တယ်၊ ရှေးထုံးကို အစ်ကိုတို့ မလိုက်နာတော့ဘူး၊ သုံးနှစ်ထိအောင် မစောင့်တော့ဘူး'

စွန်ပိသည် ဝမ်းနည်း ဝမ်းသာ ဖြစ်ပြီး ... ပါးကလေးနီရဲလာသည်။

'အခုတော့ ... ရင်းနှီးတဲ့သူဆိုလို့ အစ်ကိုတစ်ယောက်ထဲပဲ ကျွန်မ အနားမှာရှိပါတော့တယ်၊ ဘာမဆို ... အစ်ကို့စကားကို ကျွန်မ နားထောင်ပါ့မယ်'

ပြောဆိုရင်း .... စွန်ပိသည် ရှက်ပြုံးကလေး ပြုံးလိုက်သည်။ မျက်လုံးကလေးတို့မှာ မေ့းကျလာသည်။ မကြာမီ အိပ်ပျော်သွားလေတော့၏။

လိအိ စိတ်မှာမူ မငြိမ်သက်သေးပေ။ သူသည် ရှန်စွမ်းနှင့် ဝမ်းအေတို့အကြောင်းကို မစဉ်းစားတော့ဘူးဟု ဆုံးဖြတ်ထားသည်။ သူတို့ကို သံယောဇဉ် ဖြတ်သော်လည်း သူတို့၏ မျက်နှာကလေးများကို ဖျောက်ပစ်လို့မရဘဲ ဖြစ်နေသည်။ နေပြည်တော်နှင့် ဝေးကွာလေလေ၊ ဝမ်းနည်းလာပြီး သူတို့ကို ပိုပြီး သတိရလေလေ ဖြစ်၏။

ဘစ်လလောက် ခရီးနှင်ပြီးသောအခါ ပြည်နယ်၏ အစွန်အဖျားသို့ ရောက်လာကြသည်။ ရှေ့တွင် သဲကန္တာရကြီးက ကာဆီးနေချေသည်။

အနာဂတ်၏ ကံကြမ္မာကို သူတို့နှစ်ဦး စောင့်ကြိုနေခြင်းလား၊ သူတို့နှစ်ဦး၏ ကံကြမ္မာက အနာဂတ်ကို စောင့်ကြိုနေခြင်းလား မသိတော့ပါပေ ...

❖❖❖❖❖

စာစဉ်(၃) ပြီး၏။

စာစဉ်(၄) ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ် နေလင်းအောင်